# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်   ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့   အတွဲ (၅၉)၊ အမှတ် (၃၄၂)


# ပြည်သူသို့ အသိပေးပန်ကြားချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ မှ**

## ပြည်သူသို့ အသိပေးပန်ကြားချက်

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၈ ရက်)

၁။ ရခိုင်ပြည်နယ်တွင် ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော COVID–19 ရောဂါ အတည်ပြုလူနာမှ ဆင့်ပွားကူးစက်သူအချို့သည် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိနေကြောင်း စိစစ်တွေ့ရှိမှုအရ ၁၀–၈–၂၀၂၀ ရက်နေ့မှ စတင်ပြီး ရခိုင်ပြည်နယ်မှ နေပြည်တော်၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများ၊ နေပြည်တော်၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး မိမိနေရပ်သို့ ပြန်လည်ရောက်ရှိသူများသည် သက်ဆိုင်ရာ တာဝန်ရှိသည့်ဌာန၊ အဖွဲ့အစည်းများနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းပို့ကြရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ၂၆–၈–၂၀၂၀ ရက်စွဲပါ ပြည်သူသို့ ပန်ကြားချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ လေယာဉ်ဖြင့် ခရီးသွားရောက်ခဲ့သူ ၅၄၀၉ ဦးရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တယ်လီဖုန်းဖြင့် ဆက်သွယ်မှု ရရှိခဲ့သူ ၂၆၂၂ ဦးအနက် ၁၅၇၄ ဦးသာ သက်ဆိုင်ရာတာဝန်ရှိသည့်ဌာန၊ အဖွဲ့အစည်းများနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းပေးပို့ခဲ့ပြီး ကျန်ရှိသူများမှာ ဆက်သွယ်မရခြင်းနှင့် သတင်းပေးပို့ခြင်းများမရှိကြောင်း သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်မှ နေပြည်တော်၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိသူများအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်းများနှင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ ၁၁–၉–၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး ကိုယ်တိုင်မပျက်မကွက် သတင်းပို့ကြရန်ဖြစ်ပါသည်။ ကာယကံရှင်များ ကိုယ်တိုင်သော်လည်းကောင်း၊ ကာယကံရှင်မည်သူဖြစ်သည်ကို သိလျက်နှင့် ဖုံးကွယ်ထားသူများအနေဖြင့် သော်လည်းကောင်း ယင်းနေ့နောက်ဆုံးထားပြီး သတင်းပို့ရန် ပျက်ကွက်ကြောင်း တွေ့ရှိလျှင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲနှင့် ပထမစုံညီအစည်းအဝေးတက်ရောက်




ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားနှင့် ပထမစုံညီအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော်  စက်တင်ဘာ ၈**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားနှင့် ပထမ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဗီယက်နမ် ယဉ်ကျေးမှုအနုပညာ အဆိုအက၊ AIPA Song တို့ဖြင့် တင်ဆက်ဖျော်ဖြေကြပြီး အိမ်ရှင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်နှင့် အာဆီယံပါလီမန်များ ညီလာခံအလှည့်ကျဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madam Nguyen Thi Kim Ngan တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်အမှာစကား ပြောကြားကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

**မြန်မာ့အလင်း**

# ပြည်လုံးကျွတ် ကိုဗစ်ကင်းစင်ရေးနှင့် ဒီမိုကရေစီရေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အရ ၂၀၂၀ နိုဝင်ဘာတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းရပ်များကို ယနေ့ပင် စတင်လှုပ်ရှားဆောင်ရွက်လာကြသည်ကို တွေ့ရပါသည်။ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊ ထောက်ခံအားပေးကြသည့် လူထုအစိတ်အပိုင်းများ စသည်ဖြင့် လှုပ်လှုပ်ရှားရှားရှိနေကြသည်ကို လမ်းများပေါ်မှာ၊ လူမှုကွန်ရက်များပေါ်မှာ မြင်ရသည်မှာ မြန်မာ့ဒီမိုကရေစီရေးအတွက် အားတက်ဝမ်းမြောက်စရာဟု ရှုမြင်ပါသည်။

ဒီမိုကရေစီစနစ်ထူထောင်ရာတွင် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများနှင့် ဆန္ဒမဲပေးကြမည့် ပြည်သူများဟူသည် အရေးကြီးလှသည့် အခန်းကဏ္ဍများတွင် ရှိနေပါသည်။ ဒီမိုကရေစီတည်တံ့ခိုင်မြဲရေး၊ ဒီမိုကရေစီတိုးတက်မြင့်မားရေး အစရှိသည်တို့သည် နိုင်ငံရေးခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမှု၊ ရင့်ကျက်မှု၊ နိုင်ငံအပေါ်ထားရှိသည့်စေတနာ စသည်တို့နှင့်အတူ ပြည်သူလူထု၏ နိုးကြားတက်ကြွမှုတို့ပေါ်မှာ များစွာတည်မှီနေပါသည်။

ယခုကဲ့သို့ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုတို့ တက်ကြွလှုပ်ရှားရှိနေသည်မှာ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အသေအချာလျှောက်လှမ်းနေပြီဆိုသည့် အဓိပ္ပာယ်လည်း ဖြစ်ပါသည်။ ဤဒီမိုကရေစီလမ်းကြောင်းပေါ်မှ မည်သည့်နည်းနှင့်မှ တွန်းဖယ်ချ၍ မရနိုင်ပြီဟု စွဲမှတ်မိပါသည်။

အခြားတစ်ဖက်တွင်မူ နိုင်ငံတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ပြန့်ပွားမှုသည် ဖြည်းဖြည်းချင်း တိုးလာနေဆဲဖြစ်နေလေရာ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ယခင်နှစ်များကလို လူစုလူဝေးဖြင့် အုတ်အုတ်ကျက်ကျက် ခြိမ့်ခြိမ့်သဲသဲတော့ မလုပ်နိုင်ကြတော့။ သို့သော်လည်း ခေတ်မီနည်းပညာတို့၏ တိုးတက်မြင့်မားလာမှုအကူအညီဖြင့် လူမှုကွန်ရက်၏ နယ်ပယ်ကျယ်ပြန့်မှုတွင် လူချင်းကာယကံမြောက်တိုက်ရိုက်ထိတွေ့၍ မရကြသော်လည်း တိုက်ရိုက်ပြောဆိုဆက်ဆံ ရှင်းလင်းနိုင်သည်ကို တွေ့ရပါသည်။

နည်းပညာအကူအညီဖြင့် ပုံမှန်ထက်ပို၍ လူများစွာနှင့် ပြောဆိုဆက်ဆံနိုင်သည့် အခွင့်အရေးကမူ အားသာချက်ဟု ဆိုရပါမည်။ သို့သော်လည်း ပေါ့ပေါ့ဆဆ သဘောထား၍ မရသည့် ရောဂါပိုးပျံ့နှံ့နေမှုကို နိုင်ငံရေးပါတီများကရော ပြည်သူလူထုကပါ အလေးဂရုပြုကြရမည်ဟု သဘောရပါသည်။

ရခိုင်ပြည်နယ်တွင် ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသည့် အတည်ပြုရောဂါပိုးရှိသူမှ ဆင့်ပွားကူးစက်သူအချို့သည် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများသို့ ရောက်ရှိနေကြောင်း စိစစ်တွေ့ရှိထားကြောင်း၊ ထိုသို့ ရခိုင်ပြည်နယ်မှ အကြောင်းအမျိုးမျိုးဖြင့် ဒေသအသီးသီးသို့ ရောက်ရှိကြသူများကို သက်ဆိုင်ရာတာဝန်ရှိသည့် ဌာနအဖွဲ့အစည်းများနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများကို သတင်းပို့ကြပါရန် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ကြေညာထားပါသည်။

၎င်းသတင်းထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ခရီးသွားရောက်ခဲ့သူ ၅၄၀၉ ဦးအနက် ဆက်သွယ်ရရှိခဲ့သူ ၂၆၂၂ ဦးရှိပြီး ယင်းတို့ထဲမှ ၁၅၇၄ ဦးသာ သက်ဆိုင်ရာတာဝန်ရှိဌာန၊ အဖွဲ့အစည်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပို့ကာ၊ ကျန်သူများမှာ လုံးဝ အဆက်အသွယ်မရကြောင်း၊ သတင်းမပို့ကြကြောင်း ကြေညာထားပါသည်။

ထိုသူများအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၁ ရက် နောက်ဆုံးထား၍အထက်ဖော်ပြပါ ဌာနအဖွဲ့အစည်းများသို့သတင်းပေးပို့ကြပါရန်နှင့် သတင်းမပို့သူ ကာယကံရှင်ဖြစ်စေ၊ သိပါလျက် ဖုံးကွယ်ထားသူဖြစ်စေ ၎င်းတို့ကို ဥပဒေကြောင်းများအရ အရေးယူသွားမည်ဟု အသိပေးပန်ကြားထားပါသည်။

ယနေ့အခြေအနေက ရောဂါပိုးနှင့် ပတ်သက်၍ သတိကြီးစွာထားနေရသည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများကို လိုက်နာကြရန်လိုပါသည်။ ယင်းသို့ သတိဖြင့် ကာကွယ်နေထိုင်ခြင်း၊ စည်းကမ်းဥပဒေများကို လိုက်နာခြင်း စသည်တို့အားဖြင့် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ကာ ဘေးကင်းလုံခြုံစွာ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပကြနိုင်မည် ဖြစ်ပါသည်။

ပြည်သူလူထု ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်မှုဖြင့် ကပ်ရောဂါဘေးကင်းဝေးကာ လွတ်လပ်တည်ငြိမ်အေးချမ်းသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် ကြီးစွာသောအထောက်အပံ့များ ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။ ။

# နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID–19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ(၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း–Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ(၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေ သတ်မှတ်ရာ၌–

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀) ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀) ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာ ပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး (Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရ လည်းကောင်း၊ လူသားချင်းစာနာသောရှုထောင့်မှ လည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ(Referral Letter) ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သော လူနာများအား နေပြည်တော်အဝင်ဂိတ်များတွင် ခြွင်းချက်ဖြင့် လူနာနှင့် လူနာစောင့် (၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆေးရုံများရှိ သီးခြားဆောင် (Isolation room) တွင် ထားရှိ၍ COVID–19 ဓာတ်ခွဲနမူနာ အခမဲ့စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့ရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော် စက်တင်ဘာ ၈**

၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ပြည်တွင်းလေကြောင်း ခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများစာရင်းကို မြန်မာ့အလင်းနှင့် ကြေးမုံ နေ့စဉ်ထုတ်သတင်းစာများ၌ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် အချပ်ပိုစာမျက်နှာများဖြင့် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ကာယကံရှင်များအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှု ခံယူရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးနှိုးဆော်ပန်ကြားထားသဖြင့် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**




## ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**

# ကိုဗစ် – ၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ရေကြည်မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့

**ရေကြည် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများအား မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ငါးမွေးမြူရေးလုပ်ငန်း အဆင်ပြေစေရန်အတွက် ယမန်နေ့က မျှော့တူငါးမွေးကန်၊ ကျောက်ခဲချောင်းကျေးရွာနှင့် ကုန်းပြင်ကျေးရွာရှိ ငါးမွေးတောင်သူများထံသို့ သွားရောက်ကာ ငါးသားပေါက်များ အခမဲ့ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သွားရောက်ထောက်ပံ့ပေးအပ်ရာတွင် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးလွင်နှင့် ဝန်ထမ်းများ၊ ငါးမွေးတောင်သူများ တက်ရောက်ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ငါးမွေးတောင်သူ ခြောက်ဦးထံသို့ ငါးကန်တစ်ကေလျှင် ငါးသားပေါက်အကောင်ရေ ၂၀၀၀ နှုန်းဖြင့် ငါးမွေးကေ ၈၃ ဒသမ ၃၈ ကေအတွက် ငါးမြစ်ချင်းသားပေါက် အကောင်ရေ ၁၆၆၇၆၀ ကို ပထမအကြိမ် အခမဲ့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **အောင်သူဟန် (ပြန်/ဆက်)**

❍ ရှေ့ဖုံးမှ

ဆက်လက်၍ အထွေထွေညီလာခံ၏ ပထမစုံညီအစည်းအဝေး၌ AIPA အဖွဲ့ဝင်လွှတ်တော်ဥက္ကဋ္ဌများက အလှည့်ကျ မိန့်ခွန်းပြောကြားရာတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးတီခွန်မြတ်က ယနေ့အချိန်အခါသည် အာဆီယံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် AIPA အဖွဲ့ဝင်လွှတ်တော်များက ဆက်လက်ကြိုးပမ်းအားထုတ်ရမည့် အချိန်အခါဖြစ်ကြောင်း၊ ဒေသတည်ငြိမ်ရေးနှင့် သာယာဝပြောစည်ပင်ရေးတို့အတွက် နိုင်ငံပေါင်းစုံပါဝင်မှု၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် တရားဥပဒေအား အပြည့်အဝ လေးစားလိုက်နာရေးတို့ကို တိုးမြှင့်လုပ်ဆောင်ကြရန် အရေးကြီးကြောင်း၊ ၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (ASEAN Community Vision 2025) အောင်မြင်ရေးအတွက် အားလုံးပါဝင်ပူးပေါင်းကြရန်လည်း အရေးကြီးကြောင်း၊ ကမ္ဘာလုံးနှင့် ဒေသဆိုင်ရာအခြေအနေများတွင် ရှုပ်ထွေးသည့် အပြောင်းအလဲများကို ထိရောက်စွာ တုံ့ပြန်နိုင်မှသာ အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်းနှင့် AIPA အနေဖြင့် နိုင်ငံတကာ ပါလီမန်အဖွဲ့အစည်းများနှင့်လည်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် အထူးလိုအပ်ကြောင်းတို့ကို အလေးထားပြောကြားသည်။ ထို့နောက် ပထမစုံညီအစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းခဲ့သည်။




AIPA လူငယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်နှင့် ဒေါက်တာစိုးမိုးသူတို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်




AIPA အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး (WAIPA) တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

ယင်းနောက် အာဆီယံပါလီမန်များ ညီလာခံ၏ ကော်မတီအစည်းအဝေးများဖြစ်ကြသော AIPA အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး (WAIPA) တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တို့ ပါဝင်တက်ရောက်ကြပြီး အစည်းအဝေးတွင် "Promoting the role of women parliamentarians in securing jobs and income for women workers" အဆိုကို ဆွေးနွေးအတည်ပြုကြသည်။

ဆက်လက်၍ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသော AIPA လူငယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးနိုင်ထူးအောင်နှင့် ဒေါက်တာစိုးမိုးသူတို့ ပါဝင်တက်ရောက်ကြပြီး အစည်းအဝေးတွင် The engagement of AIPA young parliamentarians in ASEAN Community building အဆိုကို ဆွေးနွေးအတည်ပြုကြသည်။

**ဆက်လက်ကျင်းပသွားမည်**

(၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံကို "Parliamentary Diplomacy for a Cohesive and Responsive ASEAN Community" ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်ထိ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၉ ရက်တွင် ကျန်ရှိသည့် AIPA ကော်မတီအစည်းအဝေးများကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ "အနာဂတ်မျှော်တွေး စဉ်ဆက်ပညာရေး" တေးသရုပ်ဖော် ဗီဒီယိုဖြင့် အခမ်းအနားကို ဂုဏ်ပြုဖွင့်လှစ်သည်။

**စိန်ခေါ်မှုများ ပိုမိုများပြားလာ**

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီးက ၁၉၆၇ ခုနှစ်မှစ၍ ကျင်းပလာခဲ့သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်အစဉ်အလာမပျက် ကျင်းပသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ယနေ့ကျင်းပနေသည့် ၂၀၂၀ ပြည့်နှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အချိန်ကာလတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိနေဆဲဖြစ်ပါကြောင်း၊ ယခု ကိုဗစ်ကမ္ဘာ့ကပ်ရောဂါကူးစက်မြန်သည့် အခြေအနေကြောင့် လက်ရှိစာတတ်မြောက်မှုအခြေအနေ၊ ကျောင်းပညာရေး၊ တစ်သက်တာသင်ယူရေး အခွင့်အလမ်းများကို စိန်ခေါ်မှုများ ပိုမိုများပြားလာစေပါကြောင်း။

ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာအနှံ့စာသင်ကျောင်းများ၊ အခြားပညာသင်ယူခွင့်ရသည့်နေရာများ ပိတ်ထားခဲ့ရပြီး နိုင်ငံပေါင်း ၁၉၀ ကျော်က ပညာသင်ယူနေသူပေါင်း ၁ ဒသမ ၆ ဘီလီယံနီးပါးနှင့် အခြေခံပညာ ဆရာ ဆရာမ ၆၃ သန်းခန့်အပေါ် သက်ရောက်မှုရှိခဲ့ပါကြောင်း၊ ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးသော သင်ယူမှုအခွင့်အလမ်းဆုံးရှုံးမှုကြီးကို ဖြစ်ပေါ်စေခဲ့ကြောင်းကို ကုလသမဂ္ဂကမ္ဘာ့ပညာရေးအဖွဲ့များ၏ ဆန်းစစ်ချက်များတွင် ဖော်ပြထားပါကြောင်း။

**သင်ယူမှုအခွင့်အလမ်းများ**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံပေါင်း ၁၆၅ နိုင်ငံရှိ မူလတန်းကျောင်းသား ၆၃ သန်းတို့သည်လည်း နစ်နာဆုံးရှုံးမှုများနှင့် ကြုံတွေ့လာရပါကြောင်း၊ အဝေးသင်ပညာရေး အစီအစဉ်များသည်လည်း ကလေးငယ်များ၊ လူငယ်များအတွက် ကျောင်းသင်ပညာရေးကဲ့သို့ အရေးပါလာသလို အွန်လိုင်းသင်ယူမှုနှင့် အွန်လိုင်းသင်ခန်းစာများ၊ ပုံနှိပ်ဖြန့်ဝေခြင်းများ၊ တီဗွီ၊ ရေဒီယို စသည့်အသံလွှင့်အစီအစဉ်များနှင့် ဖြစ်နိုင်သည့် သင်ယူမှုအခွင့်အလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်လာခဲ့ကြပါကြောင်း။

အထူးသတိပြုသင့်သည်မှာ ယခုလို သင်ယူမှုဆုံးရှုံးရခြင်း၏ သက်ရောက်မှုကို အလျင်အမြန် တုံ့ပြန်ကုစားမှု မပြုနိုင်ကြလျှင် အနာဂတ်မျိုးဆက်များ အပေါ်ပါ ခြိမ်းခြောက်လာနိုင်ပြီး ဆယ်စုနှစ်ချီသည့် ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ထိခိုက်နစ်နာဆုံးရှုံးမှု များပြားစေနိုင်သည့်အချက်ဖြစ်ပါကြောင်း၊ ယခုလို စိန်ခေါ်မှုများနှင့်အတူ တစ်ဖက်တွင်လည်း သင်ယူရေးနှင့် လေ့ကျင့်ရေးအခွင့်အလမ်းများ ဆက်လက်ဖြစ်ပေါ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာလ လူနေမှုပုံစံသစ် (New Normal)နှင့်အတူ သင်ယူမှုပုံစံသစ်(New Learning Model) များကိုလည်း ICT နည်းပညာများ၊ မီဒီယာနည်းပညာများအပေါ် အခြေခံပြီး ကမ္ဘာ့နိုင်ငံများနှင့် ပညာရေးအသိုင်းအဝိုင်း တစ်ခုလုံးက တီထွင်ကြံဆဖော်ထုတ်ဖြေရှင်းလာကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ သင်ယူမှုပုံစံသစ်များဖြင့် အရည်အသွေးရှိသော ပညာရေးအတွက် စနစ်တကျပြန်လည်ကုစားပြီး အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်နေ ခြင်းနှင့်အတူ "မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး" ရည်မှန်းချက်ကို အောင်မြင်ပေါက်မြောက်စေရေးတို့အတွက် သင်ယူမှုအခွင့်အလမ်းရရှိရန်၊ အခက်အခဲရှိ၍ ထိခိုက်နစ်နာဆုံးရှုံးနိုင်သော ကလေး၊ လူငယ်များကို ဦးစားပေးဖြည့်ဆည်းပံ့ပိုးပေးရန်၊ ပြောင်းလဲလာသည့် သင်ယူမှုပုံစံသစ်များအတွက် ဆရာ ဆရာမများ မွမ်းမံသင်တန်း ဆောင်ရွက်ပေးရန်၊ သင်ယူမှုစဉ်ဆက်မပြတ်ရှိစေရန်နှင့် ပိုမိုကောင်းမွန်လာရန်အတွက် နည်းပညာနှင့် အခြေခံအဆောက်အအုံများ စနစ်တကျ ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ကို အဓိကပိုမိုအလေးထားသင့်ပါကြောင်း၊ ယခု ကြုံတွေ့နေရသည့် သင်ယူမှုအခွင့်အလမ်းရရှိရေး အခက်အခဲများကို လာမည့်မျိုးဆက်သစ်များအထိ မထိခိုက်စေရေး၊ အားလုံးအတူတူ ပူးပေါင်း၍ စုပေါင်းအင်အားဖြင့် အလျင်အမြန်ဝိုင်းဝန်းဆောင်ရွက်သင့်ကြောင်းကို ကုလသမဂ္ဂမူဝါဒအစီရင်ခံစာတွင် တိုက်တွန်းထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**အတွေ့အကြုံများစွာရရှိ**

ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်တားဆီးရေး ချမှတ်ထားသည့် လူအုပ်စုမဖြစ်ပေါ်ရေး၊ နှာခေါင်းနှင့် ပါးစပ်တို့ကို မတ်စ်ခ် လုံခြုံစွာတပ်ဆင်ရေး၊ တစ်ဦးနှင့် တစ်ဦး learning distancing အနည်းဆုံး ခြောက်ပေခြားရေး၊ ကိုယ်ပူချိန်တိုင်းတာရေး၊ စနစ်တကျ စက္ကန့် ၂၀ ကြာ လက်ဆေးရေး စသည်တို့အပါအဝင် သတ်မှတ်စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာပြီး သင်ယူမှုမဆုံးရှုံးရေး စီမံဆောင်ရွက်ခြင်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပံ့ပိုး၍ ဆန်းသစ်ထိရောက်သော သင်ကြားသင်ယူမှုနည်းလမ်းများဖြင့် စာသင်ခန်းအတွင်း၌ ကျောင်းသားဦးရေနည်းနည်းဖြင့် သင်ယူခြင်း (Small group learning)၊ အိမ်တွင် မိဘမိသားစုအကူအညီဖြင့် သင်ယူခြင်း၊ အွန်လိုင်း၊ အော့ဖ်လိုင်း၊ ပေါင်းစပ်သင်ယူခြင်း၊ TV နှင့် Radio ထုတ်လွှင့်မှုအစီအစဉ်များဖြင့် သင်ယူခြင်း၊ ကျောင်းတက်ချိန်ကိုလည်း တစ်ပတ်ခြား၊ တစ်ပတ်ခြား နှစ်သုတ်တက်၊ တစ်ပတ်ခြား နှစ်သုတ် သုံးရက်တက် စီစဉ်ခြင်း စသည့်သင်ကြားသင်ယူမှု ပုံစံသစ်များဖြင့် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများစွာရရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုလိုပြောင်းလဲလာသည့် သင်ကြားသင်ယူမှုပုံစံသစ်များနှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန်အတွက် ဆရာဆရာမများကို သင်ကြားသင်ယူမှုပုံစံသစ်များနှင့် လိုက်လျောညီထွေရှိမည့် သင်ပြနည်းသစ်များကို အသုံးချနိုင်ရေးအတွက် လေ့ကျင့်ပေးရန်၊ လိုအပ်ချက်များသော အခက်အခဲရှိသည့်ဒေသများ ပိုမိုဖြည့်ဆည်းရန်၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းရန်တို့ကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းကူညီဆောင်ရွက်**

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ယူနက်စကိုက ထုတ်ပြန်ထားသည့် Literacy teaching and learning in the COVID-19 crisis and beyond – The role of educators and changing pedagogies "COVID-19 ကာလနှင့် အလွန်မှာ၊ ဆန်းသစ်ထိရောက်သော သင်ကြားသင်ယူမှုနည်းလမ်းများ အသုံးချလို့၊ စာတတ်မြောက်ရေး ဆောင်ရွက်စို့" ဟူသော ဦးတည်ချက်နှင့်အညီ ကိုဗစ်-၁၉ ကာလနှင့် အလွန်ကာလများတွင် ဆရာဆရာမများအား သင်ကြားသင်ယူမှု နည်းလမ်းသစ်များအတွက် လေ့ကျင့်ပေးခြင်း၊ ပညာရေးအရည်အသွေးပိုမိုကောင်းမွန်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို စုပေါင်းအင်အားနှင့် အတူတူအားဖြည့်၍ ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း Video Conferencing စနစ်ဖြင့် အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ၂၀၂၀ပြည့်နှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဆိုင်ရာ Concept Note ကို ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် "စေတနာပန်းတို့လန်းရာမြေ" ဂုဏ်ပြုတေးသရုပ်ဖော်ဗီဒီယိုပြသ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**



❊ ကျောဖုံးမှ

လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သက်ဆိုင်ရာမြို့နယ်များအတွက် ကိုဗစ် - ၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းများကို ပေးအပ်သည်။

အဆိုပါ အခမ်းအနားများတွင် ကျိုင်းတုံမြို့နှင့် နမ့်စန်မြို့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးအထောက်အကူပြုပစ္စည်းများကို တစ်မြို့လျှင် Surgical Mask ၂၀၀၀၀၊ Personal Protective Equipment (PPE) ဝတ်စုံ ၃၀၀၊ N 95 Mask ၁၀၀၀၊ Face Shield ၂၅၀၊ Sodium Hypo-chloride (15L) ခြောက်ပုံး၊ Examination Glove ၁၀၀၀၊ Hand Gel ၁၅၀ နှင့် Hand Sanitizer ဘူး ၁၅၀ တို့ကိုလည်းကောင်း၊ စားသောက်ဖွယ်ရာများ၊ တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ရာ ကျိုင်းတုံမြို့ မြို့မိမြို့ဖများဖြစ်သည့် ဦးစိုင်းတစ်အောင်၊ ဦးဟောင်ခမ်းနှင့် ဦးဆမ်သန်းတို့နှင့် နမ့်စန်မြို့ မြို့မိမြို့ဖများဖြစ်သည့် ဦးစိုင်းလိတ်၊ ဦးခွန်ကျော်လှ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်စည် တို့က အသီးသီး လက်ခံရယူကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မူးယစ်ဆေးဝါး ဖမ်းဆီးရာတွင် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အေးသိန်းနှင့် လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင့်ဇော်ဦးတို့က လက်ခံရယူကြသည်။

ကျိုင်းတုံမြို့ တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ကျက်သရေဆောင် နောင်တုံရေကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ ကက်သလစ်ကျောင်း၊ နှစ်ခြင်းကျောင်း၊ မိုးကောင်းမြို့နယ်ရှိ မဟောင်နှစ်ခြင်း (နောင်ကိုင်တော်)၊ မိုးကောင်းနှစ်ခြင်း (ကျွန်းတော) နှင့် နှစ်ခြင်းမူကြိုကျောင်း(နတ်ကြီးကုန်း) စုစုပေါင်း IDP စခန်း ငါးခုသို့ သွားရောက်၍ ထုံးအိတ် ၅၀ နှင့် ဆပ်ပြာ ၂၅၁၂ ခဲတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဝိဘဇ္ဇဝါဒီကျောင်းတိုက်၊ ဓမ္မရာမကျောင်းတိုက်၊ နန်းရွှေဂူကျောင်းတိုက်၊ မဏိရတနာကျောင်းတိုက်၊ ဗုဒ္ဓေါမော်ကျောင်းတိုက်၊ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းတိုက်၊ မဟာဇေယျသိဒ္ဓိပဋ္ဌာန်း ကျောင်းတိုက်၊ မဟာဝိဇေယျာရာမ ကျောင်းတိုက်၊ ဆုတောင်းပြည့် ကျောင်းတိုက်၊ ဒက္ခောင်းကျောင်းတိုက်၊ တေဇာရာမ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ အလိုတော်ပြည့် ကျောင်းတိုက်၊ မဟာသိမဝံသ ကျောင်းတိုက်၊မေယုဓမ္မစက္ကူကျောင်း၊ ဥဿလင်း ကျောင်းတိုက်၊ သောဘိတာရာမကျောင်းတိုက်၊ ရွှေပြည်အေးကျောင်းတိုက်၊ ရွှေပြည်သာကျောင်းတိုက်၊ စည်ပင်သာယာကျောင်းတိုက်၊ ကျေးတောရွာမ ကျောင်းတိုက်၊ လရောင်ဝင်း ဘုန်းကြီးကျောင်းနှင့် ငါးစင်ရိုင်းကျောင်းတိုက် စုစုပေါင်း ယာယီတိုက်ပွဲရှောင်စခန်း ၂၂ ခုသို့ သွားရောက်၍ ဆပ်ပြာ ၄၄၀၈ ခဲနှင့် ထုံးအိတ် ၄၁၀ တို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။ **(အပေါ်ပုံ)**

ထို့အတူ စက်တင်ဘာ ၇ ရက်တွင် ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ အမှတ် (၁) စခန်း၊ အမှတ် (၂) စခန်း၊ ကာမိုင်းမြို့နယ်ရှိ လိုင်နှောင်းနှစ်ခြင်း၊ မိုးညှင်းမြို့နယ်ရှိ ကက်သလစ်စိန်ပထရစ် ဘုရားကျောင်းနှင့် နန့်မွန်းနှစ်ခြင်း စုစုပေါင်း IDP စခန်း ငါးခုနှင့် ဖားကန့်မြို့နယ်ရှိ လဝါးအာရ်စီ၊ နန့်စီးအင် ထွယ်ဆန်ယန်၊ ကနိုင်းမြို့နယ်ရှိ KBC ၊ RC ၊ COC ၊ AG စုစုပေါင်း ယာယီတိုက်ပွဲရှောင်စခန်း ခြောက်ခုသို့ သွားရောက်၍ ထုံးအိတ် ၁၁၀ နှင့် ဆပ်ပြာ ၃၉၂၆ ခဲတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ ယှဉ်ပြိုင်မှု ရိုက်ကူးရေး အစီအစဉ်များကို ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ယမန်နေ့က စတင်ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

မြန်မာ့ရုပ်ရှင်ရာပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အဖွဲ့ (၈) ဖွဲ့ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပထမအဆင့် ပြိုင်ပွဲများကို ယမန်နေ့ကလည်းကောင်း၊ ဒုတိယအဆင့်ပြိုင်ပွဲများကို ယနေ့တွင်လည်းကောင်း ယှဉ်ပြိုင်ကြကာ ဗိုလ်လုပွဲအဆင့် ယှဉ်ပြိုင်မှုများကို စက်တင်ဘာ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ ပူးပေါင်းစီစဉ်ထားပြီး မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆက်စပ်ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသနိုင်ရေး စီစဉ်ထားရှိကြောင်း သိရသည်။

**တင်ကိုဝင်း (FDC)**

# ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ် နှာခေါင်းစည်း ၁၂၀၀၀ အခမဲ့ပေးဝေ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက် ပြန့်ပွားခြင်းမှ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ပြည်သူများ စနစ်တကျလိုက်နာစေရေးအတွက် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများဖြင့် စည်ကားများပြားသည့် ဒလသင်္ဘောဆိပ်ကမ်း၊ မြို့နယ်အတွင်းရှိ ဈေးများအားလုံး၊ စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်တို့၌ တစ်ပြိုင်နက်တည်း ကျန်းမာရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ တပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်၍ နှာခေါင်းစည်းများကို အခမဲ့ပေးဝေသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားမှုဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်စေချင်သူများ (ကွန်ရက်) ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ We Love Dala အဖွဲ့နှင့် အလှူရှင်များ ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရန် ခရီးသွားပြည်သူများကို အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း ၁၂၀၀၀ ကို ပေးဝေကြသည်။

ဒလမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေးနှိုးဆော်မှုများနှင့်အတူ နေအိမ်ပြင်ပမဖြစ်မနေသွားလာသူများအား နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ဒလမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု ထိန်းချုပ်ရေး ကာလအတွင်း လူစုလူဝေး မဖြစ်စေရေးအတွက် စက်တင်ဘာ ၈ ရက်မှစ၍ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ထမင်းဆိုင်များအား ဆိုင်ထိုင်စနစ်ဖြင့် ရောင်းချခြင်းမပြုလုပ်ဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန်၊ လမ်းဘေးဈေးရောင်းချသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ရောင်းချရန်၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **နိုင်လင်းကျော် (ဒလ)**



# ကျောင်းကုန်းမြို့ရှိ စားသောက်ဆိုင်များအား စည်းကမ်းချက်နှင့်အညီ ရောင်းချမှု ရှိ/မရှိ စစ်ဆေး

**ကျောင်းကုန်း စက်တင်ဘာ ၈**

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လိုင်စင်ထုတ်ပေးထားသော စားသောက်ဆိုင်များ၊ ထမင်းဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအနေဖြင့် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ/မရှိ ယမန်နေ့က စစ်ဆေးကြသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမင်းမင်းဗိုလ်၊ မြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာဂျေကမ္ဘာငြိမ်းချမ်းနှင့် သူနာပြုများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်မြမြသင်းနှင့် အဖွဲ့များပါဝင်ပြီး ဆိုင်များ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက





## ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်ရှိ ဂေဟာ/ရိပ်သာများသို့ ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၈**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (CERP) အရ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ဂေဟာ/ရိပ်သာများသို့ ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် Online စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်က အမှာစကား ပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ နှစ်စဉ်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ယခုအခါတွင်လည်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ဂေဟာ/ ရိပ်သာများသို့ ငွေကြေး တစ်ကြိမ် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနသည် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ရပ်ရွာအတွင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ အမျိုးသမီး ဂေဟာများ၊ မသန်စွမ်းဂေဟာများ၊ ဘိုးဘွားရိပ်သာများ စသည်ဖြင့် မိမိတို့၏ စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့် ကိုယ့်အားကိုယ်ကိုး ဖွဲ့စည်းတည်ထောင်မှုကို နိုင်ငံတော်မှ အသိအမှတ်ပြုသည့်အနေဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် ဦးစီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာကူညီပေးခြင်းများပါ ဆောင်ရွက်ပေးနေပါကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းရုံးများမှလည်း ပရဟိတဂေဟာများ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားတင်ပြနိုင်ရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အရ ထိခိုက်လွယ်အုပ်စုများဖြစ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ထောက်ပံ့ရန် လိုအပ်သော အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများ၊ မသန်စွမ်းသူများ၊ သက်ကြီးဘိုးဘွားများ၊ တိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ပေးသည့် အစီအစဉ်များဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ကာလတွင် ဂေဟာ /ရိပ်သာများ အနေဖြင့်လည်း အခက်အခဲများ ကြုံတွေ့လာရနိုင်သော အခြေအနေရှိသည့်အတွက် အထောက်အကူဖြစ်စေရန် ဂေဟာ/ ရိပ်သာများတွင် စောင့်ရှောက်ထားသူများအား စားစရိတ်ထောက်ပံ့ပေးသည့်အနေဖြင့် ငွေကြေးတစ်ကြိမ် ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်နှင့် ကယားပြည်နယ် ဦးစီးမှူးများက ဂေဟာ/ရိပ်သာများအား ထောက်ပံ့ငွေများပေးအပ်ပြီး ကချင်ပြည်နယ်မှ ခရစ်ယာန် မျက်မမြင်ကျောင်း ကျောင်းအုပ်ကြီး ဦးလမုန်ဂန်ဖန်နှင့် ကယားပြည်နယ်မှ ပြည်နယ်ဘိုးဘွားရိပ်သာ ဂေဟာမှူး ဦးမြင့်သူ တို့က ဂေဟာရိပ်သာများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စန်းမောင်မြင့်ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း (၂၇) ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ စနစ်တကျ ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၈**

"စန်းမောင်မြင့်ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" က ကြီးမှူးပြုလုပ်မည့် (၂၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ သူနာပြုတက္ကသိုလ် ၌ စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ နှင့် စက်တင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီအထိ ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ စနစ်တကျ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေး ထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" မှ အမှတ်တရလက်ဆောင်များ (ခေါက်ထီး၊ လက်ဆွဲအိတ်ငယ်၊ လက်သန့်ဆေးရည်၊ Cotton Mask ၊ သဒ္ဓါရှင်တစ်ဦးက လှူဒါန်းသော ငွေသား) တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်သူများအနေဖြင့် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" ၀၉-၄၄၉၂၅၃၇၆၇ ၊ ၀၉-၆၉၅၁၃၅၅၁၅ ဖုန်းနံပါတ်များသို့ စက်တင်ဘာ ၁၈ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၈**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ပုသိမ်ကြီး(ရွှေစာရံ)တွင် ၁ ဒသမ ၇၂ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၁ ဒသမ ၆၈ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကတိုင်တိတွင် ၁ ဒသမ ၂၇ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)တွင် ၁ ဒသမ ၂၅ လက်မနှင့် ကြာအင်းဆိပ်ကြီးမြို့နှင့် ကျိုက်ဒုံမြို့တို့တွင် ၁ ဒသမ ၂၀ လက်မစီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

## နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် – မန္တလေး အမြန်လမ်းနှင့် လမ်းဟောင်း တချို့နေရာများတွင် ကားပေါ်မှ ဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ်ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက်ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့် ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး ၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်သြခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူ လူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့်လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်းဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ၇ ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ၊ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန်ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ ၂ ပတ်၊ ၃ ပတ်ခန့်အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျလိုက်နာကြရန်၊ မဖြစ်မနေပြင်ပသို့ သွားရောက်ရပါက Mask များ၊ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှု မြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

■ *ကျော့ဖုံးမှ*

အဆိုပါ ကျန်းမာရေးစစ်ဆေးပေးမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကြည့်ရှုအားပေးသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် တာဝန်ရှိသူများက လေးထောင့်ကန်ရပ်ကွက် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း ခန်းမတွင် မြို့နယ်အတွင်း မော်တော်ယာဉ် ၁၀ စီးဖြင့် ကျန်းမာရေးစစ်ဆေးပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် မွန်းလွဲ ၁ နာရီခန့်တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့အား တွံတေးတူးမြောင်းကို ဖြတ်ကျော်၍ တည်ဆောက်မည့် (ခနောင်တို-တွံတေး)တံတားစီမံကိန်း ဆိပ်ကြီးခနောင်တိုဘက်ခြမ်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိပ်ကြီးခနောင်တိုဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လမ်းပန်းဆက်သွယ်ရေးဖြစ်သည့် တံတားကြီး တည်ဆောက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုများကို ကျေးဇူးတင်ပါကြောင်း၊ ထို့ပြင် ရေကောင်းရေသန့်ရရှိရေး၊ မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တံတားကြီးပြီးစီးသွားပါက ဒီဒေသတွင် နေထိုင်ကြသော ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တံတားဦးစီးဌာနမှ တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် ပန္နက် ရိုက်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကာ စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

**နှစ်လမ်းသွားဖြစ်**

ခနောင်တို - တွံတေး တံတားသည် သံမဏိသံပေါင်တံတား၊ နှစ်လမ်းသွားဖြစ်ပြီး တံတားအရှည် ၇၇၅ မီတာနှင့် အကျယ် ၁၀ မီတာ၊ ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်း အရှည် ၂၅၄၂ ပေရှိရာ ငွေကျပ် ၂၅ ဘီလီယံ ကုန်ကျခံ၍ ဂျပန်နိုင်ငံတွင် နောက်ဆုံး တည်ဆောက်နေသည့် တံတားဒီဇိုင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။




အသက် ၈၀ ရှိသော ဒေသခံ အဘိုးတစ်ဦးက "ရန်ကုန်ကို ရောက်ဖို့ ကားနဲ့သွားရင် နှစ်နာရီလောက် ကြာတယ်။ စက်လှေစီးရင် နာရီဝက်လောက် ကြာတယ်။ တံတားထိုးပြီး သွားရင် ၁၅ မိနစ်အတွင်း ရန်ကုန်ကို ရောက်မှာဆိုတော့ ထပ်ခါထပ်ခါ မက်ခဲ့ရတဲ့ အိပ်မက်လေး အကောင်အထည်ပေါ်လာတော့ ပျော်မိပါတယ်" ဟု ပြောသည်။

**ဆန်းကျော်ဦး( ပြန် / ဆက် )**

# စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖြစ်မြောက်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Video Conferencing စနစ်ဖြင့် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**


စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖြစ်မြောက်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် Video Conferencing စနစ်ဖြင့်ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာ (ချစ်ဦးညို)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမြင့်ထွန်း၊ ဦးသောင်းစုငြိမ်းနှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။ **(အောက်ပုံ)**





ရှေးဦးစွာ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာ (ချစ်ဦးညို) က ဖြစ်မြောက်ရေးကော်မတီတွင် စာရေးဆရာ၊ ထုတ်ဝေသူ၊ စာပေနယ်ပယ် အသီးသီးမှ ဆရာ/ဆရာမများ၊ အိုင်တီပညာရှင်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ စသဖြင့် နယ်ပယ်အသီးသီးကပုဂ္ဂိုလ်များ ပါဝင်နေကြသည့်အတွက် မိမိကျွမ်းကျင်သည့်ကဏ္ဍမှ ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် လုပ်ငန်းအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ရည်ရွယ်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုအချိန်ကာလသည် ကိုဗစ်-၁၉ ကြောင့် လူစုလူဝေးရှောင်ရှားရမယ့်အချိန်ကာလ ဖြစ်နေသည့်အတွက် အစည်းအဝေးတက်ရောက်လာသူများကလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် အပိုင်းမှစ၍ ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ တက်ရောက်လာသူများအားလုံးကလည်း ဝိုင်းဝန်းအကြံပေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းဝေးသို့ တက်ရောက်လာကြသည့် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့် ခွဲသည့် အဖွဲ့အစည်း ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမြင့်ထွန်း၊ ဦးသောင်းစုငြိမ်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးမျိုးအောင်၊ ဒေါ်ဆွေဇင်ထိုက်၊ ဒေါ်သင်းသင်းမာ(ပုညခင်)၊ ဦးအောင်စိုးဦး ၊ ဦးသန်းမောင်(စစ်တွေ)၊ ဦးမြတ်ဝေတိုး (မြတ်ဝေတိုး - ပညာရေးတက္ကသိုလ်)၊ ဦးဝင်းငြိမ်း၊ ဦးနိုင်မောင်၊ ဦးထင်လင်းဦး (Wisdom Villa)၊ ဦးနေမျိုးညွန့်၊ ဦးမြင့်သူ၊ ဦးဇော်ထွဋ်နှင့် အတွင်းရေးမှူး ဒေါ်ယုယုဝင်း (ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန) တို့က ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဖြစ်မြောက်ရေးကော်မတီ၏ လုပ်ငန်းရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆပ်ကော်မတီငါးခု ဖွဲ့စည်းဆောင်ရွက်ရန်၊ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အွန်လိုင်းအသုံးပြု အသိပညာပေး Awareness လုပ်ငန်းများအတွက် အစီအမံများအား ရေးဆွဲရန်တို့ကို ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၈**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan-CERP) အရ ရခိုင်ပြည်နယ်အတွင်းရှိ IDP/ တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာအိမ်ထောင်စုများ စားသောက်ကုန်ငါးမျိုးဝယ်ယူရန် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက်တွင် Virtual Meeting အဖြစ် ကျင်းပသည်။

အဆိုပါ CERP အစီအစဉ်အရ စားသောက်ကုန် ငါးမျိုးဝယ်ယူရန်အတွက် မြောက်ဦးမြို့နယ် ကျောက်ကျပ်အုပ်စု စေတီတောင်ရွာဟောင်းဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၇၆ စု၊ ညောင်ပင်စျေးရပ်ကွက် သျှစ်သောင်းဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၁၄၂၊ ရှော်မယ်အမကရှိ အိမ်ထောင်စု ၅၁ စု၊ မြတန်ဆောင်းဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၂၇၂ စု၊ လက်ကောက်စျေး ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၃၂၇ စု၊ ဘုရားပေါ် ဘုရားသိမ်ရှိ အိမ်ထောင်စု ၈၀၊ ထမ္မရာဇ်မြို့ကွက်သစ်ရှိ အိမ်ထောင်စု ၃၄ စု၊ သံချောင်းကျေးရွာအုပ်စု ပီပင်ရင်းကျေးရွာ ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၄၉၀၊ တင်းထိန်ကန်ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံရှိ အိမ်ထောင်စု ၁၈၈ စု၊ မော်ရွာအုပ်စု စင်းဘောကိုင်းကျေးရွာရှိ အိမ်ထောင်စု ၇၁၁ စု၊ တင်းထိန်ကန်အုပ်စု ရွာသစ်ကေဘုန်းကြီးကျောင်းရှိ အိမ်ထောင် စု ၁၁၄ စု၊ အောင်တပ်ရပ်ကွက် အောင်စေတီဘုရားသိမ်ရှိ အိမ်ထောင်စု ၇၀၊ နရတ်စားဘုရားသိမ်ရှိ အိမ်ထောင်စု ၃၉ စု၊ ဝက်လှကျေးရွာ ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၉၆ စု၊ တိန်ညိုကျေးရွာရှိ အိမ်ထောင်စု ၈၄၅ စု၊ အောင်တပ်ရပ်ကွက် မြို့သစ်ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၂၂၄ စု၊ အောင်တပ်ရပ်ကွက် ဒိုင်းဂျီဘုန်းကြီးကျောင်းသစ်ရှိ အိမ်ထောင်စု ၆၈ စု၊ အောင်တပ်ရပ်ကွက် ဒိုင်းဂျီဘုန်းကြီးကျောင်းဟောင်းရှိ အိမ်ထောင်စု ၈၅ စု၊ တောင်မြင့်ကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံရှိ အိမ်ထောင်စု ၆၁ စု၊ အောင်တပ်ရပ်ကွက် ကိုးနဝင်းဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၃၉ စု၊ ပြလှကျေးရွာ ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၁၇၅ စု၊ နကန်ကျေးရွာ(အရှေ့) ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၃၂ စု၊ ပုဇွန်ဖေကျေးရွာရှိ အိမ်ထောင်စု ၇၈ စု၊ ကုလားချောင်း ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၁၂၄ စု၊ ရွှေထီးဆောင်း ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၈၄ စုနှင့် ကျောက်ရာစ်ကေ ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၁၁၀၊ စုစုပေါင်း ယာယီတိုက်ပွဲရှောင်စုရပ် ၂၆ ခုရှိ အိမ်ထောင်စု ၄၆၁၅ စုတို့အတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၈၄၆၀၀၀၀၀ ကို မြောက်ဦးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက စက်တင်ဘာ ၇ ရက်က မြောက်ဦးမြို့နယ်



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မြောက်ဦးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ / ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရှေ့မှောက်တွင် ထောက်ပံ့ခဲ့ပြီး ထောက်ပံ့ရန်ကျန်ရှိသည့် စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မြေပုံနှင့် အမ်းမြို့နယ်များရှိ တိုက်ပွဲရှောင်နေရပ်စွန့်ခွာသူများအား ဆက်လက်ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး စိုက်၊ မွေး၊ ကျေး စီမံကြီးကြပ်ရေးအဖွဲ့၏ သဖန်းဆိပ်ဆည် ရေပေးဝေမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

သဖန်းဆိပ်ဆည်၏ယခုနှစ် မိုးစပါးအောင်ရေပေးဝေနိုင်မည့် အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာ၊ ကျေးလက်နှင့် သမဝါယမကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု စီမံကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့် သုတေသန ပညာရှင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် စီမံကြီးကြပ်ရေးအဖွဲ့ဝင်များ ပါဝင်ဆွေးနွေးကြသည်။

လက်ရှိတွင် သဖန်းဆိပ်ဆည်၌ ရေသိုလှောင်ပမာဏ ဧက ပေ ၅၇၀၀၀၀ ရှိပြီး ယမန်နှစ်က တစ်နေ့ပျမ်းမျှဝင်ရေ ဧက ပေ ၉၀၀၀ ရှိခဲ့သော်လည်း ယခုနှစ် တစ်နေ့ပျမ်းမျှဝင်ရေ ဧက ၃၈၈၉ ပေခန့်သာရှိသဖြင့် ဝင်ရေသိသာစွာလျော့ကျလာလျက်ရှိကြောင်း၊ ဖြည့်စွက်ရေနှင့် အောင်ရေများကို ချွေတာသုံးစွဲနိုင်မှသာ လျာထားဧက ၄၂၀၀၀၀ ပြည့်မီနိုင်မည်ဖြစ်ကြောင်း၊ ရွှေဘိုခရိုင်တွင် မိုးစပါးဧက ၆၇၀၀၀၀ ကျော် လျာထားပြီး ဧက ၄၂၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်၍ ဧက ၂၅၀၀၀၀ ကျော် စိုက်ပျိုးရန် ကျန်ရှိနေကြောင်း၊ မိုးကောင်းသောက်အနေဖြင့် မိုးစပါး ဧက ၁၅၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သည့်အတွက် ဧက ၁၀၀၀၀၀ ကျော် ကျန်ရှိကြောင်း၊ ဆည်ရေသောက်စိုက် ဧရိယာအနေဖြင့် မိုးစပါးဧက ၃၉၀၀၀၀ ကျော် လျာထားပြီး ဧက ၂၅၀၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်သည့်အတွက် ဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးရန် ကျန်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးသီးနှံစိုက်ဧက ၅၃၁၅၉၇၉ ဧကနှင့် ဆောင်းသီးနှံ ၄၃၇၂၃၉၇ ဧကစိုက်ပျိုးမည်ဖြစ်၍ သီးနှံစုံစုစုပေါင်း ၉၆၈၈၃၇၆ ဧက စိုက်ပျိုးထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအရ မိုးစပါးမျိုးစေ့ထုတ်ဧရိယာ ၁၇၆၃၈ ဧက စိုက်ပျိုးပြီးစီး၍ လျာထားချက် ၁၈၂၀၅ ဧကပြည့်မီရန် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ကျန်ရှိမိုးစပါး မျိုးစေ့ထုတ်ဧရိယာ ၅၆၇ ဧက စိုက်ပျိုးရန် ပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု စီမံကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် သဖန်းဆိပ်ဆည်ရေကို အဓိကအားထားနေရလျက်ရှိရာ လက်ရှိသက်ရောက်လာသည့် ရာသီဥတုအခြေအနေများအရ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ထိခိုက်မှုမရှိစေရေးအတွက် မြို့နယ်အလိုက် စိုက်ပျိုးရေ ချွေတာသုံးစွဲရန် Water User Group များနှင့် ပူးပေါင်း၍ တစ်ရွာချင်း ပညာပေးဟောပြောဆွေးနွေးခြင်း၊ စိုတစ်လှည့် ခြောက်တစ်ခါနည်းစနစ်ဖြင့် စိုက်ပျိုးကြရန် တောင်သူများအား အသိပေး စည်းရုံးဟောပြောခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ညီညီသန်း (နေပြည်တော်)

# 5th ASEAN Entrepreneur Award ကို မြန်မာနိုင်ငံက ဆွတ်ခူးရရှိ

**နေပြည်တော် စက်တင်ဘာ ၈**

အာဆီယံ- ကိုရီးယားစင်တာသည် Maekyung Media Group နှင့် ပူးပေါင်း၍ ASEAN Entrepreneur Award ကို ၂၀၁၆ ခုနှစ်မှ စတင်ကာ ASEAN ဒေသတွင်းရှိ ထူးချွန်ထက်မြက်သော စီးပွားရေးလုပ်ငန်းရှင်များအား



ပေးအပ်ချီးမြှင့်လျက်ရှိရာ 5th ASEAN Entrepreneur Award 2020 အတွက် မြန်မာနိုင်ငံမှ ဒေါ်နန်းခမ်းနောင့် (Deputy CEO၊ KBZ Bank Limited) သည် Empowering women ကဏ္ဍတွက် ရွေးချယ်ခြင်းခံခဲ့ရကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ကျင်းပမည့် 21st World Knowledge Forum ၌ Regional Champion၊ Entrepreneurs 4.0၊ Empowering Women၊ Up-and-coming Startups နှင့် Scale-ups The Next unicorns ကဏ္ဍငါးခုတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ရန် အာဆီယံ - ကိုရီးယားစင်တာမှ ဖိတ်ကြားခဲ့သည်။

ဖိတ်ကြားမှုအပေါ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့သို့ ပါဝင်နိုင်ရန် အကြောင်းကြားခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံး၊ အာဆီယံ - ကိုရီးယားစင်တာတို့နှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် Regional Champion၊ Entrepreneurs 4.0၊ Empowering Women နှင့် Up-and-coming Startups၊ Regional Champion၊ Entrepreneurs 4.0 နှင့် Empowering Women ကဏ္ဍတို့တွင် အာဆီယံ ၁၀ နိုင်ငံမှ လုပ်ငန်းရှင်များနှင့်အတူ ပါဝင်ယှဉ်ပြိုင် ရွေးချယ်ခံခဲ့ပြီး 5th ASEAN Entrepreneur Award တွင် အာဆီယံ ၁၀ နိုင်ငံမှ လုပ်ငန်းရှင်များထဲမှ မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့မှ လုပ်ငန်းရှင် သုံးဦး ရွေးချယ်ချီးမြှင့်ခံရခြင်းဖြစ်သည်။

ဆုပေးပွဲကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၆ ရက်တွင် ဆိုးလ်မြို့ Shilla Hotel ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲအခမ်းအနားကို ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက် အခြေအနေများကြောင့် ASEAN Entrepreneur Award ဆုရှင်များကို တောင်ကိုရီးယားသို့ ဖိတ်ကြားခြင်း မပြုနိုင်ဘဲ သက်ဆိုင်ရာ အာဆီယံသံရုံးများမှ ကိုယ်စားတက်ရောက်၍ လက်ခံရယူပေးမည်ဖြစ်ပြီး ဆုရရှိသူများအနေဖြင့် Video Message အားကြိုတင်ပေးပို့၍ Online မှ တက်ရောက်ရမည်ဖြစ်ကြောင်း ASEAN-Korea Center (AKC) မှသိရသည်။

သတင်းစဉ်

# ဘီးလင်းမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကုန်ထုတ်လမ်းနှင့် တံတားများဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

**ဘီးလင်း စက်တင်ဘာ ၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကုန်ထုတ်လမ်းနှင့် တံတားများ ဆောင်ရွက်နိုင်ရန်အတွက် ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းထောစံနှင့် ဝန်ထမ်းများမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ တောင်သူလယ်သမားများနှင့်အတူ ဇုက္ကလိကျေးရွာ၊ ကော့ကဒွတ်ကျေးရွာ၊ အရက်သီမကျေးရွာ၊ ဝင်းကကျေးရွာ၊ ကြာဇီအောင်ကျေးရွာ၊ ကိုးတဲစုကျေးရွာသို့ သွားရောက်ပြီး ဆောင်ရွက်ရန် လျာထားမည့် လမ်းများနှင့် တံတားများ၏ မြေပြင်အခြေအနေကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူး ဦးမင်းထောစံက စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်အတူ ဧက ၁၀၀ စံပြစိုက်ကွက်ဖော်ဆောင်ခဲ့သည့် ကွင်းနှင့် ချိတ်ဆက်မည့် အန္တိုင်းပွန်းကျေးရွာ ကုန်ထုတ်တံတားဖောက်လုပ်မည့် မြေပြင်အခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။ ဘီးလင်းမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း နှစ်လမ်းနှင့် တံတားနှစ်စင်း၊ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ရှစ်လမ်းနှင့် တံတားသုံးစင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မင်းသားကြီးမြင့်စိုးနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*စက်တင်ဘာ ၄ ရက်မှ အဆက်*

**မင်းသားကြီးမြင့်စိုး** ။ ။ "မှောင်ထဲကမေ"မှာ ရုပ်ရှင်မင်းသမီးနွယ်နွယ် ပါတယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဒါရိုက်တာ ဦးဉာဏပဲ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။ ဘချစ်၊ မေရီမြ။

**မင်းသားကြီးမြင့်စိုး** ။ ။ 'မှောင်ထဲကမေ' ရိုက်တော့ ပြောပြဦးမယ်ဆရာ အတွေ့အကြုံလေးပေါ့။ ဟိုတုန်းက ကျွန်တော်တို့ ရွှေတောင်ကြားလမ်းက ရုပ်ရှင်မြှင့်တင်ရေးမှာ ရိုက်တာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ နွယ်နွယ်က သူကဇာတ်လမ်းအရ ဟိုတယ် မယ်လေးတစ်ယောက် ဖြစ်သွားတယ်။ ဟိုတယ်မယ်လေးဖြစ်တော့ အဲဒီ ဟိုတယ်မယ်မှာ ဟိုတယ်မှာ လာပျော်တဲ့အထဲမှာ ဆရာဦးဟိန်စွန်းကြီး ပါလာတယ်ဆရာရေ။

**ကြည်စိုးထွန်း** ။ ။ ကာတွန်းဦးဟိန်စွန်း။

**မင်းသားကြီးမြင့်စိုး** ။ ။ အင်မတန်ရုပ်ရှင်ဝါသနာပါတယ်။ သူက ဘာအခန်း လုပ်ရလုပ်ရလုပ်တယ်။

**ကြည်စိုးထွန်း** ။ ။ အခုတော့ ဟိုတယ်မယ်လေးဆီ လာတဲ့အခန်း။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟိုတယ်မယ်ဆီ လာပျော်တာပေါ့။ အဲဒီမှာ ပြောလိုက်ဦးမယ်ဆရာ ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ချောင်းကြည့်တော့ သူ့ချစ်သူကျွန်တော်၊ မြင့်စိုးကို တွေ့တယ်ပေါ့။ တွေ့တော့ သူက စိတ်မကောင်းဖြစ်ပြီးတော့ ငါ့ချစ်သူနဲ့ ငါနဲ့ မတန်တော့ဘူးပေါ့။ ငါ့ဘဝကတော့ ဆုံးတဲ့ဘဝရောက်နေပြီ။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ ဒါပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ငါတော့ ဒီမကောင်းတဲ့ ဘဝရောက်နေပြီ။

**ကြည်စိုးထွန်း** ။ ။ ညစ်နွမ်းနေပြီပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ညစ်နွမ်းနေပြီ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီအခန်းလေး နည်းနည်း မှတ်မှတ်ရရ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ငိုတော့ ဒါရိုက်တာ ဦးဉာဏကလည်း ပြောတယ်။ ဒါရိုက်တာ တက္ကသိုလ်ဝင်းဖေတို့၊ ဦးကိုလေးတို့က လက်ထောက်တွေ သူတို့ ကနေပြီးတော့ ငိုတဲ့အသံလေး၊ ရှိုက်တဲ့အသံလေးကို လိုချင်တယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ရှိုက်သံလေးကို (ရှိုက်သံပုံလုပ်ပြ) အဲဒါလေးကို လိုချင်တော့ ဟိုတုန်းက sound အင်ဂျင်နီယာက အခုလို မိုက်ကရိုဖုန်း ဘေးကပ်ပြီးတော့ ရှိုက်တဲ့အသံလေးကို ဖမ်းတယ်။ ဦးဉာဏတို့ တက္ကသိုလ်ဝင်းဖေတို့က နားထောင်ပြီး ရှိုက်တဲ့အသံ ပီပြင်တယ်။ ပီပြင်တယ်ဆိုတော့ အသံကူးတဲ့နေရာမှာ ရှိုက်တဲ့အသံက များသွားတယ်ထင်ပါရဲ့ ဆရာရယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကိုကိုလေးဆိုတာ နှစ်ယောက်ရှိတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီ ကျွန်တော်ပြောတဲ့ကိုကိုလေးက ဘယ်သူနဲ့ တွဲရိုက်ဖူးလဲဆိုတော့ ဦးဉာဏတို့နဲ့ တွဲရိုက်ဖူးတယ်။ နောက်ပြီးတော့ ဒါရိုက်တာ တက္ကသိုလ် စိန်ဖေတင် သိတယ်မှတ်လားဆရာ။

**ကြည်စိုးထွန်း** ။ ။ သိတာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ စိန်ဖေတင်နဲ့ တွဲရိုက်ဖူးတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်၊ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကိုကိုလေးကနှစ်ယောက်ရှိတယ်။ ခုနကလိုပေါ့ မြင့်စိုးတွေ၊ ကိုကိုလေးတွေ။ ဆရာ့နာမည်ပဲကောင်းတယ်။ ကြည်စိုးထွန်း ဘယ်သူမှမရှိဘူး။

**ကြည်စိုးထွန်း** ။ ။ ရှိတယ်လေ၊ ကြည်စိုးတွေ အများကြီးပဲလေ။

**မင်းသားကြီးမြင့်စိုး** ။ ။ နောက်ပြီးတော့ ဆရာ ကျွန်တော်အမှတ်တရလေး ပြောချင်တာက၊ ဒါရိုက်တာဦးစိုးမောင် ရိုက်တဲ့ 'တပွင့်မာလာ' ။

**ကြည်စိုးထွန်း** ။ ။ ဦးစိုးမောင်က အရင်တုန်းက ရွှေပြည်စိုးမှာနော် ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ် ဆရာရဲ့။

**ကြည်စိုးထွန်း** ။ ။ အခုတော့ သူက စိုးဘရားသားကုမ္ပဏီက။

**မင်းသားကြီးမြင့်စိုး** ။ ။ "တပွင့်မာလာ" ရိုက်တော့ ကျွန်တော်က အနု မင်းသား၊ အဆိုမင်းသား၊ ပြဇာတ်မင်းသား။ ပြဇာတ်တွေလည်း တော်တော် ကပြီးပြီ။ ပြဇာတ် ဘယ်အထိအောင်ကလဲဆို ဆရာကြုံလို့ ပြောပြဦးမယ်။


နွယ်နွယ်


တက္ကသိုလ်ဝင်းဖေ


ဒါရိုက်တာ တက္ကသိုလ်စိန်ဖေတင်


ရွှေဘ


ကျော်ဆွေ


တင်ထွန်း

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ နှစ်ကွက်သွားတွေ့တယ်။ ဆရာဦးဟိန်စွန်းကြီးက ဝါသနာပါတဲ့ ရုပ်ရှင်ပိုးလေးတွေ ခေါ်လာတယ်ပေါ့။ ရုပ်ရှင်ဝါသနာပါတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပါလာတယ်။ လူငယ်တစ်ယောက်။

**မင်းသားကြီးမြင့်စိုး** ။ ။ အခုတော့ စာရေးဆရာလုပ်နေပြီ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ နာမည်တော့ မပြောတော့ပါဘူး၊ အဲဒီပုဂ္ဂိုလ်က ဟိုတယ်မှာ ပျော်တဲ့၊ ပါးတဲ့အခန်းပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အရက်တွေဘာတွေသောက်ပြီးတော့ ဟိုတယ်မှာ ပျော်မယ်။ ဟိုတယ်မှာပျော်မယ်။ သီချင်းပါသေးတယ်။ ကျွန်တော်မေ့နေပြီ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီတော့ နွယ်နွယ်နဲ့ ဖက်ဖက်ပြီးတော့ မူးမူးနဲ့ လူငယ်တွေက ဖက်တဲ့အခန်းပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ နောက်တော့ ဟိုက အခန်းကပြီးသွားပြီ။ 'ကတ်' ဆိုလည်း သူကဖက်တုန်းရှိသေးတယ်။

**ကြည်စိုးထွန်း** ။ ။ အရှိန်တက်တုန်းရှိသေးတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ အရှိန်မသေတာပေါ့ဆရာရယ်၊ အဲဒီအခန်းတစ်ခန်း သွားသတိရတယ်။ ပေ့ကောင်းပြီးနေပြီကွဆိုတော့။ ဦးဟိန်စွန်းကြီးက ကျုပ်လည်းပဲ ဝါသနာပါတာပဲ။ ကျုပ်လိုပဲ ကျုပ်တပည့်လည်း ဝါသနာပါမှာပေါ့တဲ့ ဒါတစ်ကွက်။ နောက်တစ်ကွက်က နည်းနည်းအမှတ်တရလေးတွေပေါ့။ ကျွန်တော့်ကို ကျွန်တော့်သူငယ်ချင်းတွေက လာပါကွာမြင့်စိုးရာ မင်းစိတ်ညစ် မနေပါနဲ့ ဟိုတယ်ကိုလိုက်ခဲ့ပါဆိုပြီး အတင်းခေါ်သွားတာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော် မလိုက်ချင်လိုက်ချင်နဲ့ ကျွန်တော် ရောက်သွားရော။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ရောက်သွားတော့ နွယ်နွယ်ကနေပြီးတော့ ဇာတ်လမ်းအရဘယ်သူတွေလာလဲဆိုပြီးတော့အခန်းထဲကနေ ချောင်းကြည့်တာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ များသွားတော့ ကျွန်တော် move နဲ့ ဟိုဒင်းနဲ့ ကြည့်တော့ screenနဲ့ ကြည့်တုန်းကတော့ ဘာမှမထွက်ဘူးပေါ့။ တကယ့် တကယ် ရုံပေါ်တင်လိုက်တဲ့အခါကျတော့ ရှိုက်သံက ကြက်သံနဲ့ သွားတူနေတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကတော့်ကတော်ကတော့၊ ကတော့်ကတော်ကတော့ ဆိုတော့ အောက်ကကြည့်တဲ့လူတွေက ဟာ ကြက်ကြီး ကြက်ကြီးဆိုပြီး အသံကြောင့် ပြဿနာဖြစ်တာပေါ့ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အသံက ဟိုတုန်းက normal ကြားပေမယ့် ရုံပေါ်မှာ တင်လိုက်တဲ့အခါကျတော့ volume ကတင်လိုက်တာကိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ တင်လိုက်တော့ (ရှိုက်ပုံလုပ်ပြ) အဲဒီရှိုက်သံမဖြစ်ဘဲနဲ့ ကတော့်ကတော်ကတော့ အောက်ကလူတွေက ကြက်ကြီးကြက်ကြီးလို့ အော်တယ်။ အဲဒီအပိုဒ်လေး သွားသတိရတယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ နောက် ဆရာ ဘာစဉ်းစားမိလဲပြော။

**ကြည်စိုးထွန်း** ။ ။ အဲဒီမှာတစ်ချက် ကျွန်တော်မေးစရာရှိတာ ခုနတုန်းက ဦးဉာဏကိုဝိုင်းပြီးတော့ ရိုက်ပေးတယ်ဆိုတဲ့အထဲမှာ ဟိုဒင်းကတော့ တက္ကသိုလ်ဝင်းဖေကတော့ ကျွန်တော်သိတယ်လေ။

**မင်းသားကြီးမြင့်စိုး** ။ ။ တက္ကသိုလ်ဝင်းဖေက။

**ကြည်စိုးထွန်း** ။ ။ သူက အင်မတန်တော်တဲ့ ပုဂ္ဂိုလ်ပါ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ နောက် ကိုကိုလေးဆိုတာ "ပိုး" ရိုက်တဲ့ ကိုကိုလေးလား။

**မင်းသားကြီးမြင့်စိုး** ။ ။ ဗျာ။

**ကြည်စိုးထွန်း** ။ ။ "ပိုး" ရိုက်တဲ့ ကိုကိုလေး။

**မင်းသားကြီးမြင့်စိုး** ။ ။ မဟုတ်ဘူးဆရာရဲ့။ ကိုကိုလေးဆိုတာတစ်ယောက်၊ သူက နေဗီကထွက်လာတာ။ အခုတော့ ဆုံးသွားရှာပြီ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။

ဆုံးသွားတဲ့ မင်္ဂလာ ဦးအောင်မောင်းဆိုတာ ဆရာကြားဖူးလား။

**ကြည်စိုးထွန်း** ။ ။ သိပါတယ်။

**ကြည်စိုးထွန်း** ။ ။ ခြေထိုးသိပ်ကောင်းတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဦးအောင်မောင်းနဲ့ ကျွန်တော် တွဲကဖူးတယ်။ မြင့်မြင့်ဌေးနဲ့ ကျွန်တော်ကဖူးတယ်။ စိန်အောင်မင်းနဲ့ တော်တော်ကြာကြာ တွဲပြီးတော့က ဖူးတယ်။ ကဌေးရုံက မင်းသမီးရိုစီဌေး။ နောက် အောင်လံတော် ခင်စိန်။ နောက် မန္တလေးသိန်းနိုင်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီဇာတ်တွေနဲ့ ကျွန်တော်ကဖူးတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဇာတ်တွေနဲ့ တွဲက ပြဇာတ်လုပ်ကဖူးတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီတော့။ ကျွန်တော်က ပြဇာတ်မင်းသား အဆိုတော်မင်းသားဆိုတော့ အဲဒီမှာ 'တပွင့်မာလာ' မှာ ကျွန်တော် စတန့်မင်းသား လုပ်ရတယ် ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပြီ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဘာပြောလဲဆိုတော့ ဆရာဦးစိုးမောင်က မင်းဖိုက်တင် ထိုးရဲပွဲမလားတဲ့ ငှားကတည်းကိုက ကျွန်တော်လည်း နည်းနည်း ဆရာရယ် ထူးထူးဆန်းဆန်းလေး လုပ်ချင်တယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ ဒါပေါ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။ မင်းသားဆိုတော့ ခုနကပြောသလိုပေါ့။

**ကြည်စိုးထွန်း** ။ ။ စွယ်စုံရတာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ စွယ်စုံရတာပေါ့၊ လုပ်ချင်တယ်။ ခုနက ဆရာပြောတဲ့ ဆရာ့ဇာတ်ကောင်တွေလိုပေါ့။ ကိုရွှေဘတို့၊ ကိုကျော်ဆွေတို့၊ ကိုတင်ထွန်း တို့ လိုပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ လုပ်ချင်တော့လုပ်မယ်ပေါ့။ လှဖေကြီးနဲ့ ထိုးရမယ်ကွ တဲ့။ ရတယ် ထိုးမယ်ဆိုတော့ 'တပွင့်မာလာ'မှာ ကိုမြင့်အောင်လည်းပါတယ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ မင်းသမီးက မြင့်မြင့်ဌေး။ နောက်ပြီးတော့ ခင်ညိုညို ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ခင်ညိုညိုက ကြည်ကြည်ဌေးရဲ့ အစ်မလား၊ ညီမလား။

**မင်းသားကြီးမြင့်စိုး** ။ ။ ကြည်ကြည်ဌေးရဲ့ အစ်မနဲ့တူတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား၊ ဟုတ်ကဲ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။ ခင်ညိုညိုပါတော့ ကျွန်တော်က သူပုန်ဗိုလ် လုပ်ရတယ်။ သူပုန်ဗိုလ်လုပ်ရတော့ ကျွန်တော်နဲ့ ကျွန်တော့်လက်အောက်မှာက လှဖေ ရှိတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ ဘာနဲ့ သွားဇာတ် လမ်းတူလဲဆိုတော့ “ဗိုလ်အောင်ဒင်” နဲ့ ဇာတ်လမ်းသွားတူတယ်။

**ကြည်စိုးထွန်း** ။ ။ သြော်...သြော် ရာမ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။ မြင့်မြင့်ဌေးကို ကျွန်တော်က ပြန်ပေးဆွဲလာတယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ပြန်ပေးဆွဲလာတော့ မြင့်မြင့်ဌေးကို ပြန်ပေးဆွဲလာတော့ ဟိုကျတော့ မြင့်မြင့်ဌေးကို ကြိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ သြော် သြော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ခင်မောင်ရင်က မေဝင်းကို စွဲသလိုပေါ့ဆရာရယ်။ အဲဒီသဘောမျိုး မြင့်မြင့်ဌေးကို ကျွန်တော်က ကြိုက်ပြီးတော့ ချစ်ရေးဆိုတယ်။ သူက ချစ်ရေးဆိုလို့ မရဘူး။ မရတော့ ကျွန်တော်က ကိုင်း ငါ့အပေါ်မှာချစ်မှမချစ်ဘဲ ငါပြောတော့ပင်ပန်းရုံပဲ ရှိပါတယ်။ သူ့ကိုပြန်ပြီးတော့လွှတ်လိုက်တယ်။ ပြန်လွှတ်လိုက်တော့။ သူ့လည်း လွှတ်လည်းလွှတ်လိုက်ပြီးရော ရဲက ကျွန်တော်တို့ကို လာဖမ်းပါရော။



ခင်မောင်ရင်၊ မေမေဝင်း (ဗိုလ်အောင်ဒင်)

**ကြည်စိုးထွန်း** ။ ။ သြော်။

**မင်းသားကြီးမြင့်စိုး** ။ ။ သိသွားတာပေါ့ ဆရာရယ်။ သတင်းသိသွားတော့ အဲဒီတော့ အောက်ကလက်ထောက် လှဖေကြီးက ကျွန်တော့်ကို ဗိုလ်ကြီးချစ်သူကြောင့် ကျွန်တော်တို့ စခန်းကို ရဲတွေ ဝိုင်းလာပြီ။ ဗိုလ်ကြီးသစ္စာဖောက်တယ်ဆိုတော့ အဲဒီမြင့်မြင့်ဌေးကို ပြန်ဖမ်းရမယ်ဆိုတော့ ပြန်မိအောင် ပြန်ဖမ်းမယ်ပေါ့။ လမ်းတစ်ဝက်မှာ ပြန်မိတယ်ဆရာ။ မိပြီးတော့ သတ်မယ် သူ့ကိုသတ်ပါ၊ သူက သစ္စာဖောက်တဲ့လူ၊ သူ့ကို သတ်ရမယ်ဆိုပြီး ကျွန်တော့်ကို ခြောက်လုံးပြူး ပေးတယ်။

**ကြည်စိုးထွန်း** ။ ။ သြော်... သြော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ပေးတော့ ကျွန်တော့်ရဲ့ တပည့်တစ်ယောက်က သေသွားပြီ။ ဆရာမှတ်မိမှာပေါ့။ တင်ဖေဆိုတာ တစ်ယောက်ရှိတယ်။ ဖေတင်၊ ဖေတင်။

**ကြည်စိုးထွန်း** ။ ။ ဖေတင် သိတယ်လေ။ ကျော်ဖေတင်ဆိုပြီးတော့ လုပ်သေးတယ်လေ။

**မင်းသားကြီးမြင့်စိုး** ။ ။ အင်း ကျော်ဖေတင်။ သူကနေပြီးတော့ ကျွန်တော့်ကို ကျွန်တော့်ဘက်က ငဲ့ညှာပြီး ခြောက်လုံးပြူး ကျည်ဆန်တွေ ထုတ်ထားတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်... ဟုတ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျည်ဆန် ထုတ်ထားပြီးတော့ ကျည်ဆန်တွေ blank ပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ အင်း ဟုတ်ကဲ့။



လှဖေ



မြင့်အောင်



မြင့်မြင့်ဌေး



ခင်ညိုညို

**မင်းသားကြီးမြင့်စိုး** ။ ။ ထုတ်ထားပြီးတော့ မြင့်မြင့်ဌေးကို ဘုရားတရား သာတပေတော့ ဆိုပြီးတော့ ပစ်လိုက်တော့ miss shot ဖြစ်သွားတာပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဖြစ်သွားတော့ တပည့်တွေက ဝိုင်းရယ်ကြတယ်ပေါ့၊ ဆရာသူ့ကို စေတနာရှိတယ်၊ သံယောဇဉ်ရှိတယ်ဆိုတာသိတဲ့အတွက် ကျွန်တော်တို့ ကျည်ဆန်ကို ထုတ်ထားတာပါ တော်တော်ကောင်းတဲ့ plot လေးဆရာ ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။အဲဒီမှာတင် မြင့်မြင့်ဌေးကို ကျွန်တော်ပြန်လွှတ်လိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ လွှတ်လိုက်တော့လှဖေကြီးက မကျေနပ်တော့ဖိုက်တင်ချတယ်။ ကျွန်တော်နဲ့ ဖိုက်တင်ချတယ်။ ဖိုက်တင်ချတော့ အဲ့ဒါလေး မှတ်မှတ်ရရ ကျွန်တော်က ဖိုက်တင်တစ်ခါမှ မထိုးဖူးဘူး။




**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ မထိုးဖူးတော့ ကျွန်တော်က ဘာလုပ်လဲဆိုတော့ ပြဇာတ်ထဲကစတိုင်မျိုးပေါ့ ဆရာရယ်။ ဆရာလည်း သိပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ရုပ်ရှင်ရိုက်လို့ ရှိရင် ကျွန်တော်က fore ground နဲ့ ထိုးလို့ရှိရင် မထိလည်း ထိတယ်လို့ ထင်တယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အသံထည့်ပေးတာပေါ့ ဆရာရယ်။ fore ground နဲ့ကျွန်တော် ခံပြီးတော့ မထိအောင်၊ လွတ်အောင်ထိုးတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ လွတ်အောင်ထိုးတာကို လှဖေကြီးက မကျေနပ်ဘူး။

**ကြည်စိုးထွန်း** ။ ။ သြော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော့်ကို ထိအောင်ပြန်ထိုးတယ်။ ကျွန်တော်ကလည်း ပြန်ထိုးတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ထိုးတော့ သူခုန်ချ ကျွန်တော်လိုက်ခုန်ချ။

**ကြည်စိုးထွန်း** ။ ။ သြော်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီ one scene လည်း ပြီးလည်းပြီးရော၊ မင်းသားကြီးမင်းသားမြင့်စိုးတဲ့ မောင်ရင်က ကျုပ်ကိုမထိုးဘူးတဲ့၊ မထိုးတော့ သဘာဝမကျဘူး၊ မထိဘူး။ သူတို့က ရွှေဘနဲ့ ထိုးနေကျ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ရွှေဘက တကယ်ဆော်တာ။

**ကြည်စိုးထွန်း** ။ ။ တင်ညွန့်၊ ရွှေဘ တကယ်ချတာ။

**မင်းသားကြီးမြင့်စိုး** ။ ။ တကယ်ချတာ သူတို့ တစ်ခါတလေကျ ပါးတွေ ဘာတွေ ရောင်အောင်ထိုးတာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်က သူ့ကိုမထိုးဘူးပေါ့ဗျာ၊ မထိုးဘူးပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ထိအောင်မထိုးဘူး။ ရွှေဘက တကယ်ထိုးတာ၊ ဒါကို သူကမကျေနပ်ဘူး။ အဲဒီတော့ မောင်ရင့်ကို ဒီလိုထိုးလိုက်မှ မောင်ရင်က ကျုပ်ကို ပြန်ထိုးမယ်။ ငါ့ကိုပြန်ထိုးတယ်၊ သဘာဝကျအောင်လုပ်ရတယ်။ ဟာ ကွန်ကရက် ကျူလေးရှင်း ဝမ်းသာတယ်။ ကျေးဇူးတင်တယ်ပေါ့၊ သဘာဝကျတယ်ပေါ့၊ အဲဒီတော့ ပညာရတယ်ပေါ့ဆရာရယ် ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာ ရွှေဘနဲ့ ထိုးတာ နောက်ပြီးတော့ တစ်ခုသွားသတိရတယ် ဆရာ။ မမေ့နိုင်ဘူးပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆရာ ဦးစိုးမောင်က မောင်မြင့်စိုးတဲ့ မင်းကသီချင်းထဲမှာကွတဲ့ play back တစ်ပုဒ်ပါတယ်၊ မင်းကိုယ်တိုင်ရိုက်စမ်းပါတဲ့။

**ကြည်စိုးထွန်း** ။ ။ သြော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်ကျေးဇူးတင်တယ် ဆရာရယ်။ ပထမဆုံး ကျွန်တော်ရိုက်ဖူးတာပေါ့။ play back တစ်ပုဒ်သီချင်းရေးတဲ့ ပုဂ္ဂိုလ်က ကိုလှမိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။ အဆိုတော်ကိုလှမိုး ကြားဖူးမှာပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ကြားဖူးတယ်၊ ကြားဖူးတယ်။ ညီမလေးရယ် စိုးမိတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ သူ့သီချင်း တော်တော်ကောင်းတယ်။

**ကြည်စိုးထွန်း** ။ ။ စိုးရိမ်မိတယ်၊ စိုးရိမ်မိတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။ အဲဒါကို ဆရာဦးစိုးမောင်က မောင်မြင့်စိုး မင်းကိုယ်တိုင်ရိုက်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟာ ဖြစ်ပဲ့မလား ရိုက်စမ်းပါကွာ ပညာရတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာ ကျွန်တော် play back ရိုက်ဖူးတယ်ပေါ့။ မမေ့နိုင်ဘူး။ ပညာရတယ် အဲဒါလေးတစ်ချက် ပြောချင်လို့ပါ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ သြော် ဟုတ်ကဲ့ ဟုတ်ကဲ့ ကောင်းပါတယ်။ ကဲ မင်းသားကြီးရေ။

**မင်းသားကြီးမြင့်စိုး** ။ ။ ခင်ဗျာ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့အခုပြောလာလိုက်ကြတာ တော်တော်လေးလည်း အချိန်ညောင်းလာပြီ။ အချိန်ညောင်းလာတော့ ပထမပိုင်းကို ကျွန်တော်တို့ ဒီနားလေးမှာပဲ ကျွန်တော်တို့က ခဏရပ်လိုက်ပြီးတော့ ။ နောက် ဒုတိယပိုင်းကျမှပဲ ကျွန်တော်တို့ ရဲ့ မင်းသားကြီးရဲ့ ဖြတ်သန်းလာရတဲ့ ဘဝခရီးနဲ့ ရုပ်ရှင်သမိုင်းကြောင်းလေးကို ဆက်ပြောကြပါစို့ ... ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ဆရာ။

## တုံတာမြို့၌ အသက်တစ်နှစ်ခွဲမှ ၁၅ နှစ်အောက်ကလေးများအား ဆုံဆို့နာရောဂါကာကွယ်ဆေးနှင့် အမီလိုက်ကာကွယ်ဆေးထိုးနှံပေး

**တုံတာ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တုံတာမြို့တွင် အသက် ၁ နှစ်ခွဲမှ ၁၅ နှစ်အောက်ကလေးများအား ဆုံဆို့နာရောဂါကာကွယ်ဆေးနှင့် အမီလိုက် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့တွင် တုံတာမြို့တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်သည်။ ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် တုံတာမြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အထက်တန်းသူနာပြု ဒေါ်အေးသီတာ၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နန်းလှအေးနှင့် ကျန်းမာရေးဝန်ထမ်းများက အိမ်ထောင်စုအလိုက် စာရင်းရေးသွင်းကောက်ယူပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း သိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းများကို တုံတာမြို့ပေါ်ရပ်ကွက်များရှိ သက်ဆိုင်ရာ စုရပ်နေရာများ၌ စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ထိုးနှံပေးမည်ဖြစ်ကြောင်း တုံတာမြို့ ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

လှိုင်လှိုင်ငြိမ်း(ပြန်/ဆက်)



## (၇-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု (၈-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၂:၀၀) နာရီ

(၇-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၈-၉-၂၀၂၀) ရက်နေ့၊ နေ့လယ်(၂:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှုခံယူစေမည့်ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1465 | ၅၀ နှစ် | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1466 | ၂၈ နှစ် | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1467 | ၄၅ နှစ် | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1468 | ၃၇ နှစ် | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1469 | ၃၆ နှစ် | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1470 | ၂၃ နှစ် | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1471 | ၄၇ နှစ် | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1472 | ၂၃ နှစ် | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1473 | ၅၃ နှစ် | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1474 | ၄၂ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1475 | ၂၈ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1476 | ၂၀ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1477 | ၆၉ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1478 | ၂၃ နှစ် | ကျား | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီ ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1479 | ၂၀ နှစ် | ကျား | ပေါင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1480 | ၃၅ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး) |
| 1481 | ၄၈ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး) |
| 1482 | ၅၃ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case- 1149) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပမြို့နယ်) |
| 1483 | ၅၄ နှစ် | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပမြို့နယ်) |
| 1484 | ၂၆ နှစ် | မ | ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပမြို့နယ်) |
| 1485 | ၈၂ နှစ် | မ | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး) |
| 1486 | ၃၇ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (တာမွေမြို့နယ်) |
| 1487 | ၄၀ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1488 | ၂၇ နှစ် | မ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1489 | ၄၅ နှစ် | ကျား | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1490 | ၅၈ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1491 | ၄၅ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1492 | ၃၄ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1064) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1493 | ၂၃ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1064) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1494 | ၄၆ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | ရောဂါကူးစက်နိုင်ချေ များသော အုပ်စုမှ စစ်ဆေးခြင်းဖြစ်ပါသည် |
| 1495 | ၁၇ နှစ် | ကျား | အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1496 | ၃၅ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-821) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1497 | ၃၃ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-929) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1498 | ၄၁ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-929) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1499 | ၂၆ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-862) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1500 | ၅၉ နှစ် | မ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-936) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1501 | ၁၉ နှစ် | မ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-936) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1502 | ၁၈ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-936) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1503 | ၁၇ နှစ် | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-893) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1504 | ၂၆ နှစ် | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-893) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1505 | ၂၀ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1122) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1506 | ၅၆ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1122) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1507 | ၁၉ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1122) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1508 | ၃၉ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1122) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1509 | ၃ နှစ် | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1122) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 1510 | ၂၇ နှစ် | မ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1511 | ၃၆ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1199) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| 1512 | ၃၆ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1199) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| 1513 | ၂၈ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1199) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| 1514 | ၆ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1114) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| 1515 | ၃၀ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1114) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| 1516 | ၄၃ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1199) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| 1517 | ၄၉ နှစ် | မ | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1163) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| 1518 | ၄၈ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1024) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| 1519 | ၃ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1024) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မှော်ဘီမြို့နယ်) |
| 1520 | ၁၄ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1024) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1521 | ၂၅ နှစ် | မ | မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1221) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1522 | ၁၇ နှစ် | မ | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1221) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1523 | ၃၀ နှစ် | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1078) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1524 | ၂၇ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1184) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1525 | ၂၅ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1184) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1526 | ၂၄ နှစ် | ကျား | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1112) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1527 | ၃၁ နှစ် | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1112) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1528 | ၂၂ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1143) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1529 | ၆၀ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1143) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1530 | ၂၁ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1143) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1531 | ၅၆ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1184) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1532 | ၂၂ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1212) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1533 | ၅၆ နှစ် | ကျား | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1150) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1534 | ၆၀ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1184) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1535 | ၃၄ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1184) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1536 | ၄၈ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1184) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1537 | ၂၂ နှစ် | မ | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1131) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1538 | ၂၃ နှစ် | မ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1131) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှုခံယူစေမည့်ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1539 | ၂၈ နှစ် | မ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1132 ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1540 | ၄၀ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1128 ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1541 | ၃၅ နှစ် | မ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1128 ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1542 | ၃၇ နှစ် | မ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1128 ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1543 | ၅ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1128 ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1544 | ၂၅ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1212) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1545 | ၄၆ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1180 ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1546 | ၁၃ နှစ် | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1180 ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1547 | ၃၀ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ စုံစမ်းဆဲ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1548 | ၂၅ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ စုံစမ်းဆဲ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1549 | ၂၆ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ စုံစမ်းဆဲ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1550 | ၂၃ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ စုံစမ်းဆဲ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1551 | ၁၈ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ စုံစမ်းဆဲ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1552 | ၁၈ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1070) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1553 | ၃၀ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1127) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1554 | ၁၈ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1021) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1555 | ၃၁ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-999) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1556 | ၈ လ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-999) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1557 | ၂၅ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-920) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1558 | ၃၃ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1162) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ဆေးရုံကြီး) |
| 1559 | ၅၀ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ဆေးရုံကြီး) |
| 1560 | ၃၈ နှစ် | မ | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case-1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1561 | ၁၃ နှစ် | မ | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case-1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1562 | ၈ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case-1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1563 | ၂၃ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case-1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1564 | ၄၆ နှစ် | မ | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case-1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1565 | ၂၄ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case-1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1566 | ၄၃ နှစ် | မ | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case-1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1567 | ၂၂ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case-1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1568 | ၅၅ နှစ် | မ | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case-1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1569 | ၆၂ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1235) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (လှိုင်သာယာ ပြည်သူ့ဆေးရုံကြီး) |
| 1570 | ၂၅ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ဆော်ဒီအာရေဗျ) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 1571 | ၃၁ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1133) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1572 | ၃၀ နှစ် | ကျား | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1118) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1573 | ၃၆ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1028) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1574 | ၇ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1028) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1575 | ၆၇ နှစ် | ကျား | မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1144) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1576 | ၂၃ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1144) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1577 | ၄၆ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1144) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1578 | ၃၈ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1162) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1579 | ၆၃ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1162) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1580 | ၁ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1162) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1581 | ၃၅ နှစ် | ကျား | ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1193) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1582 | ၅၉ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1314) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1583 | ၃၂ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1314) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1584 | ၄၂ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1314) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1585 | ၃၁ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| *1586 | ၂၃ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1587 | ၆၆ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1588 | ၂၈ နှစ် | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1589 | ၈၉ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ဆေးရုံကြီး) |
| 1590 | ၅၅ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ဆေးရုံကြီး) |
| 1591 | ၂၃ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | နိုင်ငံခြားသို့ သွားရောက်ရန် ကျန်းမာရေးစစ်ဆေးခြင်း |
| 1592 | ၂၆ နှစ် | မ | ဟိုပုန်းမြို့နယ် ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | နိုင်ငံခြားသို့ သွားရောက်ရန် ကျန်းမာရေးစစ်ဆေးခြင်း |
| 1593 | ၂၄ နှစ် | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (လှိုင်သာယာပြည်သူ့ ဆေးရုံကြီး) |
| 1594 | ၂၆ နှစ် | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (လှိုင်သာယာပြည်သူ့ ဆေးရုံကြီး) |
| 1595 | ၅၆ နှစ် | ကျား | ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ရှိ (Case-1241) | မရှိ | နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1596 | ၄၄ နှစ် | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1597 | ၃၀ နှစ် | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1598 | ၄၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1599 | ၅၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1600 | ၃၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1601 | ၃၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1602 | ၁၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1603 | ၂၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1604 | ၄၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1605 | ၇၁ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1606 | ၂ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-697) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1607 | ၄၉ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-697) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1608 | ၆၃ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1609 | ၃၀ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1610 | ၂၇ နှစ် | မ | ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ရမ်းဗြဲမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

*ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာ ကန့်သတ်ထားရှိသူ

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် စက်တင်ဘာ ၈

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

# ကမ္ဘာ့အံ့ဖွယ် ခုနစ်ပါးတွင် တစ်ပါးအဖြစ်ပါဝင်သည့် အိန္ဒိယနိုင်ငံ၏ တပ်ဂျ်မဟာကို ပြန်လည်ဖွင့်လှစ်တော့မည်

နယူးဒေလီ စက်တင်ဘာ ၈

**အိန္ဒိယနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြောက်မက်ဖွယ်ကောင်းအောင် ကူးစက်ပျံ့နှံ့နေသော်လည်း ၎င်း၏ ထိပ်တန်းခရီးသွားဆွဲဆောင်မှုအရှိဆုံးနေရာဖြစ်သည့် တပ်ဂျ်မဟာကို ခြောက်လကျော်ကြာ ပိတ်ထားပြီးနောက် ယခုအခါတွင် ပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက စက်တင်ဘာ ၈ ရက်တွင် ကြေညာလိုက်သည်။**


အိန္ဒိယနိုင်ငံ၏ တပ်ဂျ်မဟာကို တွေ့ရစဉ်။

လူပေါင်းသန်း ၁၃၀၀ ကျော်နေထိုင်သော အိန္ဒိယနိုင်ငံတွင် စက်တင်ဘာ ၇ ရက်နေ့အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၂ သန်းကျော် ရောက်ရှိလာပြီး ကမ္ဘာ့ကိုဗစ်-၁၉ ကူးစက်မှုပြ တန်းစီဇယားတွင် ဘရာဇီးနိုင်ငံကို ကျော်တက်ခဲ့ကာ ဒုတိယနေရာသို့ ရောက်ရှိလာကြောင်း သိရသည်။

တပ်ဂျ်မဟာကို စက်တင်ဘာ ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး၊ နှာခေါင်းစည်းတပ်ဆင်ရေးကဲ့သို့သော ကိုဗစ်-၁၉ ဆောင်ရန် ရှောင်ရန်နည်းလမ်းများကို လိုက်နာကျင့်သုံးမည်ဖြစ်ကြောင်း မြောက်ပိုင်းဥတ္တရပရာဒေ့ရှ်ပြည်နယ်ခရီးသွားလာရေးဌာနက ဒုတိယညွှန်ကြားရေးမှူး အာမစ်ဆရီဗက်စ်တာဗာက အေအက်ဖ်ပီသို့ ပြောကြားလိုက်သည်။

ခရီးသွားများကိုလည်း ပုံမှန်ခွင့်ပြုနေကျ တစ်ရက်လျှင်လူပေါင်း ၂၀၀၀၀ မှ ၅၀၀၀ အထိ ကန့်သတ်လျှော့ချထားကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

တပ်ဂျ်မဟာသည် ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးတွင် တစ်ပါးပါဝင်ကြောင်း သိရပြီး မြို့တော်နယူးဒေလီတောင်ပိုင်းတွင် တည်ရှိသည်။ ၎င်းကို အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ တားဆီးကန့်သတ်ချက်များအရ မတ်လလယ်ခန့်ကတည်းက ပိတ်ထားခဲ့ရကြောင်း သိရသည်။

တပ်ဂျ်မဟာတည်ရှိရာ အာဂရာမြို့ ဥတ္တာပရာဒေ့ရှ်ပြည်နယ်သည် အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ဒဏ်ကို အဆိုးဆုံးခံစားခဲ့ရသော ပြည်နယ်တစ်ခုဖြစ်ပြီး ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၂၇၀၀၀၀ ရှိသည်။

**အေအက်ဖ်ပီ**

# အမေရိကန်၌ အပူလှိုင်းကျရောက်နိုင်သည့် အန္တရာယ်ကြောင့် အမျိုးသားသစ်တောကြိုးဝိုင်းရှစ်ခု ယာယီပိတ်ထား

**ဝါရှင်တန် စက်တင်ဘာ ၈**

အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းတွင် အန္တရာယ်ရှိသည့် အပူလှိုင်းကျရောက်မှုအတွင်း တောမီးလောင်မှုများ ပိုမိုဆိုးရွားလာနိုင်သည့် အခြေအနေကြောင့် ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ အမျိုးသားသစ်တောကြိုးဝိုင်းရှစ်ခုကို ယာယီပိတ်ထားလိုက်ကြောင်း အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားသည်။

ကယ်လီဖိုးနီးယား ပြည်နယ်တစ်ဝန်းတွင် တောမီးလောင်မှု အခြေအနေများ ပြင်းထန်လျက်ရှိပြီး အထူးအလေးထား ဆောင်ရွက်ရမည့် အခြေအနေတွင် ရှိနေကြောင်း သိရသည်။



ကယ်လီဖိုးနီးယားပြည်နယ်တွင် ဖြစ်ပွားနေသည့် တောမီးလောင်မှုတစ်ခုကို တွေ့ရစဉ်။

လက်ရှိလောင်နေသည့် တောမီးသည် ပိုမိုအရှိန်ကောင်းလာနေသကဲ့သို့ တောမီးလောင်မှု အသစ်ထပ်မံဖြစ်ပွားနိုင်ဖွယ်ရှိပြီး ရာသီဥတုအခြေအနေမှာလည်း ပိုမိုဆိုးရွားလာနေကြောင်း အာဏာပိုင်များက ပြောသည်။

တောမီးလောင်နေသည့်နေရာအားလုံးကို အပြည့်အဝမီးငြိမ်းသတ်နိုင်ရန်နှင့် မီးတောက်များကို ထိန်းချုပ်နိုင်ရန် လိုအပ်သည့် အရင်းအမြစ်များ လုံလုံလောက်လောက် မရှိကြောင်း အမေရိကန် စိုက်ပျိုးရေးနှင့် ပစိဖိတ်အနောက်တောင်ပိုင်းဒေသ သစ်တောဝန်ဆောင်မှုဌာန ဒေသဆိုင်ရာ သစ်တောကျွမ်းကျင်သူ ရန်ဒီမိုရီက ပြောကြားသည်။

စတာနီဆလာဆပ်စ်၊ဆီရာ၊ ဆီကိုရီယာ၊ အင်ယို၊ လော့စ်ပါရက်စ်၊ အန်ဂျလိစ်၊ ဆန်ဘာနာဒီနိုနှင့် ကလီဗီလန်း အမျိုးသားသစ်တောကြိုးဝိုင်းများကို စက်တင်ဘာ ၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီမှစတင်ကာ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အမေရိကန် စိုက်ပျိုးရေးနှင့် ပစိဖိတ်အနောက်တောင်ပိုင်းဒေသ သစ်တောဝန်ဆောင်မှုဌာန၏ ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက် ကမ္ဘာတစ်ဝန်း အမြင့်ဆုံးဖြစ်နေ

**နယူးဒေလီ စက်တင်ဘာ ၈**

အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၈ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက် ၇၅၈၀၉ ဦးထပ်တိုးခဲ့ပြီး တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၂၈၀၄၂ ဦးအထိ ဖြစ်လာခဲ့ကြောင်း ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၈ ရက်တွင်ထုတ်ပြန်သည့် နောက်ဆုံးရသတင်းအချက်အလက်များအရ သိရသည်။

ထုတ်ပြန်ဖော်ပြချက်အရ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ အရေအတွက် ၁၁၃၃ ဦး ထပ်တိုးလာခဲ့ရာ စုစုပေါင်းသေဆုံးသူအရေအတွက် ၇၂၇၇၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူအရေအတွက် ချက်ချင်းတိုးလာခဲ့သည်။ နိုင်ငံတစ်ဝန်း ရောဂါပိုးစစ်ဆေးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။

လက်ရှိတွင် ရောဂါကူးစက်ခံရပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ ၈၈၃၆၉၇ ဦးရှိကာ ရောဂါပျောက်ကင်းသူ ၃၃၂၃၉၅၀ ရှိကြောင်း ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

သတင်းမီဒီယာများ တွက်ချက်ဖော်ပြချက်အရ ယခုအခါ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် အမေရိကန်ပြီးလျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ဒုတိယအဆိုးဆုံးခံစားရသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် အရေအတွက်မှာ ကမ္ဘာတစ်ဝန်းကူးစက်ဖြစ်ပွားမှု၏ ၄၀ ရာခိုင်နှုန်းအထိရှိကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယ နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# ခါရှော့ဂီ အသတ်ခံရမှုမှ လူငါးဦးကို ဆော်ဒီတရားရုံးက သေဒဏ်မှထောင်ဒဏ်သို့ လျှော့ပေါ့

**ရီယာ့ဒ် စက်တင်ဘာ ၈**

ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဂျမဲလ်ခါရှော့ဂီ အသတ်ခံရမှုအတွက် လူငါးဦးကို ဆော်ဒီတရားရုံးက သေဒဏ်မှ လျှော့ပေါ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လူငါးဦးကို ထောင်ဒဏ်နှစ် ၂၀ သို့ လျှော့ပေါ့ချမှတ်ခဲ့သည်ဟု ဆော်ဒီနိုင်ငံပိုင် သတင်းအေဂျင်စီက ပြောသည်။ အဆိုပါ လူငါးဦးမှာ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက သေဒဏ်ချမှတ်ခံရသူများလည်း ဖြစ်သည်။

သို့သော်လည်း မေလအတွင်းက ခါရှော့ဂီ၏သားတစ်ဦးက ၎င်းတို့မိသားစုသည် လူသတ်သမားများကို ခွင့်လွှတ်သည်ဟု ပြောကြားခဲ့ပြီးနောက် ၎င်းတို့၏ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခဲ့ခြင်း ဖြစ်သည်။ ခါရှော့ဂီသည် ၂၀၁၈ ခုနှစ်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း အသတ်ခံခဲ့ရခြင်း ဖြစ်သည်။

၎င်းသည် ဆော်ဒီအာရေဗျတော်ဝင်မိသားစုအုပ်ချုပ်သူ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်ကို ဝေဖန်စာများ ရေးသားသူလည်း ဖြစ်သည်။ ၎င်းအသတ်ခံရသည့်အခါ ဆော်ဒီအိမ်ရှေ့မင်းသားအပေါ် သံသယများ မြင့်တက်လာခဲ့သည်။

သို့သော်လည်း ယနေ့အချိန်အထိ တရားရုံးတွင် ၎င်းပါဝင်ကြောင်း ဖော်ပြခဲ့ခြင်းမရှိပေ။ အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးနေသူ ကုလသမဂ္ဂမှသတင်းထောက်ဖြစ်သူ အက်နက်ကယ်လာမတ်ကမူ အဆိုပါတရားခွင်သည် တရားဝင်မဟုတ်ဟု ပြောကြားခဲ့ပြီး မျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် မှန်ကန်မှုမရှိဟု တွစ်တာပေါ်တွင် ရေးသားခဲ့သည်။ ခါရှော့ဂီနှင့် စေ့စပ်ထားသော အမျိုးသမီးကမူ အမှန်တရားအတွက် တောင်းဆိုခဲ့သည်။ ခါရှော့ဂီ အသတ်ခံရမှုမှာ မည်သူ၏ အစီအစဉ်ဖြစ်ပြီး မည်သူက အမိန့်ပေးခိုင်းစေခဲ့သလဲနှင့် ခါရှော့ဂီ၏အလောင်း ဘယ်ရောက်သွားပြီလဲ ဆိုသည်ကို သိရှိလိုကြောင်း ၎င်းက ထုတ်ပြန်ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**




## ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူမရှိ

**ဘန်ဒါဆီရီဘီဂါဝန် စက်တင်ဘာ ၈**

ဘရူနိုင်းနိုင်ငံတွင် စက်တင်ဘာ ၈ ရက်၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူမရှိကြောင်း သိရသည်။ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက်စုစုပေါင်းမှာ ၁၄၅ ဦးရှိပြီ ဖြစ်သည်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ကိုဗစ်- ၁၉ ကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူ ထပ်တိုးလာခဲ့ရာ ရောဂါပျောက်ကင်းသူအရေအတွက် ၁၃၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

အမျိုးသားကွာရန်တင်းစင်တာ၌ သီးသန့်ထားရှိကာ ကုသမှုခံယူနေသူ သုံးဦးရှိပြီး ၎င်းတို့ကို ဩဂုတ် ၁၉ ရက်၊ ဩဂုတ် ၂၅ ရက်နှင့် စက်တင်ဘာ ၃ ရက်တို့တွင် ရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

လက်ရှိတွင် အစိုးရက စီစဉ်ပေးသည့် စောင့်ကြည့်ရေးဌာနများတွင် ကန့်သတ်စောင့်ကြည့်မှုဆောင်ရွက်ထားသူ ၄၄၇ ဦးရှိပြီး ၎င်းတို့အားလုံးမှာ ပြည်ပသို့ခရီးထွက်ခွာခဲ့ပြီးနောက် ဘရူနိုင်းနိုင်ငံသို့ ပြန်ရောက်လာသူများ ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူသုံးဦးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# လစ်ဘရယ်ခေါင်းဆောင်သစ် တရားဝင်မဲဆွယ်စည်းရုံးမှုများ စတင်

တိုကျို စက်တင်ဘာ ၈

**နောက်ဖြစ်လာမည့် ဂျပန်နိုင်ငံ၏ အဓိကအာဏာရပါတီ၏ ခေါင်းဆောင်နေရာကို ရွေးချယ်ရန် တရားဝင်မဲဆွယ်စည်းရုံးလှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် စက်တင်ဘာ ၈ ရက်က ဖော်ပြလိုက်သည်။**

ပြိုင်ပွဲဝင် သုံးဦးတို့သည် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ နောက်လာမည့် ခေါင်းဆောင်ဖြစ်ရေးကြိုးစားဆောင်ရွက်လျက်ရှိကြောင်းနှင့် အနိုင်ရရှိသူသည် နောက်လာမည့် ဂျပန်ဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်း၏ ကျန်းမာရေးကြောင့် ရာထူးမှ အနားယူမည်ဟု ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ယခုလိုယှဉ်ပြိုင်မှု ဖြစ်ပွားလာခြင်းဖြစ်သည်။

ယခင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ် အီရှီဘားရှီဂီရု၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဆူဂါယိုရှီဟီဒဲနှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ မူဝါဒရေးရာအကြီးအကဲ ကီရှီး ဒါး ဖူမီယိုတို့သည်ခေါင်းဆောင်ဖြစ်လာရန် အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိသည်။

မဲဆွယ်စည်းရုံးလှုပ်ရှားမှုများကို အဓိကမြို့ကြီးများတွင် ကိုဗစ်-၁၉ ကြောင့် ကန့်သတ်ထားကြောင်း အီရှီဘားက ပြောသည်။ မိမိအနေဖြင့် နယ်မြေဒေသများ ပြန်လည်သက်ဝင်နိုးထလာစေဖို့ မိမိကိုယ်ကိုယ် ရင်းနှီးမြှုပ်နှံထားကြောင်းနှင့် မိမိအနေဖြင့် ဂျပန်နိုင်ငံ၏ စီမံချက်များကို ပြန်လည်ရေးဆွဲချင်ကြောင်း ၎င်းက ပြောသည်။ ဒီလိုမှ မဟုတ်ပါက မိမိတို့၏ တိုင်းပြည်သည် လာမည့်ခေတ်တွင် ရှင်သန်ဖို့ မလွယ်ကူကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆူဂါကလည်း မိမိအနေဖြင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ မူဝါဒများအတိုင်း ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် ပထမဆုံးဦးစားပေးကိစ္စမှာ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးပင်ဖြစ်ကြောင်း ပြောကြားသည်။

မည်သည့်အခြေအနေတွင် ရှိပါစေ မိမိအနေဖြင့် အမေရိကန်နှင့် ဥရောပမှာ ကူးစက်ပျံ့နှံ့နေသလို မပျံ့နှံ့ရေးဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ အသက်နှင့်ဘဝများကို ကာကွယ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကီရှီး ဒါးက ပြည်သူများ၏အသံများကို မိမိအနေဖြင့် အသေအချာနားထောင်မည်ဖြစ်ကြောင်းနှင့် အဆိုပါ အသံ များကို နိုင်ငံရေးစွမ်းအင်များအဖြစ် ပြောင်းလဲအသုံးချမည်ဖြစ်ကြောင်း၊ ခြားနားချက်နှင့် ကွာဟချက်များသည် ဂျပန်နိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် ကြီးထွားလာကြောင်း၊ မိမိအနေဖြင့် အဆိုပါ ခေတ်ပေါ်ပြဿနာကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုရှိအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။



ခေါင်းဆောင်သစ်နေရာအတွက် မဲဆွယ်စည်းရုံးမှုများလုပ်ဆောင်နေသည့် ရွေးချယ်ခံသုံးဦးကို တွေ့ရစဉ်။

၅၃၅ မဲသည် နောင်လာမည့်တနင်္လာနေ့တွင် ပါတီခေါင်းဆောင်သစ်ကို ရွေးချယ်ပေးလိမ့်မည်ဖြစ်ကြောင်းနှင့် ၃၉၄ မဲသည် ပါတီဥပဒေပြုသူများက ပေးမည့်မဲဖြစ်ပြီး ကျန်မဲများသည် ပါတီ၏ ခရိုင်၄၇ ခရိုင်မှ ပေးမည့်မဲများဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## မုန်တိုင်းအပြီး တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့တွင် သန့်ရှင်းရေးလုပ်ငန်းများလုပ်ဆောင်

**တိုကျို စက်တင်ဘာ ၈**

တိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန်တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကိုဝင်ရောက်မွှေနှောက်ပြီးနောက် ယခုအခါ နှစ်နိုင်ငံစလုံးမှ ပြည်သူများသည် ရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်နေကြသည်။

အဆိုပါ မုန်တိုင်းကြောင့် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် လူနှစ်ဦးသေဆုံးပြီး အချို့မှာ ပျောက်ဆုံးနေကြဆဲဖြစ်သည်။ တိုင်းပြည်အတွင်း လူပေါင်း ၉၆ ဦး ဒဏ်ရာရရှိခဲ့သည်။ ဟိုင်ရှန်ကြောင့် ကျူရှူးကျွန်းနှင့် အခြားဒေသများတွင် လေပြင်းတိုက်မှုနှင့် မိုးသည်းထန်မှုများ ဖြစ်ပေါ်ခဲ့သည်။

ကာဂိုရှီးမားခရိုင်တွင် အမျိုးသမီးတစ်ဦး သူငယ်ချင်းအိမ်မှအပြန်ရေမြောင်းထဲချော်ကျပြီး ဦးခေါင်းဒဏ်ရာဖြင့် သေဆုံးခဲ့သည်။ ဆာဂါခရိုင်တွင်လည်း မုန်တိုင်းဘေးမှ နေအိမ်ကိုကာကွယ်ရန် ကြိုးပမ်းရင်း သေဆုံးခဲ့ရသည်။

မီယာဇာကီခရိုင်တွင်လည်း မြေပြိုမှုအတွင်း ပါသွားသည့်နေအိမ်အတွင်းမှ လူလေးဦးကို ကယ်တင်နိုင်ရေးကြိုးပမ်းနေကြသည်။ ၎င်းတို့ထဲမှ နှစ်ဦးမှာ ဒေသတွင်းဆောက်လုပ်ရေးကုမ္ပဏီတွင် လာရောက်လုပ်ကိုင်နေကြသည့် ဗီယက်နမ်များ ဖြစ်ကြသည်။

တောင်ကိုရီးယားတွင်လည်း မုန်တိုင်းကြောင့် နှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်း ၃၀၀၀ ကို နေရာရွှေ့ပြောင်းခဲ့ရပြီး နှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ မုန်တိုင်းကြောင့် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဘီလာရုစ်နိုင်ငံတွင် သမ္မတကို ဆန့်ကျင်သည့် ဆန္ဒပြမှုများ ပိုမိုပြင်းထန်လာ

**မင့်ခ်စ် စက်တင်ဘာ ၈**

ဘီလာရုစ်နိုင်ငံတွင် အတိုက်အခံတက်ကြွလှုပ်ရှားသူများ ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် တိုင်းပြည်အတွင်းမှ နှင်ထုတ်မှုများနှင့် ကြုံတွေ့နေရသည့်အတွက် အစိုးရအပေါ် ဆန့်ကျင်ဆန္ဒပြမှုများ ပြင်းထန်လာသည်။

သမ္မတ အလက်ဇန်းဒါး လူကာရှန်ကို သြဂုတ်လအတွင်းက ခြောက်ကြိမ်မြောက်အဖြစ် ပြန်လည်ရွေးကောက်ခံရပြီးနောက် ဆန္ဒပြမှုများပေါ်ပေါက်ခဲ့ရာ ယခုအခါ တစ်လနီးပါးရှိလာပြီ ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲမှာ အကွက်ဆင်ထားခြင်း ဖြစ်သည်ဟု ၎င်းကိုဝေဖန်ကြသူများက ပြောသည်။ လူကာရှန်ကို၏ အစိုးရအဖွဲ့သည် အတိုက်အခံများ တည်ထောင်ထားသည့်ပူးပေါင်းကောင်စီမှ ခေါင်းဆောင်ပိုင်းကို နှိမ်နင်းခဲ့သည်။ ကောင်စီမှ စီနီယာအဖွဲ့ဝင်တစ်ဦးဖြစ်သူမာရီယာကို လက်နီကိုဗာကို မင့်ခ်စ်မြို့တွင် စက်တင်ဘာ ၇ ရက်က မျက်နှာဖုံးတပ်ဆင်ထားသည့်အဖွဲ့များက ဆွဲခေါ်သွားခြင်းခံရသည်ဟု ယူဆရသည်။ ကောင်စီ၏ အကြီးအကဲ ခြောက်ဦးမှ နှစ်ဦးကို အာဏာပိုင်များက ထိန်းသိမ်းထားသည်။ ကျန်နှစ်ဦးအနက် တစ်ဦးကို နယ်နှင်ဒဏ် ပေးထားပြီးနောက် တစ်ဦးမှာ ပိုလန်နိုင်ငံသို့ ထွက်ပြေးသွားသည်။



အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သူ မာရီယာကို လက်နီကိုဗာကို ဆန္ဒပြပွဲအတွင်း တွေ့ရစဉ်။

ယခုအခါ ကောင်စီမှအကြီးအကဲ နှစ်ဦးသာ နိုင်ငံအတွင်းကျန်ရှိတော့ပြီး ဆန့်ကျင်ဆန္ဒပြမှုများ ဆက်လက်လုပ်ဆောင်နေသည်။ ကောင်စီကို ထောက်ခံကြသူများက အာဏာပိုင်များသည် အတိုက်အခံများကို ဖိနှိပ်ရန် ကြိုးစားနေကြသည်ဟု စွပ်စွဲထားသည်။

အင်န်အိတ်ချ်ကေ

# ဆီးရီးယားရှိ ကုလသမဂ္ဂဝန်ထမ်းများနှင့် မိသားစုဝင် ၄၀ ကျော်တို့ ကိုဗစ်-၁၉ ကူးစက်ခံရ




ပြည်သူများကို ရှင်းပြနေသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

**ဒမတ်စကတ် စက်တင်ဘာ ၈**

ဆီးရီးယားနိုင်ငံရှိ ကုလသမဂ္ဂဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင် ၄၀ ကျော်တွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း ကုလသမဂ္ဂ အရာရှိတစ်ဦးက အေအက်ဖ်ပီသို့ ပြောသည်။

စစ်ပွဲဒဏ်ခံ ဆီးရီးယားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှု ပြင်းထန်နေပြီဟု ဖော်ပြလျက်ရှိသည်။ ကိုဗစ် - ၁၉ လက္ခဏာပြနေသည့် ကုလဝန်ထမ်းများ၏ မိသားစုဝင်များ၊ မှီခိုသူများ၊ ကလေးများ၊ မိဘများစုစုပေါင်း ၂၀၀ နီးပါး ရှိကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဂျင်းစ်လိုင်ယာကာက ပြောသည်။

အဆိုပါ ၂၀၀ ကျော်မှ ၄၂ ဦးတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း အတည်ပြုနိုင်ခဲ့သည်။ သို့သော်လည်း မည်သည့်နိုင်ငံသားများ ကူးစက်ခံထားရသည်ကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ သုံးဦးမှာရောဂါပြင်းထန်သည့်အတွက် ရွှေ့ပြောင်းပေးခဲ့ရပြီး ကျန်လူများမှာမူ အပျော့စား လက္ခဏာများသာပြကြောင်း သိရသည်။ ဒေသတွင်း ကူးစက်ပျံ့နှံ့မှုများ များနေပြီး အပြင်တွင် သိရသည့် ကိန်းဂဏန်းထက် အမှန်တကယ်ကူးစက်ခံရသည့်နှုန်းမှာ ပိုမိုများပြားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ ဆီးရီးယားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသည့်လူပေါင်း ၃,၂၂၉ ဦးရှိပြီး သေဆုံးသူ ၁၃၇ ဦးရှိသည်ဟု တရားဝင်ထုတ်ပြန်ထားသည်။

သို့သော်လည်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းပေါက်ကွဲထွက်လာနိုင်သည်ဟု ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ဆရာဝန်များနှင့်တက်ကြွလှုပ်ရှားသူများသည် သတိပေးထားသည်။ ကိုးနှစ်ကြာ ပြည်တွင်းစစ်ကြောင့် ဆီးရီးယားနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပျက်စီးစေခဲ့ပြီး ဆေးရုံများမှာလည်း ဗုံးခွဲဖျက်ဆီးခံရသည်။ အရေးပေါ်အသက်ကယ်ပစ္စည်းကိရိယာများ ကင်းမဲ့မှုနှင့် ဆရာဝန်များဒဏ်ရာရရှိမှု၊ ပြည်ပသို့ထွက်ပြေးရန် ဖိအားပေးခံရခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ယိုယွင်းခဲ့ရသည်။

အေအက်ဖ်ပီ

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် ကမ္ဘာ့အရပ်ရပ်မှ မြန်မာနိုင်ငံသားများအား မြန်မာသံရုံး ဆိုးလ်မြို့မှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အောက်ပုံ)**

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ဂျာမနီမှ တစ်ဦး၊ တောင်အာဖရိကမှ တစ်ဦး၊ ဘရာဇီးမှ နှစ်ဦး၊ အီတလီမှ သုံးဦး၊ ဗြိတိန်မှ သုံးဦး၊ ဘယ်လ်ဂျီယံမှ သုံးဦး၊ နော်ဝေမှ လေးဦး၊ ကနေဒါမှ သုံးဦး၊ အင်ဒိုနီးရှားမှ သုံးဦး၊ အမေရိကန် ပြည်ထောင်စုမှ ၁၁ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၆၈ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၀၂ ဦး လိုက်ပါခဲ့ကြသည်။

ထို့အပြင် စင်ကာပူနိုင်ငံတွင် ရောက်ရှိနေပြီး အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၃၀ အား မြန်မာသံရုံးနှင့် သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာအမျိုးသားလေကြောင်းလိုင်း Charter Flight စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။



၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ ကိုရီးယားသမ္မတနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၂၁ ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာ မောင်ဟန်တင့် (ပင်လည်ဘူး)၏ "စိန်စီသောမြစ်နှင့် အခြားကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ယင်းစာအုပ်တွင် စုစုပေါင်း ကဗျာပုဒ်ရေ ၆၀ ပါဝင်ပြီး ရှေးစာဆိုများ၏ ဂုဏ်အထူးကို ညွှတ်နူးသည့်ကဗျာများအပြင် ကာလဒေသပယောဂနှင့်ယှဉ်၍ ဆင်ခြင်တွေးဆအပ်သည့်အကြောင်းအချက်များ၊ ကိုယ်ကျင့်တရားနှင့် မိဘမေတ္တာဖွဲ့၊ ရွာအလွမ်းဖွဲ့၊ စစ်၏အနိဋ္ဌာရုံနှင့် သွေးစည်း ညီညွတ်ရေးတို့ကို ကာရန်မိမိ၊ အလင်္ကာ၊ ဂုဏ်မြောက်စွာ ဖွဲ့နွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၃၀၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြောက်ဦးမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ကမ္ဘောဇဘဏ်ပေးပို့လှူဒါန်း

**မြောက်ဦး စက်တင်ဘာ ၈**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလတွင် ရခိုင်ပြည်နယ်နှင့် နိုင်ငံတစ်ဝန်း ရောဂါခံစားနေရသောလူနာများနှင့် ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနေကြသည့် ကျန်းမာရေး ဝန်ထမ်းများအတွက် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၈ ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့ ခရိုင်ပြည်သူ့ဆေးရုံ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်သန်းထံသို့ ကမ္ဘောဇဘဏ် (မြောက်ဦး) ဘဏ်ခွဲ တာဝန်ခံ ဦးသိန်းကျော်က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ လူနာများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည့် ဝန်ထမ်းများအတွက် အထောက်အကူပြုပစ္စည်းခြောက်မျိုး သွားရောက်လှူဒါန်းသည်။ **(ယာပုံ)**

ကမ္ဘောဇဘဏ်က ယနေ့လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်း ခြောက်မျိုးမှာ ဆေးရုံသုံးနှာခေါင်းစည်း ၁၂၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်နှာအကာ ၃၀၀၊ လက်အိတ် ၁၅၀၀၊ မျက်မှန် ၆၀ နှင့် နိုင်ငံတကာအဆင့်မီ PPE ဝတ်စုံ ၆၀ တို့ဖြစ်သည်။ ယင်းလှူဒါန်းမှုများအပြင် ကမ္ဘောဇဘဏ်သည် ဩဂုတ် ၂၄ ရက်တွင် ရခိုင်ပြည်နယ်အတွင်း အသွားအလာကန့်သတ် စောင့်ကြည့်လူနာများအနက် နေ့စဉ်စားသောက်စရိတ်ခက်ခဲသည့် ပြည်သူတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အလှူငွေကျပ် သိန်း ၃၀၀ ကိုလည်းကောင်း၊ ဩဂုတ် ၂၆ ရက်၌ Air KBZ အရေးပေါ်ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ ကာကွယ်ရေး အထောက်အကူပြုပစ္စည်း ခုနစ်မျိုးကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ လုပ်ဆောင်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့ပြင် ရခိုင်ပြည်နယ်ရှိ အခြားမြို့များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ မြို့များသို့လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကိုနေရာအရောက် စနစ်တကျပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် ရှမ်းပြည်နယ် ပြည်သူ့လူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ စက်တင်ဘာ ၇ ရက်တွင် လှူဒါန်းထားရှိသည့် ငွေကျပ်သိန်း ၂၀၉၀ တန်ဖိုးရှိ ဆေးရုံသုံး နှာခေါင်းစည်း ၁၀ သိန်း၊ ခေါင်းစွပ်တစ်သိန်း၊ လက်အိတ် တစ်သိန်း၊ မျက်နှာအကာ ၅၀၀၀၀၊ Hand Gel ဘူးကြီး ၅၀၀၀၊ PPE ဝတ်စုံ ၁၀၀၀ တို့ကို ရခိုင်ပြည်နယ် အပါအဝင်နိုင်ငံတစ်ဝန်းသို့ စနစ်တကျဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း ကော်မတီမှတစ်ဆင့် သိရှိရသည်။





ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင်အချိန် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၃၇၃၂ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာ ဒေသမရွေး လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ **ကိုကျော်**

# ဖိနပ်သေးသေးလေးတစ်ရံနှင့် အမှတ်တရ ရသစာစုများ စာအုပ်ထွက်ရှိ

လေယာဉ်မှူးကြီး သိန်းဇော်၏ ပဉ္စမမြောက် သုတရသ လက်ရာကောင်း စာအုပ်ဖြစ်သည့် ဖိနပ်သေးသေးလေးတစ်ရံနှင့် အမှတ်တရရသစာစုများ စာအုပ်မှာ ယခုလအတွင်း ထွက်ရှိလာခဲ့ပြီဖြစ်သည်။ လေယာဉ်မှူးကြီး သိန်းဇော်မှာ အငြိမ်းစားလေတပ်လေသူရဲတစ်ဦးဖြစ်ပြီး လက်ရှိတွင်လည်း ပုဂ္ဂလိက လေကြောင်းလိုင်းတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ သူ၏စာစုအများစုသည် သုတနှင့် ရသကို ပေါင်းစပ်၊ ရိုးသားမှုနှင့် လူ့သဘောစရိုက်ကို ပေါ်လွင်အောင်ဖော်ကျူးသည့် စာစုများဖြစ်သည်ကို အထူးမိတ်ဆက်ပေးရန်မလိုဟု ယူဆမိပါသည်။

ယခုစာအုပ်တွင် ခေါင်းစဉ်တစ်ခုစီဖြင့် အပုဒ်ရေ ၂၇ ပုဒ်ခန့် ပါဝင်သည်။ စာရေးဆရာ၏ ဘဝအတွေ့အကြုံ၊ ဖြတ်သန်းရာ နယ်ပယ်နှင့် လူမှုစရိုက်မျိုးစုံအပြင် သားသမီးရင်းနှင့်မခြား မေတ္တာအပြန်အလှန်ပေးအပ်နေသည့် ဖိနပ်သေးသေးလေးတစ်ရံပိုင်ရှင် လုံးချော စသည်ဖြင့် စိတ်အာဟာရ ဖြည့်စွမ်းပေးသည့် စာကောင်းများဟု ညွှန်းဆိုလိုပါသည်။ စက်တင်ဘာလအတွင်း စာစည်းစိမ်စာပေမှ ထုတ်ဝေထားပြီး တန်ဖိုးမှာ ၂၇၀၀ ကျပ်ဖြစ်သည်။ **မြန်မာ့အလင်း**




# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ငွေနတ်သား | လေးဘက်နာနှင့် ထိပ်ကပ်နာကုဆေး | ဆေးမှုန့်/ထုပ် | အမှတ်(၁၁၈)၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် | Paracetamol |
| ဘေးထွက်ဆိုးကျိုးအနေဖြင့် အသည်းထိခိုက်ပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းများ ဖြစ်စေနိုင်ပါသည်။ | | | | | |







Paracetamol ရောနှောသည့် ဆေးထုပ်နမူနာ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြော်ငြာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**ရက် ၆၀ သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## လဲချားမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**လဲချား စက်တင်ဘာ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပညာပေးသင်တန်းဖွင့်လှစ်ခြင်းကို ယမန်နေ့က သီရိဟံသာခန်းမ၌ သင်တန်းဖွင့်လှစ်သည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းတင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ဥပဒေ၊ နည်းဥပဒေနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များ ထုတ်ပြန်ကြေညာခြင်း စသည့်ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသူနောင် (ပြန်/ဆက်)**

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၈

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးမြင့်ဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများ ခင်ဗျား-**

မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်လိုက်ပါတယ်။

၂၀၂၀ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လာမယ့် နိုဝင်ဘာလ (၈) ရက်နေ့မှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ လွှတ်တော်အသီးသီးအတွက် မြို့နယ်ပေါင်း (၁၇၅)မြို့နယ်၊ မဲဆန္ဒနယ်မြေပေါင်း (၃၈၄)နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ဖွဲ့စည်းထူထောင်ခဲ့တာဟာ အနှစ် (၃၀) ကျော်ခဲ့ပါပြီ။ ခိုင်ခိုင်မာမာရပ်တည်နေတဲ့ နိုင်ငံရေးပါတီဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီမှာ "လူအများကောင်းစားရေး" ကို အခြေခံတဲ့ လမ်းညွှန်သဘောတရားမူဝါဒ အခိုင်အမာရှိပါတယ်။ ဒီမူဝါဒကို အကောင်အထည်ဖော်ဖို့ "ပြည်သူ့အကျိုးပြု၊ မြန်မာ့လမ်းစဉ်" ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပါတီရဲ့လုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ အစွန်းတရားတွေဘက် ရောက်မသွားစေအောင် ထိန်းညှိပေးတဲ့ "မဇ္ဈိမပဋိပဒါကျင့်စဉ်"ကို ကျင့်သုံးလျက်ရှိပါတယ်။ ကျွန်တော်တို့ပါတီဟာ လမ်းညွှန်သဘောတရား၊ ဝါဒ၊ လမ်းစဉ်၊ ကျင့်စဉ်တွေကို နိုင်ငံရေးပါတီ ပီသစွာ စနစ်တကျ ချမှတ်ကျင့်သုံးလျက်ရှိတဲ့ ပါတီဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်သူများကို အသိပေးတင်ပြရခြင်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများ ခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူများအနေနဲ့ ကျွန်တော်တို့ပါတီရဲ့ ဝါဒ၊ လမ်းစဉ်၊ ကျင့်စဉ်နဲ့ ပါတီရဲ့ သဘောထားရပ်တည်ချက်တွေကို ကောင်းစွာသိရှိပြီး ဒီပါတီဟာ ပြည်သူတွေရဲ့ အကျိုးစီးပွားကို တကယ်သယ်ပိုးနိုင်တဲ့ ပါတီ၊ ယုံကြည်ကိုးစားထိုက်တဲ့ပါတီလို့ သိမြင်လာပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ဖို့အတွက် ပါတီရဲ့ရွေးကောက်ပွဲကြေညာစာတမ်းကို ပြည်သူတွေထံအသိပေးတင်ပြထားပါတယ်။ ရွေးကောက်ပွဲကြေညာစာတမ်းထဲက ကျွန်တော်တို့ပါတီက ဖော်ဆောင်သွားမယ့် တစ်မျိုးသားလုံးအတွက် အရေးကြီးတဲ့အချက်အချို့ကို ကျွန်တော်တင်ပြအစီရင်ခံသွားပါ့မယ်။

ပထမဦးစွာ တိုင်းရင်းသားလူမျိုးများနဲ့ပတ်သက်တဲ့ သဘောထားတွေကို တင်ပြပါ့မယ်။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးရရှိဖို့ဟာ အလွန်အရေးကြီးပါတယ်။ ဒီကနေ့နိုင်ငံမှာ ဖော်ဆောင်နေတဲ့ ထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ မရှိမဖြစ် လိုအပ်တဲ့ အချက်ဖြစ်နေပါတယ်။ ဒါကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ပါတီက ဖော်ဆောင်သွားမယ့် သဘောထားလေးချက်ကို တင်ပြပါ့မယ်။

(တစ်) တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူ၊ ရည်တူ ရှိရေးပါ။ တန်းတူရည်တူဆိုရာမှာ တိုင်းရင်းသားတွေအတွင်းမှာ လူမျိုးကြီး၊ လူမျိုးငယ် မခွဲခြားရေး၊ အခွင့်ထူးခံမရှိစေရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ခေါင်းပုံမဖြတ်ရေး၊ လူညွန့်မခူးရေး စတဲ့အချက်တွေ ဖြစ်ပါတယ်။

(နှစ်) တိုင်းရင်းသားတွေအတွင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်မယ့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိစေရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာမှာ ပါဝင်ရမယ့် အခြေခံအချက်လည်း ဖြစ်ပါတယ်။

(သုံး) ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးအနေနဲ့ ရှင်သန်ရပ်တည်ပိုင်ခွင့် ရှိရေးဖြစ်ပါတယ်။ လူမျိုးတစ်မျိုးအနေနဲ့ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးတမ်း၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာ ယဉ်ကျေးမှု အစဉ်အလာတွေ ပျောက်ပျက်မသွားစေဖို့ ထိန်းသိမ်း စောင့်ရှောက်ခွင့်တွေရှိနေရမှာ ဖြစ်ပါတယ်။

(လေး) တိုင်းရင်းသားတွေအတွင်းမှာ ညီညာတဲ့ဖွံ့ဖြိုးတိုးတက်မှု (Even Development) ရှိနေရပါမယ်။ တိုင်းရင်းသားတွေအတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ရပါမယ်။ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေအကြား သယံဇာတ၊ ခနဉ္စာ ခွဲဝေသုံးစွဲခွင့်နဲ့ ညီညွတ်မျှတတဲ့ ခွဲဝေခွင့် ရှိရမှာဖြစ်ပါတယ်။

ဒီအချက်တွေဟာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာမှာ မပါမဖြစ် ပါဝင်ရမယ့် အခြေခံအချက်တွေလည်း ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများ ခင်ဗျား-**

ကျွန်တော်တို့နိုင်ငံဟာ ပထဝီအနေအထားအရ နိုင်ငံကြီး နှစ်နိုင်ငံရဲ့ကြားမှာ ကျရောက်နေပါတယ်။ ဒါ့အပြင် အင်အားကြီး နိုင်ငံကြီးနှစ်ခုရဲ့ အားပြိုင်လှုပ်ရှားကြရာမှာ မဟာဗျူဟာကျတဲ့ အနေအထားမှာရှိနေပါတယ်။ ဒီနိုင်ငံကြီး နှစ်ခုရဲ့အားပြိုင်မှုမှာ ကြားညပ်မခံရဖို့ အလွန်အရေးကြီးပါတယ်။ နိုင်ငံတကာ နိုင်ငံရေးအခင်းအကျင်းနဲ့ သံတမန်ရေးရာကို ကျွမ်းကျင်လိမ္မာစွာကျင့်သုံးနိုင်ဖို့လိုပါတယ်။ ဒါ့ကြောင့် နိုင်ငံခြားရေးမူဝါဒမှာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့-

- လွတ်လပ်ပြီး တက်ကြွတဲ့ ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးရပါမယ်။
- ဒီမူဝါဒမှာ နိုင်ငံခေါင်းဆောင်ကြီးတွေ ချမှတ်ခဲ့တဲ့"ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူကြီး 'ငါး' ချက်ပါဝင်သွားမှာ ဖြစ်ပါတယ်။
- နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနဲ့ ပိုမိုထိတွေ့ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားရပါမယ်။
- ဒါ့ပြင် တိုင်းပြည်ရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ရေးကို ထိပါးစေတဲ့ ကိစ္စမျိုးတွေကို ဆန့်ကျင်ကန့်ကွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး မဲဆန္ဒရှင်ပြည်သူများအတွက် အဓိကကျတဲ့ စီးပွားရေးမူဝါဒပိုင်းကို တင်ပြပါမယ်။

ကုန်ထုတ်လုပ်မှု တိုးတက်စေဖို့ ပုဂ္ဂလိကပိုင်ကဏ္ဍကို အထူးပြုတဲ့ ဈေးကွက်ယန္တရားကို သုံးစွဲပြီး နိုင်ငံတော်ရဲ့ ဓနအင်အား(Wealth) ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီတိုးတက်လာတဲ့ ဓနအင်အားကို ခွဲဝေရာမှာတော့ လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် တရားမျှတမှုကို အရင်းခံတဲ့ "လူမှုသဟဇာတ မျှတရေး"မူကို ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

- ဓနအင်အား ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် သဘာဝသယံဇာတ အရင်းအမြစ်တွေကို ထုတ်နုတ်သုံးစွဲတဲ့နေရာမှာ နောင်လာနောက်သား၊ သားစဉ်မြေးဆက်တိုင်အောင် ထုတ်လုပ်သုံးစွဲနိုင်မယ့် အစီအမံတွေ ချမှတ်သွားရပါမယ်။
- နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ အရအသုံးလိုငွေတွေ များပြားနေတာ၊ ငွေကြေးပမာဏကြီးထွားနေတာ၊ ငွေကြေးဖောင်းပွမှု မြင့်မားနေတာ၊ ပို့ကုန်ဝင်ငွေ လျော့နည်းကျဆင်းနေတာ၊ ဈေးနှုန်းတွေ မြင့်တက်နေတာ စတဲ့အကြောင်းတရားတွေကြောင့် ပြည်ပချေးငွေနဲ့ စီးပွားရေးမှာ အခြေပြုနေရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ နိုင်ငံအတွက် ရေရှည်မှာ ချေးငွေကို အခြေပြုရတဲ့ စီးပွားရေးပုံစံ(Credit based Economy)မျိုးမဖြစ်စေဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။
- တိုင်းရင်းသားတွေရဲ့ လိုအင်ဆန္ဒဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်စနစ် တည်ဆောက်ရာမှာ အခြေခံဖြစ်တဲ့ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် "ဒေသဖွံ့ဖြိုးရေးစီမံကိန်း"တွေ ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများ ခင်ဗျား-**

ကျွန်တော်တို့နိုင်ငံမှာ ခေတ်အဆက်ဆက်ပြောင်းခဲ့ပေမယ့် လူအများစုကြီးဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့ဘဝဟာ ဒုံရင်း၊ ဒုံရင်း အခြေအနေပဲရှိနေတာတွေ့ရပါတယ်။ ဒီကနေ့အထိ မြေယာပြဿနာတွေ၊ သီးနှံဈေးနှုန်း "ကမောက်ကမ" ဖြစ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုလိုအပ်လို့ လယ်သမားတွေ ကြွေးပင်လယ်ဝေနေရတာတွေ စတဲ့ပြဿနာပေါင်း သောင်းခြောက်ထောင် ရင်ဆိုင်နေကြရပါတယ်။

အဓိကကတော့ မြေယာမူဝါဒပါပဲ။ လယ်သမားတွေအတွက် မြေယာမူဝါဒဟာ "သီးနှံစိုက်ပျိုးထုတ်လုပ်သူတိုင်း လယ်ယာမြေပိုင်ဆိုင်ခွင့်ရှိရမယ့် မူဝါဒဖြစ်ဖို့"လိုပါတယ်။ အခုပြဋ္ဌာန်းထားတဲ့ လယ်ယာမြေဥပဒေကို ပြင်ဆင်ရပါမယ်။ ဈေးကွက်စီးပွားရေးယန္တရားနဲ့ မြေယာမူဝါဒကိုက်ညီရပါမယ်။ ဒါ့ကြောင့် လယ်သမားလုပ်တဲ့မြေ လယ်သမားပိုင်ဆိုင်ရေးအတွက် နိုင်ငံရေးနည်းလမ်း၊ ဥပဒေနည်းလမ်း၊ စီးပွားရေးနည်းလမ်းများနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

- လယ်ယာမြေအသုံးချရေးမူဝါဒကို စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော်ပါ့မယ်။
- တောင်သူလယ်သမားတွေ သီးနှံထုတ်လုပ်ရေးအတွက် အရင်းအနှီးရရှိစေဖို့ နှစ်လတ်၊ နှစ်ရှည် ချေးငွေပေးနိုင်အောင် အစီအမံတွေ ချမှတ်ရမှာ ဖြစ်ပါတယ်။
- တောင်သူလယ်သမားတွေအတွက် လယ်ယာထွက်ကုန်များကို အာမခံထားတဲ့စနစ် ကျင့်သုံးပါ့မယ်။
- တောင်သူလယ်သမားတွေ အားထားရမယ့် ကျွဲ၊ နွားတွေ နိုင်ငံခြားတင်ပို့နေမှုကို ရပ်ဆိုင်းပစ်မှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအရရော စီးပွားရေးအရပါ အလွန်အရေးပါတဲ့ အင်အားစုဖြစ်တဲ့ အလုပ်သမားများနဲ့ ပတ်သက်တဲ့ သဘောထားတွေကို တင်ပြပါ့မယ်။ အလုပ်သမားတွေအပေါ်မှာ ဂုဏ်သိက္ခာ ကျဆင်းစေခြင်းနဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းတွေဟာ မကင်းစင်သေး ပါဘူး။ အခြေခံရပိုင်ခွင့်တွေဖြစ်တဲ့ အလုပ်ခွင်တည်မြဲပိုင်ခွင့်၊ အနည်းဆုံး အခကြေးငွေရပိုင်ခွင့်၊ လျော်ကြေးရပိုင်ခွင့်၊ လူမှုဖူလုံရေး ရပိုင်ခွင့်တွေဟာလည်း မှေးမှိန်နေတုန်းပဲရှိပါတယ်။

- တည်ဆဲဥပဒေပါ အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေး၊
- အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ထွန်းရေး၊
- ပြည်ပက ပြန်လည်ရောက်ရှိလာတဲ့ အလုပ်သမားတွေရဲ့ဘဝလုံခြုံရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရေး၊
- အလုပ်သမားများအကျိုး ဆောင်ရွက်ပေးမယ့် အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာ စနစ်တကျ ဖွဲ့စည်းရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများ ခင်ဗျား-**

၂၀၂၀ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအပေါ် ပြည်သူများက အကဲဖြတ်နိုင်စေဖို့ ပါတီရဲ့ ဝါဒ၊ လမ်းစဉ်၊ ကျင့်စဉ်နဲ့ သဘောထား လုပ်ငန်းစဉ်တွေကို အကျဉ်းချုပ်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒီသဘောထားလုပ်ငန်းစဉ်တွေရဲ့ အနှစ်ချုပ်ဖြစ်တဲ့ ပါတီရဲ့ကြွေးကြော်သံကတော့ မျှော်လင့်ချက်အသစ်(New Hope)၊ ပြည်သူများက မျှော်လင့်ချက်အသစ်ကို ဖော်ဆောင်ကြပါစို့ (New Hope for the People)ဖြစ်ပါတယ်။ တိုင်းရင်းသားတွေ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ ပြည်သူတွေ မျှော်လင့်ချက်အသစ်ကို ဖော်ဆောင်နိုင်ကြဖို့ မကြာတော့မယ့်ကာလမှာ ဆန္ဒမဲပေးကြရတော့မှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲဟာ မဲဆန္ဒရှင်ပြည်သူတွေအတွက် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရမယ့် အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေဟာ ဒီအခွင့်အရေးကို အသုံးချပြီး "မျှော်လင့်ချက်အသစ်" နဲ့ ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်လောင်းတွေကို ဆန္ဒပေးရွေးချယ်နိုင်ကြပါစေလို့ တိုက်တွန်းဆန္ဒပြုလိုက်ပါတယ်။

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အောင်ရမည်

တိုင်းရင်းသားအားလုံး...ညီညွတ်မည်
ညီရင်းအစ်ကိုပမာ တို့ချစ်သည်
ထာဝစဉ်မခွဲ လက်တွဲမည် ဒါမှ ဒို့ပါတီ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အောင်ရမည်
မြန်မာပြည် ဒို့တိုင်းပြည် မြန်မာတို့ရဲ့ဇာတိသွေးက ဖွဲမာန်အပြည့်ရှိသည်
တိုင်းရင်းသားတို့ ထာဝရ စည်းလုံးညီညွတ်မည်
အမျိုးသားရေးကို ဦးတည် နိုင်ငံတော်ကို ချစ်မြတ်နိုးသည်
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အောင်ရမည်
မဲရုံသို့ မဲရုံသို့ သွားကြပါစို့(၂)
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိဖို့
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို မဲပေးကြပါစို့
မဲရုံသို့ မဲရုံသို့ သွားကြပါစို့(၂)
အခြေခံလူတန်းစားများရဲ့ စီးပွားရေးဘဝ မြှင့်တင်နိုင်ဖို့
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို မဲပေးကြပါစို့
မဲရုံသို့ မဲရုံသို့ သွားကြပါစို့(၂)
ပြည်သူများအတွက် မျှော်လင့်ချက်အသစ် ဖော်ဆောင်ဖို့
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို မဲပေးကြပါစို့
တိုင်းရင်းသားအားလုံး...ညီညွတ်မည်
ညီရင်းအစ်ကိုပမာ တို့ချစ်သည်
ထာဝစဉ်မခွဲ လက်တွဲမည် ဒါမှ ဒို့ပါတီ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အောင်ရမည်
ပြည်သူများအတွက် မျှော်လင့်ချက်အသစ်ကို ဖော်ဆောင်ကြပါစို့။



# လူမှုအသိုင်းအဝိုင်း လုံခြုံရေး

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့်ပြဿနာများသည် များပြားပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ARSA အကြမ်းဖက်အဖွဲ့က စတင်တိုက်ခိုက်မှုများရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် စိန်ခေါ်မှုများစွာရင်ဆိုင်ခဲ့ရပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် AA အဖွဲ့၏ စတင်တိုက်ခိုက်မှုများကြောင့် စိန်ခေါ်မှုများ ပိုမိုရင်ဆိုင်ခဲ့ရပါကြောင်း၊ ပြည်သူများလည်း များစွာဒုက္ခရောက်ခဲ့ကြပါကြောင်း၊ တိုက်ပွဲများဖြစ်သည့်အခါ အပြစ်မဲ့ပြည်သူများ ထိခိုက်ကြရပါကြောင်း၊ မိမိတို့ပြည်သူများကို ကာကွယ်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်ရပါကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဆက်စပ်နေသည်မှာ လူမှုအသိုင်းအဝိုင်း လုံခြုံရေးဖြစ်ပါကြောင်း၊ ယင်းကိစ္စတွင် ကျန်းမာရေးလည်း ပါဝင်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေရမည်ဆိုပါက လူမှုအသိုင်းအဝိုင်းတွင် လုံခြုံမှုမရှိနိုင်သည့်အတွက် တစ်ချိန်လုံးစိုးရိမ်နေရပါကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများ ထပ်တလဲလဲ ထုတ်ပြန်သတိပေးထားပါကြောင်း။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၉၁ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၇၀၉ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၁၉၁ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၇၀၉ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၇၀၉ ဦးအနက် သေဆုံးသူ ၁၀ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၄၆၀ နှင့် စက်တင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၈၈ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၇၉၄၇၁ | ၁၇၀၉ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၄၆၀ | ၁၀ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၈၃၉၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၄၆၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၈-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကိုသိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## ၈-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၄၈၆၄၂၆ | ၃၇၅၈၆၂၉ | ၁၉၃၅၈၇ |
| ၂။ | အိန္ဒိယ | ၄၂၈၄၁၀၃ | ၃၃၂၄၀၆၀ | ၇၂၈၄၃ |
| ၃။ | ဘရာဇီး | ၄၁၄၇၇၉၄ | ၃၃၅၅၅၆၄ | ၁၂၇၀၀၁ |
| ၄။ | ရုရှား | ၁၀၃၅၇၈၉ | ၈၅၀၀၄၉ | ၁၇၉၉၃ |
| ၅။ | ပီရူး | ၆၉၁၅၇၅ | ၅၂၂၂၅၁ | ၂၉၉၇၆ |
| ၆။ | ကိုလံဘီယာ | ၆၇၁၈၄၈ | ၅၂၉၂၇၉ | ၂၁၆၁၅ |
| ၇။ | တောင်အာဖရိက | ၆၃၉၃၆၂ | ၅၆၆၅၅၅ | ၁၅၀၀၄ |
| ၈။ | မက္ကဆီကို | ၆၃၇၅၀၉ | ၄၄၆၇၁၅ | ၆၇၇၈၁ |
| ၉။ | စပိန် | ၅၂၅၅၄၉ | စိစစ်ဆဲ | ၂၉၅၁၆ |
| ၁၀။ | အာဂျင်တီးနား | ၄၈၈၀၀၇ | ၃၆၆၅၉၀ | ၁၀၁၇၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈-၉-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၄၁၉၈၇ | ၁၈၅၁၇၈ | ၃၉၁၆ |
| အင်ဒိုနီးရှား | ၂၀၀၀၃၅ | ၁၄၂၉၅၈ | ၈၂၃၀ |
| စင်ကာပူ | ၅၇၀၉၁ | ၅၆၄၀၈ | ၂၇ |
| မလေးရှား | ၉၅၅၉ | ၉၁၃၆ | ၁၂၈ |
| ထိုင်း | ၃၄၄၆ | ၃၂၈၄ | ၅၈ |
| မြန်မာ | ၁၇၀၉ | ၄၆၀ | ၁၀ |
| ဗီယက်နမ် | ၁၀၅၄ | ၈၆၈ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၇၃ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၈-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၇-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၂၆,၉)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့မှ ဓာတ်ခွဲနမူနာ (၅၂) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၃၃) ခု၊

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၈-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၇-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (ဒုတိယအသုတ်) | (၁,၂၆၉) ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့မှ (ဒုတိယအသုတ်) | (၇၃) ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(စစ်တွေမြို့) | (၇၀)ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(ကျောက်ဖြူမြို့) | (၅၂)ခု |
| နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) | (၃၃)ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(မြောင်းမြမြို့) | (၇)ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(ဘားအံမြို့) | (၆)ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(လွိုင်ကော်မြို့) | (၅)ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(ထားဝယ်မြို့) | (၅)ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(မူဆယ်မြို့) | (၃)ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(ပုသိမ်မြို့) | (၂)ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(မြဝတီမြို့) | (၁)ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(ဟားခါးမြို့) | (၁)ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၉၂) ဦး |

- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု နှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၅၂၇)ခု အား စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၂) ဦး တွေ့ရှိရပါသည်။

၂။ (၇-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၉၂၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၉) ခု၊

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၈-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၉၂) ဦး | (၁,၆၁၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၃၈၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၈) ဦး |

- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၂၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့မှ ဓာတ်ခွဲနမူနာ (၂၂၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၅၂) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု နှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၆၉၇)ခု အား စစ်ဆေးပြီးစီးခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၄၆) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၄) ဦး တွေ့ရှိကြောင်းအား (၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၈-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁,၆၁၀) ဦးရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၈)ဦး ရှိပါသည်။

၅။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

✻ *ကျောဖုံးမှ*

၂။ (၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁,၇၀၉) ဦးရှိပါသည်။

၃။ ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အသက် (၆၅) နှစ်အရွယ် ဆီးချို၊ သွေးတိုးရောဂါအခံရှိသူ အမျိုးသားတစ်ဦး၊ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (Case – 1629) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် အသက်ရှူလမ်းကြောင်း ရုတ်တရက် ပျက်စီးခြင်းရောဂါဖြင့် (၇-၉- ၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၃၀) နာရီအချိန်တွင် သေဆုံးခဲ့ပါသည်။

၄။ COVID-19 ကုသရေးဌာန (ဖောင်ကြီး) တွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အသက် (၈၂) နှစ်အရွယ် ဆီးချို၊ သွေးတိုးရောဂါအခံရှိသူ အမျိုးသမီးတစ်ဦး၊ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (Case – 1485) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် အသက်ရှူလမ်းကြောင်း ရုတ်တရက်ပျက်စီးခြင်း ရောဂါဖြင့် (၈-၉-၂၀၂၀) ရက်နေ့၊ မွန်းလွဲ (၃:၁၀) နာရီအချိန်တွင် သေဆုံးခဲ့ပါသည်။

၅။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် (၄၆၀) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၆။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၁၀)ဦး ရှိပါသည်။

၇။ (၇-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၈-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၈၈) ဦး ရှိပါသည်။

၈။ ဓာတ်ခွဲစစ်ဆေးမှုများ ပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

(၈-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၂,၂၃၅) ခုအနက် အတည်ပြုလူနာ (၉၉) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၁၁ |
| | | သာစည်မြို့နယ် | ၄ |
| | | အောင်မြေသာဇံမြို့နယ် | ၁ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ် | ၇ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၂၄ |
| | | မင်္ဂလာဒုံမြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၁ |
| | | လှိုင်မြို့နယ် | ၁ |
| | | အလုံမြို့နယ် | ၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၃ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၄ |
| | | သာကေတမြို့နယ် | ၅ |
| | | ရန်ကင်းမြို့နယ် | ၃ |
| | | မရမ်းကုန်းမြို့နယ် | ၆ |
| | | စမ်းချောင်းမြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၁ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၁ |
| | | ပုဇွန်တောင်မြို့နယ် | ၁ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁ |
| | | သာကေတမြို့နယ် | ၂ |
| | | ပန်းဘဲတန်းမြို့နယ် | ၁ |
| | | လမ်းမတော်မြို့နယ် | ၂ |
| | | လှည်းကူးမြို့နယ် | ၁ |
| | | ဒလမြို့နယ် | ၁ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၃ |
| | | ကျောက်ဖြူမြို့နယ် | ၂ |
| ၄ | ကချင်ပြည်နယ် | မြစ်ကြီးနားမြို့နယ် | ၁ |
| ၅ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၂ |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၈-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၄၆) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၅၁) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပမထအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၆၈) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပမထအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၆) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၅) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မြောင်းမြမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (လွိုင်ကော်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ထားဝယ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ဟားခါးမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မကွေးမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆) ခု |
| (၈-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ကုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၉၉) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၉၉) ဦး | (၁,၇၀၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၆) ဦး | (၄၆၀) ဦး |
| သေဆုံးလူနာ (death) | (၂) ဦး | (၁၀) ဦး |

# ဟားခါးမြို့၌ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းအစီအစဉ်များကို လစဉ်လဆန်း ၄ ရက်မှ စတင်၍ ပိတ်ရက်မရှိ ဆောင်ရွက်ပေးမည်



ဟားခါး စက်တင်ဘာ ၈

ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကာလအတွင်း ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းအစီအစဉ်များကို စက်တင်ဘာ ၇ရက်မှ စ၍ ပုံမှန်ပြန်လည်ဆောင်ရွက်လျက်ရှိရာ လာမည့် အောက်တိုဘာလမှစ၍ လစဉ်လဆန်း ၄ ရက်ကို စတင်သတ်မှတ်ပြီး ပိတ်ရက်မရှိ ဆောင်ရွက်ပေးမည် ဖြစ်သည်။

ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက် လာရောက်သည့် ကလေးငယ်များနှင့် မိခင်များအား နှာခေါင်းစည်းတပ်ဆင်စေခြင်း၊ လက်ဆေးစေခြင်းနှင့် အပူချိန်တိုင်းတာခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မိခင်၊ ကလေးကျန်းမာရေးဌာန ဟားခါးမြို့နယ် တာဝန်ခံ ဆရာမ ဒေါ်နီနော့နန်းထံမှ သိရသည်။

မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်ရှစ်ရပ်ကွက်နှင့် ကျေးရွာများ၌ တစ်ရက်လျှင် ကလေးငယ် ၃၀ မှ ၅၀ အထိ သတ်မှတ်ကာ ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာလအထိ ရောဂါ ၁၁ မျိုးအတွက် ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းများဆောင်ရွက်ရာမှ လာမည့် အောက်တိုဘာ ၂၀ ရက်မှ စတင်၍ ရောဂါ ၁၂ မျိုးအတွက် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)







## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ဝ၆၇-၃၄ဝ၄၆၆၆ နှင့် ဝ၆၇-၃၄ဝ၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၉ - ၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃ဝ၉ဝဝဝ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃ဝ၄ဝဝဝ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၂ဝဝဝ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃ဝ၈ဝဝဝ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃ဝ၃ဝဝဝ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃ဝဝဝဝ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၅/၅၈၅ ကျပ် | ၅၇၅/၅၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၅/၅၉၅ ကျပ် | ၅၉ဝ/၆ဝဝ ကျပ် |
| အောက်တိန်း ၉၂ | ၄၈၅/၅၃၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၅/၆၄၅ ကျပ် | ၆၈ဝ/၆၉ဝ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၃၄ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၇၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၉၇၅ . ၅ဝ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၄၉ . ၄ |
| ဂျပန် | ၁ဝဝ ယန်း | ကျပ် ၁၂၅၅ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၇ဝ . ၃ဝ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၅ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၁၂၈ |
| ကိုရီးယား | ၁ဝဝ ဝမ် | ကျပ် ၁၁၂ . ၂၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၂ဝ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ . ၄၇၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉ဝဝ | ၉၉ဝဝ | ၅၈ဝ | ၅၇၁၁ဝဝဝ |
| MTSH | ၃၆ဝဝ | ၃၆၅ဝ | ၁၄၈၄ | ၅၄၁၄၈၅ဝ |
| MCB | ၇၉ဝဝ | ဝ | ဝ | ဝ |
| FPB | ၂၂ဝဝဝ | ၂၂ဝဝဝ | ၄ | ၈၈ဝဝဝ |
| TMH | ၂၈ဝဝ | ၂၈ဝဝ | ၂ | ၅၈ဝဝ |
| EFR | ၃ဝဝဝ | ၃ဝ၅ဝ | ၂၉ | ၈၇၄၅ဝ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီဌေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်အောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (ဝ၁ဝ၉၃)
ပုံနှိပ်ခြင်းအမှတ် - (ဝဝ၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ဝ၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၄၅၊ ဖက်စ် ဝ၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄ဝ၊ စာတည်းအဖွဲ့ ဝ၁-၅၄၄၃ဝ၉၊ မန်နေဂျာ ဝ၁-၅၄၄၃၁၄၊ စီမံ ဝ၁-၅၄၄၃၁၅၊ ငွေစာရင်း ဝ၁-၅၄၄၃၁၆၊ ကြော်ငြာ ဝ၁-၅၄၅၈၃၄၊ ဝ၁- ၅၅၉၁၁၈၊ Fax ဝ၁-၅၄၆၂၂၁၊ ဝ၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ဝ၁-၅၄၄၃၁၇၊ Fax ဝ၁-၈၆ဝ၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၃၄)

# လိမ်လည်လှည့်ဖြားခြင်း



ဦးဟန်ညွန့် (ဥပဒေ)

### မောင်ပျင်းရိ၏မေးခွန်း

"ဆရာကြီးခင်ဗျာ၊ ပြီးခဲ့တဲ့အပတ်က လွတ်လပ်သောသဘောဆန္ဒ အကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ဒီတစ်ပတ်တော့ လိမ်လည်လှည့်ဖြားခြင်း အကြောင်း သိချင်ပါတယ်။ ပဋိညာဉ်အက်ဥပဒေမှာ လိမ်လည်လှည့်ဖြားခြင်းအကြောင်း ဘယ်လိုဖော်ပြထားပါသလဲ။ သိပါရစေခင်ဗျာ" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေးမြန်းလာပါသည်။ ထို့ကြောင့် ဤစာကိုရေးပါသည်။

### လိမ်လည်လှည့်ဖြားခြင်း

တရားဝင်ပဋိညာဉ်တစ်ရပ်ဖြစ်မြောက်ရန် လွတ်လပ်သောသဘောဆန္ဒ ရှိရမည်။ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃ တွင် သဘောဆန္ဒပြုခြင်း၏အဓိပ္ပာယ်ကို ဖော်ပြထားသည်။

### ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၃

လိမ်လည်လှည့်ဖြားခြင်းကို အင်္ဂလိပ်ဘာသာအားဖြင့် FRAUD ဟု ခေါ်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်း ထားသည်-

ပဋိညာဉ်တစ်ရပ်တွင် ပါဝင်သူပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ ထိုသူ၏သွယ်ဝိုက်သောနည်းဖြင့် စေခိုင်းခြင်းခံရသူကဖြစ်စေ၊ ထိုသူ၏ကိုယ်စားလှယ်ကဖြစ်စေ၊ အဆိုပါပဋိညာဉ်တွင်ပါဝင်သော အခြားတစ်ဖက်ပုဂ္ဂိုလ်ကို (သို့မဟုတ်) ထိုပုဂ္ဂိုလ်၏ကိုယ်စားလှယ်က လိမ်လည်လှည့်ဖြားရန် (သို့မဟုတ်)ပဋိညာဉ် ပြုလုပ်စေရန်အလို့ငှာ သွေးဆောင်ရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါအမှု တစ်ရပ်ရပ်ကိုပြုလုပ်ခြင်းသည် လိမ်လည်လှည့်ဖြားခြင်းဖြစ်၏။




(၁) မှန်ကန်သည်ဟု မယုံကြည်သော ပုဂ္ဂိုလ်တစ်ဦးက၊ မမှန်သော အကြောင်းခြင်းရာ တစ်ရပ်ကို မှန်ကန်သည့်အနေဖြင့် အကြံဉာဏ်ပေးခြင်း၊
(၂) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကအကြောင်းခြင်းရာ တစ်စုံတစ်ရာကို မိမိသိရှိပါလျက် (သို့မဟုတ်) အဆိုပါ အကြောင်းခြင်းရာရှိကြောင်းကို ယုံကြည်ပါလျက်၊ ၎င်းအကြောင်းခြင်းရာကို ထိထိရောက်ရောက် ထိမ်ချန်ထားခြင်း၊
(၃) ကတိတစ်ရပ်ကို ဆောင်ရွက်ရန် ရည်ရွယ်ခြင်းမရှိဘဲ ပြုလုပ်ခြင်း၊
(၄) လိမ်လည်လှည့်ဖြားရန် မသင့်လျော်သော အခြားမည်သည့် အပြုအမူမျိုးကိုမဆို ပြုလုပ်ခြင်း၊
(၅) တရားဥပဒေက လိမ်လည်လှည့်ဖြားခြင်းမြောက်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသော အပြုအမူတစ်ရပ်ကိုပြုလုပ်ခြင်း (သို့မဟုတ်) မပြုလုပ်ဘဲ ပျက်ကွက်ခြင်း။

### ရှင်းလင်းချက်

အခြားပုဂ္ဂိုလ်တစ်ဦး၏ ပဋိညာဉ်ပြုလုပ်လိုသော စိတ်ဆန္ဒကို ထိခိုက်စေရန် အလားအလာရှိသည့် အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ ထုတ်ဖော်ပြောဆိုရန် တာဝန်မရှိလျှင် ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ နှုတ်ဆိတ်၍ နေရုံမျှဖြင့် လိမ်လည်လှည့်ဖြားမှုမမြောက်၊ သို့သော် နှုတ်ဆိတ်၍နေသူ၌ ထုတ်ဖော်ပြောဆိုရန် တာဝန်ရှိလျှင် (သို့မဟုတ်) နှုတ်ဆိတ်၍ နေခြင်းသည် ထုတ်ဖော်ပြောဆိုခြင်းနှင့်တူညီလျှင် ထိုသို့နှုတ်ဆိတ်၍နေခြင်းမှာ လိမ်လည်မှု မြောက်၏။

### လိမ်လည်ခြင်းခံစေရမည်

တစ်ခုခုကိုလိမ်လည်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော်လည်း အခြားပုဂ္ဂိုလ်တစ်ယောက်အား လိမ်လည်ခြင်းခံရစေမှသာလျှင် လိမ်လည်ခြင်းမြောက်၏။ ထို့ကြောင့် လိမ်လည်ခြင်းမြောက်စေရန်အတွက် အထက်ပါအပြုအမူ တစ်ခုခုကို လိမ်လည်ရန် ရည်ရွယ်ချက်ဖြင့်ပြုမူပြီး အခြားပုဂ္ဂိုလ်တစ်ဦးအား အမှန်လိမ်လည်ခြင်းခံစေရပေသည်။ လိမ်လည်ရန် ရည်ရွယ်ချက်ဖြင့်ပြုမူပြီး အခြားပုဂ္ဂိုလ်တစ်ယောက်အား လိမ်လည်ခြင်း မခံရစေလျှင်၊ လိမ်လည်မှု မမြောက်ချေ။

### မည်သည့်အချိန်တွင် ပဋိညာဉ်ကို ဖျက်သိမ်းနိုင်ပါသလဲ

မောင်ပျင်းရိတို့အဖွဲ့သိရှိနိုင်ရန် အောက်ပါအတိုင်း လေ့လာဖြေကြားပါသည်-

ပဋိညာဉ်တွင် အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည်

(က) ပဋိညာဉ်ကို တရားလိုက ဖျက်သိမ်းလိုလျှင် ဖျက်သိမ်းနိုင်ခွင့် သို့မဟုတ် ရပ်စဲနိုင်ခွင့်ရှိလျှင်သော်လည်းကောင်း၊
(ခ) အမြင်အားဖြင့် ထင်ရှားပေါ်လွင်မှုမရှိသည့် အကြောင်းကြောင့် တရားမဝင်သော ပဋိညာဉ်ဖြစ်လျှင်သော်လည်းကောင်း၊
(ဂ) အရောင်းပဋိညာဉ်သို့မဟုတ် အငှားပဋိညာဉ်အတိုင်းဆောင်ရွက်ရန် ဒီကရီချမှတ်ထားပြီး ဝယ်သူက ရောင်းဖိုးငွေ၊ ငှားယူသူက ငှားရမ်းခငွေနှင့် အမိန့်ရအခြားငွေပေးချေရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ပဋိညာဉ်ကို ဖျက်သိမ်းနိုင်သည်။

### လွတ်လပ်သောသဘောတူညီချက်မဟုတ်

ပဋိညာဉ်ပြုရာတွင် လွတ်လပ်သောသဘောတူညီချက်(Free Consent) ဖြစ်ရမည်။ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၅ ပါ အနိုင်အထက်ပြုခြင်း(Coercion)၊ ပုဒ်မ ၁၆ ပါ မလျော်သြဇာအသုံးပြုခြင်း (Undue influence)၊ ပုဒ်မ ၁၇ ပါ လိမ်လည်ခြင်း(Fraud)၊ ပုဒ်မ ၁၈ ပါ အလွဲပြောဆိုခြင်း( Misre- presentation) နှင့် အကြောင်းခြင်းရာအရ သို့မဟုတ် ဥပဒေအရမှားယွင်းခြင်း(Mistake) တို့ကြောင့်ပြုရသော ပဋိညာဉ်သည် လွတ်လပ်သောသဘောတူညီချက် မဟုတ်။ (ပဋိညာဉ်အက် ဥပဒေ ပုဒ်မ ၁၄)။

### ပျက်ပြယ်စေနိုင်သည့်ပဋိညာဉ်

အနိုင်အထက်ပြုခြင်း၊ လိမ်လည်ခြင်း သို့မဟုတ် အလွဲပြောဆိုခြင်းကြောင့် သဘောတူရသူက ပျက်ပြယ်လိုလျှင် ပျက်ပြယ်စေနိုင်သည်။ (ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၉)။ မလျော်သြဇာသုံး၍ သဘောတူရသူက ပျက်ပြယ် လိုလျှင်လည်း ပျက်ပြယ်စေနိုင်သည်။ (၎င်းပုဒ်မ ၁၉(က))။ မိခင်က အတူနေ သားသမီးတစ်ဦးသို့ အချင်းဖြစ် နေအိမ်နှင့် မြေကွက်ကို ရောင်းချရာ၌ အခြားသားသမီးများကို အသိပေးရမည်ဟု ဥပဒေသမရှိ။ တိတ်တဆိတ် အရောင်းအဝယ်ပြုရုံမျှဖြင့် မလျော်သြဇာသုံးသည်ဟု တထစ်ချမဆိုနိုင်ကြောင်း စီရင်ထုံးရှိပါသည်။ ပျက်ပြယ်သော သဘောတူညီချက်များနှင့် စပ်လျဉ်း၍ ၎င်းဥပဒေပုဒ်မ ၂၄ မှ ၃၀ အထိ ပြဋ္ဌာန်းထားသည်။ ပဋိညာဉ်ပြုသူတစ်ဦးဦးက ပျက်ပြယ်စေလိုက ပျက်ပြယ်နိုင်ခွင့်ရှိသည့် ပဋိညာဉ်များနှင့် ရပ်စဲပိုင်ခွင့်ရှိသည့် ပဋိညာဉ်များကို သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၅ အရ ဖျက်သိမ်း နိုင်သည်။

### ပဋိညာဉ်စာချုပ်အတိုင်းသီးခြားဆောင်ရွက်ပေးစေလိုမှု

ပဋိညာဉ်စာချုပ်အတိုင်း သီးခြားဆောင်ရွက်ပေးစေလိုမှုတွင် သီးခြားဆောင်ရွက်ပေးခြင်း မပြုနိုင်လျှင် တရားလိုသည် ထိုပဋိညာဉ်ကို ဖျက်သိမ်းပြီး လက်ရောက်ပေးအပ်စေရန် ပြောင်းလဲလျှောက်ထားနိုင်သည်။ ထို့ပြင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးရန် ငြင်းဆိုလျှင် တရားရုံးက ဖော်ပြပါအတိုင်း ဖျက်သိမ်းပြီး လက်ရောက်ပေးအပ်စေရန် ညွှန်ကြားနိုင်သည်။ ( သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၇)။ ပဋိညာဉ်ကို ဖျက်သိမ်းသည့်အခါ တရားရုံးက သက်သာခွင့်ရသူအား အခြားတစ်ဖက်ကို တရားမျှတမှုဖြစ်စေရန် လိုအပ်သော လျော်ကြေးပေးစေရန် ခွင့်ပြုနိုင်သည်။ (၎င်းပုဒ်မ ၃၈) ။

### ပဋိညာဉ်ဖျက်သိမ်းခြင်း(Rescission of contracts)

ပဋိညာဉ်ဖျက်သိမ်းခြင်း(Rescission of contracts) နှင့် စပ်လျဉ်း၍ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၅ တွင် လည်းကောင်း၊ စာချုပ်စာတမ်းများပြင်ဆင်ခြင်း(Rectification of instruments) ကို ထိုဥပဒေပုဒ်မ ၃၁ တွင်လည်းကောင်း၊ စာချုပ်စာတမ်းများအား ပယ်ဖျက်ခြင်း (Cancellation of instruments) ကိစ္စကို ထိုဥပဒေပုဒ်မ ၃၉ တွင်လည်းကောင်း ပြဋ္ဌာန်းထားသည်။

### ဆက်လက်လေ့လာဖတ်ရှုရန်

အလုပ်သင်ရှေ့နေ မောင်ပျင်းရိတို့အဖွဲ့အနေဖြင့် ပဋိညာဉ်အက်ဥပဒေသာမက ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ သီးခြားသက်သာခွင့်အက်ဥပဒေ တို့ကိုလည်း ရှာဖွေဖတ်ရှုသင့်ပါသည်။ ရည်ညွှန်းစာအုပ်များ၊ Burma (Myanmar)Code အတွဲ(၁၃)တွဲမှ သင့်နိုးရာရာများကို ရှာဖွေဖတ်ရှုနိုင်ပါသည်။

ယခုအခါ မြန်မာဘာသာပြန် ဥပဒေစာအုပ်များ၊ ဥပဒေပညာရှင်ကြီးများ၏ ဥပဒေကျမ်း လမ်းညွှန်စာအုပ်များကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်သည့်အခြေအနေများ တွေ့ရပါသည်။ ရာဇဝတ်မှုသာမက တရားမမှုများကိုပါ လေ့လာဖတ်ရှုနိုင်သည့်အခွင့်အရေးများ၊ အခြေအနေများ ပေးလျက်ရှိပါသည်။

### စေတနာ

အလုပ်သင်ရှေ့နေ မောင်ပျင်းရိတို့အဖွဲ့ သိရှိလိုသော လိမ်လည်လှည့်ဖြားခြင်း(FRAUD) အကြောင်း တွေးခေါ်စဉ်းစားမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ ------ ။ ။

နိုင်ငံတကာအနုပညာသတင်းပဒေသာ


## တွမ်ခရုဇ်၏ Mission: Impossible 7 ရိုက်ကူးရေးပြန်လည်စတင်

ဟောလိဝုဒ်မင်းသား တွမ်ခရုဇ်ပါဝင်သရုပ်ဆောင်တဲ့ Mission : Impossible 7 ရုပ်ရှင်ကို ကိုဗစ်- ၁၉ ကြောင့် ခုနစ်လကြာရိုက်ကူးရေး ရပ်နားထားရာကနေ အခုအခါမှာတော့ ရိုက်ကူးရေးတွေ ပြန်လည်စတင်နေပြီလို့ သိရပါတယ်။

ဒီရုပ်ရှင်ရဲ့ဒါရိုက်တာ ခရစ္စတိုဖာ မက်ကွာရီက အင်စတာဂရမ်အကောင့်ကနေ ရိုက်ကွင်းဓာတ်ပုံတွေကို ဝေမျှခဲ့ပါတယ်။ ရုပ်ရှင်ရိုက်ကူးရေး ပထမဆုံးနေ့ ပြန်လည်စတင်ပြီလို့လည်း အသိပေးခဲ့ပါတယ်။ သူပြသထားတဲ့ ဓာတ်ပုံထဲမှာ မြူတွေဆိုင်းနေတဲ့ ကောင်းကင်နှင့် နှင်းတောင်ကို ပြသခဲ့ပြီး မြင့်မားလှတဲ့ တာဝါကြီးကိုလည်း တွေ့မြင်ရပါတယ်။

အခုပြသထားတဲ့ နေရာတွေဟာ ရုပ်ရှင်မင်းသားတွမ်ခရုဇ် ဆိုင်ကယ်စတန့်အသုံးပြုဖို့ နေရာကောင်းတွေလည်း ဖြစ်ပါတယ်။ ရိုက်ကူးရေးလုပ်နေတာဟာ ဘယ်နေရာလဲဆိုတာကို ဖော်ပြမထားပေမယ့် နော်ဝေနိုင်ငံမှာ ရိုက်ကွင်းပြန်စမယ်လို့ ကြေညာထားပါတယ်။ Mission : Impossible 7 ကို ဥရောပတစ်ခွင် လှည့်လည်ပြီးရိုက်ကူးခဲ့ပေမယ့် ကိုဗစ်-၁၉ ဖြစ်လာတဲ့အခါ ဥရောပရဲ့ အချို့နေရာတွေမှာ ရိုက်ကူးဖို့မဖြစ်နိုင်တော့တဲ့အတွက် ရိုက်ကွင်းကနေ ခေတ္တနားခဲ့ရပါတယ်။ ဖေဖော်ဝါရီလအတွင်းက ဗင်းနစ်မြို့မှာ နောက်ဆုံးရိုက်ကူးခဲ့တာပါ။ ရိုက်ကွင်းမှာ နောက်ထပ်နှောင့်နှေးမှုတွေရှိလာရင် ၂၀၂၁ ခုနှစ်မှာတောင် ရုံမတင်နိုင်မှာကို စိုးရိမ်နေကြရပါတယ်။ တွမ်ခရုဇ်ကတော့ ပင်လယ်ကူးသင်္ဘောကြီးကို ပေါင်သန်းတစ်ဝက် အကုန်အကျခံငှားရမ်းထားပြီး၊ ရုပ်ရှင်အဖွဲ့သားတွေအတွက် အိမ်အဖြစ်ဖန်တီးပေးပြီး နော်ဝေမှာရိုက်နေစဉ်အတွင်း အားလုံးအတွက် လုံခြုံစိတ်ချရမှုရရှိအောင် ကြိုးစားသွားမယ်လို့ အခုလအစောပိုင်းက ပြောကြားခဲ့ပါတယ်။

**စကိုင်းနယူးစ်**



ဟောလိဝုဒ်ရုပ်ရှင်မင်းသားတွမ်ခရုဇ်

## လျှပ်စစ်ဆိုင်ကယ် မတော်တဆဖြစ်ပြီး ရီဟားနား ဒဏ်ရာရ

အဆိုတော်ရီဟားနားတစ်ယောက် လျှပ်စစ်ဆိုင်ကယ်ပေါ်ကနေ ပြုတ်ကျပြီး မျက်နှာမှာဒဏ်ရာရရှိခဲ့တယ်လို့ အမေရိကန်မီဒီယာတွေမှာ ဖော်ပြထားပါတယ်။

လော့စ်အိန်ဂျလိစ်မြို့ စားသောက်ဆိုင်အပြင်ဘက်မှာ ရီဟားနားရဲ့ မျက်နှာမှာ ဒဏ်ရာရနေတဲ့ပုံတွေ ထွက်ပေါ်လာတဲ့နောက် လျှပ်စစ်ဆိုင်ကယ် မတော်တဆဖြစ်မှုကြောင့် ဒီလိုဖြစ်ရတာဆိုပြီး ပီးပဲလ် ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ ဒဏ်ရာတွေဟာ လျင်လျင်မြန်မြန်ပဲ ပျောက်ကင်းသက်သာလာတယ်လို့ ရီဟားနားရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ် ။ အခုအခါမှာတော့ ပြည့်ပြည့်ဝဝ ပြန်လည်ကျန်းမာလာပြီး ပြီးခဲ့တဲ့သီတင်းပတ်အတွင်း လျှပ်စစ်ဆိုင်ကယ်ပေါ်က ပြုတ်ကျတဲ့အတွက် နဖူးနဲ့ မျက်နှာမှာ ဒဏ်ရာရရှိခဲ့တာပါလို့ သူက ဆက်ပြောပါတယ်။

အလားတူပါပဲ။ ဖျော်ဖြေရေးလောကမှာ အထင်ကရပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ ဆိုင်မွန်ကော်ဝဲလ်ဟာလည်း ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက ကယ်လီဖိုးနီးယားနေအိမ်မှာ လျှပ်စစ်ဆိုင်ကယ်ပေါ်ကနေပြုတ်ကျပြီးနောက် နောက်ကျောမှာ ဒဏ်ရာရရှိခဲ့ပါတယ်။

**စကိုင်းနယူးစ်**



အဆိုတော်ရီဟားနား

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများ လာရောက်လှူဒါန်း

ပဲခူး စက်တင်ဘာ ၈

**ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ယမန်နေ့က ရွှေကျင်မြို့မှ အလှူရှင်များက ကိုဗစ် - ၁၉ ကာကွယ်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများ လာရောက်လှူဒါန်းသည်။**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးသည် အခြားပြည်နယ်၊ တိုင်းဒေသကြီးတို့နှင့် ထိစပ်လျက်ရှိပြီး မြန်မာနိုင်ငံ၏ အဓိက ကုန်စည်စီးဆင်းမှု၏ လမ်းဆုံမြို့ဖြစ်၍ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများမှ အထူးသတိပြုဆောင်ရွက်လျက် ရှိကြောင်းနှင့် လက်ရှိအချိန်အထိ ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းနှင့် ကုသပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ရွှေကျင်မြို့နေ အလှူရှင် ဦးကျော်မင်းနိုင် - ဒေါ်လဲ့လဲ့ဝင်း မိသားစု(ရွှေကျွန်းကြီးကုမ္ပဏီ) တို့က ထောက်ပံ့လှူဒါန်းသည့် ငွေကျပ် ၁၃ သိန်းတန်ဖိုးရှိပစ္စည်း (ပိုးသတ်ခန်း + ဆေး+ ဆက်စပ်ပစ္စည်း) တို့အား ဦးကျော်မင်းနိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းဦးတို့က ပေးအပ်လှူဒါန်းရာ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း လှူဒါန်းပစ္စည်းများအား လက်ခံယူစဉ်။

# ရခိုင်ပြည်နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း

**စစ်တွေ စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်၌ ကိုဗစ် - ၁၉ ရောဂါပိုးတွေ့ရှိမှုများအပေါ်တွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါပိုးတွေ့ရှိမှုသည်များပြားလျက် ရှိနေကြောင်း၊ ကော်မတီဝင်များ အနေဖြင့်လည်း တုံ့ပြန်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ကုသပေးမှုများ၊ ထိန်းသိမ်းဆောင်ရွက်မှုများကို လုပ်ဆောင်နေကြောင်း၊ စစ်တွေမြို့တွင် လိုက်နာဆောင်ရွက်မှုများ ရှိသော်လည်း ပြည်နယ်အတွင်းမှ တချို့မြို့နယ်များတွင် လိုက်နာမှုများ အားနည်းနေသည်ကို ကြားသိနေရကြောင်း၊ တချို့မြို့နယ်များတွင် ရောဂါပိုးတွေ့ရှိမှုလည်း များပြားလာကြောင်း၊ ရောဂါပိုးတွေ့ရှိမှု များပြားလာသည့် မြို့နယ်များတွင် အားနည်းချက်များ ရှိလာလျှင်လည်း စစ်တွေမြို့သို့ခေါ်ယူကာ ကုသပေးမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပူးပေါင်းပါဝင်ရန်လည်း လိုအပ်ကြောင်း၊ ကုသရေးအပိုင်းနှင့် အသွားအလာကန့်သတ် စောင့်ကြည့်နေရာများတွင်လည်း စေတနာအပြည့်ဖြင့် လာရောက် ကူညီပေးကြသည့် ဆရာဝန်၊ ဆရာမများနှင့် စေတနာ့ဝန်ထမ်းလူငယ်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း ယခင်ထက်ပိုမို အားထည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုမပြတ်စေရေးအတွက်လည်း အခက်အခဲမရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အခက်အခဲဖြစ်လာလျှင်လည်း နိုင်ငံတော်သမ္မတရုံးနှင့် ဗဟိုကော်မတီတို့သို့ တင်ပြဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြည့်စွက်လိုသည်များ ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဆောင်ရွက်မှုများနှင့် ပတ်သက်၍ အမှာစကား ပြောကြားစဉ်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပိုးတွေ့လူနာနှင့် ထိတွေ့သူများကို လက်ရှိဆောင်ရွက်ထားသည့် အခြေအနေ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ လုပ်ငန်း ကော်မတီဥက္ကဋ္ဌများဖြစ်သည့် ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် က ပေါင်းစပ်ညှိနှိုင်းပေးသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကယားပြည်နယ်၌ ကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၈**

ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခေတ္တပြည်နယ် ဝန်ကြီးချုပ် ဦးဘောစ်ကိုက ကယားပြည်နယ်အတွင်း ယနေ့အချိန်အထိ ကိုဗစ် - ၁၉ ရောဂါ အတည်ပြုလူနာ မရှိသေးကြောင်း၊ ကယားပြည်နယ်အနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ဝင်ရောက်လာသူများအား လေဆိပ်နှင့် ကားဂိတ်များ၌ စစ်ဆေးခြင်းနှင့် မြို့နယ်များရှိ မြို့အဝင်/ အထွက် ပူးပေါင်း စစ်ဆေးရေးဂိတ်ကိုးဂိတ်တို့တွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ပြည်ပနိုင်ငံများမှ တရားဝင်/ တရားမဝင် ဝင်ရောက်လာသူများအား သက်ဆိုင်ရာ မြို့နယ်အလိုက် လူထုအခြေပြုသွားလာကန့်သတ်မှုစောင့်ကြည့်နေရာရှစ်ခုတွင် ၉၉ ဦး ဆောင်ရွက်ထားရှိပြီး ယနေ့အထိ နှာခေါင်းတို့ဖတ်နမူနာပေးပို့မှု ၁၀၀၂ ဦး ရှိရာ ရောဂါပိုး တွေ့ရှိသူ မရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးသည် ယခင်ကထက် ကူးစက်မှုပိုမိုမြန်ဆန်လာသဖြင့် ယခုဆောင်ရွက်နေသော အနေအထားထက်ပိုမိုကောင်းမွန် ထိရောက်စွာတုံ့ပြန်နိုင်ရေး အစိုးရ၏ ဦးဆောင်မှုဖြင့် ကဏ္ဍပေါင်းစုံ၊ အလွှာပေါင်းစုံတို့မှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ကိုဗစ် - ၁၉ ရောဂါကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူတစ်ရပ်လုံး အစိုးရနှင့် ပူးပေါင်း၍ ဝိုင်းဝန်းတိုက်ဖျက်သွားကြရန် ဖြစ်ကြောင်း၊ ကုသစစ်ဆေးရာတွင်လည်း နှာခေါင်းတို့ဖတ်နမူနာများကို ယခင်က ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့သော်လည်း ယခုအခါ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဓာတ်ခွဲအတည်ပြုစစ်ဆေးနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးရာ တက်ရောက်လာကြသော ပြည်နယ်အဆင့် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများက ဆွေးနွေးကြသည်။ **စိုးလှိုင်ဋ္ဌေး(ပြန်/ဆက်)**

# ပန်နန်းဒင်မြို့မှ စားနပ်ရိက္ခာရှားပါးမှုကြုံတွေ့နေသော ကျေးရွာများသို့ ပထမအသုတ်ဆန်အိတ် ၆၁၀ ထောက်ပံ့

**ပူတာအို စက်တင်ဘာ ၈**

ကချင်ပြည်နယ် ပန်နန်းဒင်မြို့တွင် ဆန်ရှားပါးမှုကြောင့် စားနပ်ရိက္ခာရှားပါးမှုအခက်အခဲကြုံတွေ့နေရသည့် ကျေးရွာများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ဆန်အိတ်ပေါင်း ၆၁၀ ကို သွားရောက်ထောက်ပံ့သည်။

အဆိုပါဆန်ရိက္ခာများ သွားရောက်ထောက်ပံ့ရာတွင် နောင်မွန်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးမဘုဒဂုံ၊ ပူတာအိုခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ခံဦးစောနွဲ့နေအောင်၊ ပန်နန်းဒင်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းနှင့်တာဝန်ရှိသူများက စားနပ်ရိက္ခာရှားပါးမှုဒဏ်ကိုရင်ဆိုင်နေရသည့် မခွမ်ကန်နှင့် အလိအောင်ကျေးရွာ/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဆန်အိတ်လာရောက်သယ်ယူကြသည့် ရပ်မိရပ်ဖများထံသို့ ဆန်အိတ်များ ပေးအပ်သည်။

စားနပ်ရိက္ခာရှားပါးမှုကြုံတွေ့နေရသော အလိအောင်ကျေးရွာအုပ်စုနှင့် မခွမ်ကန်ကျေးရွာအုပ်စုတို့မှ အိမ်ထောင်စု ၁၁၀ ၏ လူဦးရေ ၆၅၁ ဦးတို့ အတွက် စားနပ်ရိက္ခာသုံးလစာ တစ်ဦးလျှင်ဆန်နို့ဆီဘူး ၁၈၀ ဘူးနှုန်းဖြင့် စုစုပေါင်း ဆန်အိတ် ၆၁၀၊ ခုနစ်ပြည်၊ လေးဘူးတို့ကို ဒေသခံပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

**ဆန်းညွန့်(ပူတာအို)**

# ချင်းပြည်နယ် ကိုဗစ် - ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ စည်းဝေး

**ဟားခါး စက်တင်ဘာ ၈**

ချင်းပြည်နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအစည်းအဝေးကို စက်တင်ဘာ ၇ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့်ကော်မတီဝင်များ၊ ဖွဲ့စည်းထားသည့်ကော်မတီအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တက်ရောက် လာကြသည့် ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့အဝင်/အထွက်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးဆောင်ရွက်မှု၊ ပြည်ပနိုင်ငံများမှ ချင်းပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများ စိစစ်လက်ခံမှုနှင့် သယ်ယူပို့ဆောင်မှု အခြေအနေ၊ ခရီးသည်တင် ယာဉ်လိုင်းများက ကားလက်မှတ်များရောင်းချရာတွင် လိုအပ်သည့်အထောက်အထားများနှင့် ခရီးသွားရာဇဝင် စသည့်အချက်အလက်များ တောင်းခံဆောင်ရွက်မှုအခြေအနေ၊ စားသောက်ဆိုင်များ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ရောင်းချရေးကြီးကြပ်စစ်ဆေးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မြို့ဝင်/မြို့ထွက်ဂိတ်များတွင် ပူးပေါင်းအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးမှုကို စနစ်တကျဆောင်ရွက်ရေးနှင့် စေတနာ့ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားများလိုအပ်သည့် ထောက်ခံချက်နှင့် အထောက်အထားများ ပြည့်စုံစွာယူဆောင်လာစေရေး၊ အိန္ဒိယနိုင်ငံမှ ပြန်လာသူများအား ချင်းပြည်နယ်အတွင်း တရားဝင်ဖွင့်လှစ်ထားသည့် ရိဒ်၊ ခင်မန်း စသည့် နယ်စပ်ဂိတ်များမှ တရားဝင် ဝင်ရောက်စေရေးနှင့် တရားမဝင် ဝင်ရောက်မှုရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။


**ခရိုင်(ပြန်/ဆက်)**

# ကျောက်တော်မြို့နယ် ဘုရားပေါင်းကျေးရွာနှင့် တောင်ပေါက်ကျေးရွာရှိ နေအိမ်တချို့ မီးရှို့ဖျက်ဆီးခံရမှုမှာ AA အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု စစ်ဆေးသိရှိရ

**နေပြည်တော် စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ဘုရားပေါင်းကျေးရွာနှင့် တောင်ပေါက်ကျေးရွာရှိ နေအိမ်တချို့ မီးရှို့ဖျက်ဆီးခံရမှုမှာ AA အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု စစ်ဆေးသိရှိရကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေး အဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လတ်တလော တချို့လူမှုကွန်ရက်စာမျက်နှာများတွင် ကျောက်တော်မြို့နယ် ဘုရားပေါင်းကျေးရွာနှင့် တောင်ပေါက်ကျေးရွာတို့အား တပ်မတော်က ရွာလုံးကျွတ် မီးရှို့ခဲ့သည်ဆိုသည့် သတင်းမှားများအား အဖွဲ့အစည်းတချို့က လုပ်ကြံသတင်းများ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကျောက်တော်မြို့နယ် အတွင်းရှိ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက်တွင် မြို့တွင်း လုံခြုံရေးဆောင်ရွက်ပြီး အပေါက်ဝ ရဲကင်းစခန်း၌ လုံခြုံရေးတာဝန် ထမ်းဆောင်မည့် ရဲတပ်ဖွဲ့ဝင်များအား ပို့ကြိုဆောင်ရွက်စဉ် တောင်ပေါက်ကျေးရွာနှင့် ဘုရားပေါင်းကျေးရွာ ပတ်ဝန်းကျင်၌ AA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှု သုံးကြိမ် ပြုလုပ်တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကာ အရပ်ဝတ်ဝတ်ဆင်ထားသည့် AA အကြမ်းဖက်သောင်းကျန်းသူ နှစ်ဦးအား လက်နက်ခဲယမ်းများနှင့် အတူ အသေပစ်ခတ် ဖမ်းဆီးရမိခဲ့သည်ကို စက်တင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါကြောင်း။




ထို့ကြောင့် လူမှုကွန်ရက်သတင်းမှားများ စိစစ်နိုင်ရေးအတွက် စက်တင်ဘာ ၇ ရက် ညပိုင်း ဘုရားပေါင်းကျေးရွာနှင့် တောင်ပေါက်ကျေးရွာအတွင်း မီးလောင်ကျွမ်းခဲ့မှု အခြေအနေအား မြေပြင်စစ်ဆေးမှုများ၊ ဒရုန်းများဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာလုံးကျွတ်မီးလောင်ကျွမ်းခြင်း မဟုတ်ဘဲ လူနေအိမ်တချို့တို့ကိုသာ ရွေးချယ်မီးရှို့ဖျက်ဆီးထားသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပြီး ဒေသခံပြည်သူလူထုတချို့၏ ပြောပြချက်အရ AA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ၎င်းတို့အပေါ် ထောက်ခံမှုမရှိသည့် ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု သိရှိရကြောင်း၊ အဆိုပါ ကျေးရွာနှစ်ရွာ အပါအဝင် အင်ဘာရီ၊ ဒုက္ကံချောင်း၊ ဂုတ်ပိတောင်နှင့် အခစား ကျေးရွာများသည် ကုလားတန်မြစ်ဝဲ/ယာရှိ ကျေးရွာများဖြစ်ကြပြီး AA အကြမ်းဖက်သောင်းကျန်းသူများက အရပ်သားများအသွင်ရောနှော နေထိုင်လျက် တပ်မတော်ရေယာဉ်များ စစ်တွေ - ကျောက်တော် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ချိန်တိုင်း ရွာအတွင်းမှ မကြာခဏ ချောင်းမြောင်းနှောင့်ယှက် ပစ်ခတ်လျက်ရှိသည်ဟု သိရှိရကြောင်း ဖော်ပြထားသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကျေးရွာများတွင် အရပ်သားအသွင်ယူ ရောနှောနေထိုင်ပြီး ရပ်ရွာနေပြည်သူလူထုများ၏ နေအိမ်များအား အကာအကွယ်ယူကာ ကျေးရွာများအနီး တိုက်ပွဲများ ဖန်တီးခြင်း၊ မိုင်းထောင်ခြင်းများ ပြုလုပ်ကာ တိုက်ပွဲအကျိုးဆက်များအား တပ်မတော်အပေါ် အပြစ်ပုံချ၍ ပြည်သူလူထုမှ ယုံကြည်မှုကင်းမဲ့စေရန် လုပ်ကြံဖန်တီးလျက်ရှိကြောင်းနှင့် သတင်းမှားများနှင့် ပတ်သက်၍ ပြည်သူများ နားယောင်မှု မရှိစေရေးအတွက် သတင်းထုတ်ပြန်အပ်သည်ဟု အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**



တောင်ပေါက်ကျေးရွာအတွင်း မီးလောင်ထားသည်ကို မြင်တွေ့ရပုံ



ဘုရားပေါင်းကျေးရွာအတွင်း နေအိမ်များမီးလောင်ထားသည်ကို မြင်တွေ့ရပုံ

## မောင်တောမြို့နယ် သရက်အုပ်ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင် နှစ်ဦး ပျောက်ဆုံး

**နေပြည်တော် စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သရက်အုပ်ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင် နှစ်ဦး ပျောက်ဆုံးပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ အလောင်းအား ရှာဖွေတွေ့ရှိကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေး အဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မောင်တောမြို့နယ် သရက်အုပ် ရဲကင်းစခန်းတွင် လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲတပ်သား ဇေယျာမျိုးနှင့် ရဲတပ်သား မြင့်သိန်းတို့ နှစ်ဦးမှာ စက်တင်ဘာ ၅ ရက် ညနေပိုင်းတွင် ၎င်းတို့၏လစာငွေများအား မိသားစုထံသို့ ပေးပို့ရန်အတွက် ၎င်းတို့ ကိုင်ဆောင်သည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ရွက်ညိုတောင်ကျေးရွာသို့ သွားရောက်စဉ် လမ်းခရီး၌ ပျောက်ဆုံးသွားခဲ့ကြောင်း။

ယင်းပျောက်ဆုံးရဲတပ်သား နှစ်ဦးအား ရှာဖွေခဲ့ရာ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ရွက်ညိုတောင်ကျေးရွာအနီး ပုစွန်ကန်ဟောင်းနေရာ ရွှံ့နွံအတွင်းမှ ရဲတပ်သား ဇေယျာမျိုးအား လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခံထားရသည့် ပုံစံဖြင့် မှောက်လျက်သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း။

ထိုသို့ ရဲတပ်သားအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် တရားခံအား ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် ကျန်ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ရှာဖွေတွေ့ရှိရေးအတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရှာဖွေမှုများဆောင်ရွက်လျက်ရှိကြောင်း၊ ပဏာမစုံစမ်းချက်အရ AA နှင့် ARSA အကြမ်းဖက်လက်နက်ကိုင်အုပ်စုမှ အလစ်အငိုက်ချောင်းမြောင်းသတ်ဖြတ်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၁ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၈**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၁ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက် မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ ၄၀၅၇ ဦး စုစုပေါင်း ၇၅၆၇၀ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

**ပို့ဆောင်ပေး**

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၈၀၊ အမျိုးသမီး ၁၃၁ ဦး စုစုပေါင်း ၃၁၁ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## AA အကြမ်းဖက်သောင်းကျန်းသူများက နယ်မြေခံတပ်ဌာနချုပ် တစ်ခုအား နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ရေစိုးချောင်းကျေးရွာတစ်ဝိုက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးပြုလုပ်နေမှုကို ကျေနပ်မှုမရှိ၍ AA အကြမ်းဖက်သောင်းကျန်းသူများက နယ်မြေခံတပ်ဌာနချုပ် တစ်ခုအား နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရသေ့တောင်မြို့နယ်အတွင်းရှိ ရေစိုးချောင်းကျေးရွာအနီး AA အကြမ်းဖက်သောင်းကျန်းသူများက အခြေပြု၍ ဆက်သွယ်ရေးလမ်းကြောင်းအား ပိတ်ဆို့ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၄ ရက်တွင် တန်ပြန်အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးပြုလုပ်ခဲ့ရာ AA အကြမ်းဖက်သောင်းကျန်းသူများ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ အထိနာမှုကို ကျေနပ်မှုမရှိ၍ စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့နယ် ဝါးခုတ်ချောင်းကျေးရွာရှိ နယ်မြေခံတပ်ဌာနချုပ် တစ်ခုအား လက်နက်ကြီးဖြင့် အဝေးမှနေ၍ သုံးကြိမ်တိုင်တိုင် နှောင့်ယှက်ပစ်ခတ်ခဲ့ရာ တပ်ဌာနချုပ်ပြင်ပသို့ ကျရောက်ခဲ့ပြီး လူ၊ အဆောက်အဦ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း ဖော်ပြထားသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၎င်းတို့၏ အကြမ်းဖက်ရည်ရွယ်ချက်များ အောင်မြင်မှုမရှိ၍ ယခုကဲ့သို့ တပ်ဌာနချုပ်များ၊ နယ်မြေခံရဲကင်းများ၊ လမ်းတံတားများအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက တန်ပြန်အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးပြုလုပ်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးမှ သာစည်ပင်မဓာတ်အားခွဲရုံရှိ ချို့ယွင်းသွားသော 132/33/11kV,(3x10)MVA Transformer ၏ Sr No. 410002 (1)No ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို တင်ဒါအမှတ်-1(T)/DPTSC(PSD)/2020 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၈-၁၀-၂၀၂၀) ရက် ၁၄:၀၀ နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင် လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရှိ 230/66/11 kV (4x33.33)MVA Transformer နှင့် ဆက်စပ် Switch Bay များအား သာကေတဓာတ်အားပေးစက်ရုံမှ ရွှေမြို့ဓာတ်အားခွဲရုံသို့ အရောက်ပို့စနစ်ဖြင့် သယ်ယူပို့ဆောင်ရန် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇) သို့ တင်ဒါပိတ်ရက် (၂၁-၉-၂၀၂၀)ရက် ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee. gov.mm)တွင် လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သောဒီဇယ်ဆီ နေပြည်တော်အတွက် (၉၆၀၀၀) ဂါလန်၊ ရန်ကုန်အတွက် (၁၅၆၀၀)ဂါလန်၊ စုစုပေါင်း(၁၁၁၆၀၀)ဂါလန်နှင့် နေပြည်တော်အတွက် ဓာတ်ဆီ(92) (အောက်တိန်း) (၃၈၄၀၀)ဂါလန်နှင့် ပရီမီယမ်(ဒီဇယ်သန့်) (၂၄၀၀၀) ဂါလန်တို့ကိုတင်ဒါအမှတ်-2(T)/DPTSC (ADM)/2020-2021 မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက်(၈-၁၀-၂၀၂၀) ရက် (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍တင်ဒါပုံစံများအားရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊၀၆၇-၃၄၁၀၂၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်စီမံကိန်းများရှိ ဘူမိဗေဒနှင့် မိုင်းလုပ်ငန်းသုံးစက်ပစ္စည်းများအတွက် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P |
|---|---|---|
| (က) | 001/DHPI/Accessories/2020-2021 | Paung Laung Compound |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၆-၁၀-၂၀၂၀ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂-ခ)၊ ဦးပိုင်အမှတ် (၂၅)၊ မြေဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိမြေကွက်ကို ဦးဇော်နိုင်အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်ထိ နှစ် (၃၀)ဂရန်သက်တမ်းရရှိခဲ့ပြီး ၁၀-၄-၂၀၂၀ ရက်တွင် ဦးဇော်နိုင်ထံမှ ဒေါ်ဟောင်းနန်းကလည်းကောင်း၊ ၂၃-၁၁-၂၀၁၆ရက်တွင် ဒေါ်ဟောင်းနန်းထံမှ ဒေါ်ဂျာရော်ကလည်းကောင်း နှစ်ဦးသဘောတူနေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဂျာရော် ၁/မကန(နိုင်)၀၂၇၄၉၉ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၂၂-၁၀-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၆၅၇/၂၀၁၉) ကို ၂၄-၁၀-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၆၈၅/၂၀၁၉)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B1-2) မှ မောင်ပေါလ်လုဆန်အောင်၏ ဖခင်အမည်မှန်မှာ ဦးတန်ဆိုင်း ၁/မကန(နိုင်)၁၇၄၇၁၀ ဖြစ်ပါသည်။

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/4511 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/6687 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း


ယာဉ်အမှတ် 57W/ 73346 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဦး ၅/အရတ(နိုင်)၀၆၉၀၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7B/6937 Mitsubishi Canter FE 638E Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ထွန်း ၉/မနမ(နိုင်)၀၅၁၈၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**




## မော်တော်ယာဉ်လက်လွှဲရောင်းချပြီးစီးကြောင်းနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း

ကျွန်မ ဒေါ်ရန်ရွှင်လန့် ၁၃/ကခန(နိုင်)၀၁၂၂၉၄ အမည်ပေါက်ပိုင်ဆိုင်သည့် 5B/5141 နှင့် 2B/7628 L6 ၁၂ ဘီးနှင့် ၁၀ ဘီး မော်တော်ယာဉ်ကို ၂၀-၅-၂၀၂၀ရက်တွင် မန္တလေး ၅၈xမင်္ဂလာလမ်းနှင့် ရတနာလမ်း ရပ်ကွက်နေ ဦးကိုလတ် ၅/ငဇန(နိုင်)၀၆၁၇၄၀ ထံသို့ အပြီးအပိုင်ရောင်းချခဲ့ပါသည်။ သို့ဖြစ်ပါ၍ 5B/5141 နှင့် 2B/7628) ကျွန်မ ဒေါ်ရန်ရွှင်လန့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြော်ငြာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

တင်းတိမ်ရုံစံပြကျေးရွာ၊ ရွှေဘိုခရိုင်၊ ရေဦးမြို့ရှိ ကျွန်တော် ဦးအောင်သူရသိန်းသည် အောက်ဖော်ပြပါ တံဆိပ်အမည် (၄) မျိုး -

(၁) ရွှေအဏ္ဏဝါ
(၂) IT
(၃) ဗိုလ်အောင်ဒင်
(၄) TTY

အနက်မှ သင့်လျော်သောအမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်သူရသိန်း ၅/ရဥန(နိုင်)၁၀၁၁၇၅**
**ဖုန်း-၀၉-၉၇၄၅၉၉၃၆၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ အမှတ်-၃၁/အေ ဟုခေါ်တွင်သော (၂)ခန်းတွဲ ၇-ထပ် အဆောက်အအုံ၏ မြေညီထပ် (ဝဲဘက်ခြမ်း)(ခေါင်းရင်းခန်း)၊ တိုက်ခန်းဧရိယာ (အနံ ၁၇'xအလျား ၆၈') (အမြင့် ၁၂')ရှိ အခန်း၊ ယင်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို တိုက်ခန်းပိုင်ရှင် ဒေါ်ချိုမာထွေး ၁၂/တမန(နိုင်)၀၅၅၃၃၇ ထံမှ ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေပြီး တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူထားပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုသည့်ကိစ္စအတွက် ကန့်ကွက်လိုပါက တိုက်ခန်း၏ပိုင်ရေးဆိုင်ခွင့် အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံတွင် ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီအုံး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၂၇)**
**H.G.P,LL.B, LL.M,I.D.C.S (NCC U.K)**
**အမှတ်-၃၃/၄၉၊ အခန်း-၁၆၊ ပထမထပ်၊ Strand Condo**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၀၇၂၆၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### မုံရွာခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၀၀

| | | |
|---|---|---|
| ဦးပြည့်ဖြိုးအောင် | နှင့် | ဦးဝင်းနိုင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်မြို့၊ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊(၉၄)ရပ်ကွက်၊ (၂/A) လမ်း၊တိုက်(၈)၊အခန်း(၂၀၁)နေ ဦးဝင်းနိုင်(ဘ)ဦးထွန်းကျော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးပြည့်ဖြိုးအောင် အစားအသောက်ရိက္ခာဖိုးကျန်ငွေနှင့် ချေးငွေရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၈ ရက် (၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီ တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုချိုနှင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မုံရွာခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၈၅

| | | |
|---|---|---|
| ဦးမျိုးဝင်းသန်း (ခ) | နှင့် | ၁။ ဦးကျော်သန်း |
| ဦးယူစွတ်ပတေး | | ၂။ ဦးကျော်ဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ဦးရွှေရိုး၏သား မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (ဆ-၇)နေ ဦးကျော်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဦးမောင်ပု၏သား မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ (တ-၃)နေ ဦးကျော်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးဝင်းသန်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ (နန-၅၅)၊ ဦးပိုင်-၂၉၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၈ရက် (၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူသွယ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဦးကျော်ညွန့် အသက်(၈၅)နှစ်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာနိုင်ငံတော်ဗဟိုဘဏ်
### ရွှေတိဂုံရေကြည်တော်ဝတ်အသင်းနာယက
### မြို့မကျောင်းသား/ကျောင်းသူဟောင်းအသင်းဝင်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဏ်ရိပ်သာရပ်ကွက်၊ တိုက်(စ/၁၁)နေ (ဦးစိုး-ဒေါ်အုန်းမေ)တို့၏သား၊ (ဦးထွန်းလှိုင်-ဒေါ်လှကြည်)တို့၏သားသမက်၊ ဒေါ်သန်းအေး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးညွန့်ရွှေ-ဒေါ်မြမေ)၊ (ဦးဘကျော်-ဒေါ်သိန်းမေ)၊ (ဦးကျော်သိန်း-ဒေါ်တင်ရီ)တို့၏မောင်၊ (ဦးမင်းဆွေ)-ဒေါ်မြစိန်တို့၏ အစ်ကို၊ (ဒေါ်စုစုနွယ်)၊ ဒေါ်မို့မို့(ဦးစီးအရာရှိ ဗဟိုဘဏ်)၊ ဒေါ်ချိုချိုဦး (ဦးစီးအရာရှိ ဗဟိုဘဏ်)၊ ဦးကျော်ငွေအောင်(I.C.E.C) – ဒေါ်စိုးစိုးသန်း၊ ဦးအောင်ကျော်မိုး၊ ဒေါ်ဖြူဖြူအောင် (ပြည်သူ့လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး)၊ ဒေါ်လဲ့လဲ့ထွေး (MA၊ မြန်မာစာ) တို့၏ချစ်လှစွာသောဖခင်၊ မခိုင်ဇင်သူ၊ မောင်မိုးပြည့်စုံစိုးတို့၏ အဘိုးသည် ၈-၉-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁:၅၅နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁၀-၉-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်လှိုင်(စာရင်းကိုင်)
### ဆည်မြောင်းဦးစီးဌာန(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နိဂြောဓလမ်း၊ အမှတ် (၄၇၃)နေ (ဦးပေါ်ဆင်-ဒေါ်ဖွားတင်)တို့၏သား၊ (ဦးအောင်ကြီး)-ဒေါ်မြဆင့် တို့၏သားသမက်၊ (ဒေါ်မြရင်)၏မောင်၊ ဒေါ်စိန်စိန်ဦး(စာရင်းကိုင်၊ ဆ/မ-ငြိမ်း)၏ခင်ပွန်း၊ ဦးဝေဖြိုးထွန်း( ရွှေးထွေးလက်အဖွဲ့ ဗဟိုအမှုဆောင်)-မအေးမြမော်၊ ဦးညဏ်လင်းထွန်း-မစုစုလှိုင်တို့၏ဖခင်၊ မောင်သုတစိုး၊ မောင်လဘုန်းပိုင်၊ မောင်အောင်ဘုန်းခန့်၊ အောင်ဟိန်းခန့်တို့၏အဘိုးသည် ၇-၉-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၃၀နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၀ရက်တွင်ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၁၃-၉-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်းဒါယကာကြီး
### ဦးမြင့်ဆွေ (ဦးစီးအရာရှိ-ငြိမ်း၊ လ.ဝ.က)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၂) လမ်း၊ အမှတ်(၉၁၊ပထ္မ)နေ (ဦးရှိန်-ဒေါ်ကြင်မွေး)တို့၏သားကြီး၊ ဦးဝင်းမြင့်ဇော်(2[nd] mate F.G CMA CGM GROUP)-ဒေါ်သီတာ၊ ဦးမင်းနိုင်-ဒေါ်သဲမွန်ဆွေတို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းခန့်၊ မဆုလာဘ်ရတနာ၊ မဆုရတီနိုင်တို့၏အဘိုး၊ (ဒေါ်ခင်ပြုံး)၏ချစ်လှစွာသောခင်ပွန်းသည် ၇-၉-၂၀၂၀ရက် (တနင်္လာနေ့) ည ၆:၃၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဦးဝင်းဖေ
### အငယ်တန်းအင်ဂျင်နီယာ (၁)၊ (မြို့ပြ) ဒုံဟီးမြို့၊ လမ်းဦးစီးဌာန၊ ခန္တီးခရိုင်
### အသက် (၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ (ဦးမြသောင်း)-ဒေါ်သန်းသန်းငွေးတို့၏တူသား၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာနေ (ဦးသီးညွန့်-ဒေါ်တင်မြ)တို့၏သား၊ ဦးသန်းစိုး-ဒေါ်ကြည်ကြည်မာ၊ ဦးသာကဒိုး-ဒေါ်သန်းသန်းနွယ်တို့၏မောင်၊ ဦးခင်ဇော်-ဒေါ်ညွန့်စိန်ဖြူ ဦးအောင်ကို၊ ဦးဝေမျိုး-ဒေါ်ခင်မေစိုးတို့၏အစ်ကိုကြီး၊ ဒေါ်အေးအေးမော်၏ချစ်လှစွာသောခင်ပွန်းသည် ၇-၉-၂၀၂၀ရက် ညနေ ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ခန္တီးမြို့ သုဘပါလနယ်ပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးဝင်းဖေ အသက်(၅၃)နှစ်
### အငယ်တန်းအင်ဂျင်နီယာ(၁)၊ (မြို့ပြ)၊ ဒုံဟီးမြို့၊ လမ်းဦးစီးဌာန၊ ခန္တီးခရိုင်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ်(၁၊ ခေါင်းရင်းခြမ်း၊ ပထမလွှာ)နေ (ဦးသီးညွန့်-ဒေါ်တင်မြ)တို့၏သား၊ (ဦးစိုးဝင်း)-ဒေါ်ထွေးကြည်တို့၏သားသမက်၊ ဦးခင်ဝင်း-ဒေါ်မြစန်း၊ ဒေါ်ကြည်ရွှေ၊ ဒေါ်ကြည်ငွေ၊ ဒေါ်ကြည်ပိုတို့၏တူ၊ ဦးဆန်းဝင်း၊ ဦးတင်ဝင်း-ဒေါက်တာတင်မိုးခိုင်(ရန်ကုန်တက္ကသိုလ်)၊ ဒေါ်မြတ်ဆုမွန်တို့၏အစ်ကို၊ မမေရွှန်းလဲ့(SFU)၏ဘကြီး၊ ဒေါ်အေးအေးမော်၏ချစ်လှစွာသောခင်ပွန်းသည် ၇-၉-၂၀၂၀ရက် ညနေ ၆:၃၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၉-၉-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ခန္တီးမြို့၊ သုဘပါလနယ်ပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၂၀ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဦးမြင့်အောင် အထက(ငြိမ်း) တောင်ကုတ်
### ပန်းတင်တိုက်နယ်အသင်းနာယက၊
### တောင်ကုတ်မြို့နယ်အသင်း နာယက
### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် (၂၀) (နှင်းဆီနီသက်န်းတိုက်) နေ (ဦးဖိုးလူ-ဒေါ်ခိုဖြူ)တို့၏သားကြီး၊ ဒေါ်နှင်းခင်(တောင်ကုတ်)၏အစ်ကို၊ ဒေါ်မေသန်း၏ချစ်လှစွာသောခင်ပွန်း၊ မခင်မြင့်သန်း၊ ဦးခင်မောင်သန်း-ဒေါ်မြင့်မြင့်ကြည်၊ မခင်ခင်ဝင်း၊ ကိုမင်းမင်းစိုး-မခင်မျိုးမြင့်(ခ)မိုးမိုး(ဒေါ်မေသန်းအထည်ဆိုင်-ယုဇနပလာဇာ)တို့၏ချစ်လှ စွာသောဖခင်၊ ကိုအောင်ကျော်ဇင်-မနှင်းနှင်းအောင်၊ မထက်ထက်အောင်၊ မပိုးပိုးဝင့်ဝါတို့၏ချစ်လှစွာသော အဘိုး၊ မပန်းသော်တာဇင်၏ အဖီးသည် ၇-၉-၂၀၂၀ရက် ည ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်လှမြင့် အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ (ဦးအလျှံ-ဒေါ်ရင်)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးမောင်စိန်-ဒေါ်ကျင်စိန်)တို့၏သမီးချွေးမ၊ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးကျေးရွာ၊ မြောက်ပိုင်းရပ်ကွက်နေ (ဒေါ်အမာကြူ)၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဦးကျော်ဝင်း- ဒေါ်မြတ်မြတ်သွင်၊ ဒေါ်ယဉ်ယဉ်အေး၊ ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးဇော်ဝင်း-ဒေါ်စန္ဒာစိုး၊ ဦးအောင်ကျော်မြင့်-ဒေါ်ယဉ်ယဉ်ထွေးတို့၏မိခင်၊ မောင်စွမ်းထက်အောင်၊ မမြတ်ရတနာကျော်၊ မောင်ဇော်ထက်အောင်၊ မရတီကျော်ဝင်း၊ မကေဇင်ထက်၊ မနှင်းလဲ့ဝင်းတို့၏အဘွား၊ ပျဉ်ပုံကြီးကျေးရွာ၊ မြောက်ပိုင်းရပ်ကွက်နေ (ဦးစစ်ရင်)၏ဇနီးသည် ၇-၉-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ပျဉ်ပုံကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်းဒါယကာကြီး
### ဦးနေတိုးမောင်မောင်
### B.A, R.L
### (စာရေးဆရာ မောင်ထွေးဦး- ရန်ကုန်တက္ကသိုလ်)
### မော်ကွန်းထိန်း-၁(ငြိမ်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
### အသက်(၈၁)နှစ်

(ဦးဉာဏ်-ဒေါ်မြ)တို့၏ သား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဃောသကလမ်း၊ အမှတ် ၁၁နေ ဦးညီညီလွင်-ဒေါ်လွင်လွင်ဦးတို့၏ဦးလေးသည် ၇-၉-၂၀၂၀ရက် နံနက် ၁၀:၃၀နာရီတွင် ကက်သလစ်ခရစ်ယာန် သီလရှင် လေးများ၏ ဘိုးဘွား ရိပ်သာ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တူနှင့် တူမ

## ဒေါ်သူဇာလွင်(စက်မှု-၁၊ငြိမ်း)
### United Pacific Co.,Ltd ရုံးချုပ် Audit ဌာန
### အသက် (၄၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာလမ်း၊ တိုက် (၂၁)၊ အခန်း (၇)နေ (ဦးဘိုးအို-ဒေါ်စိန်ဥ)၊ (ဗိုလ်ကြီး ကြီးမြင့်-ဒေါ်သန်းမြင့်) တို့၏မြေး၊ ဦးစောလွင် (စက်မှု-၁၊ ငြိမ်း)-ဒေါ်ခင်ခင်သိန်း(စက်မှု-၁၊ ငြိမ်း) တို့၏သမီး၊ ဦးမင်းလွင်(ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်) ဥက္ကဋ္ဌ ပြည်ခိုင်ဖြိုးပါတီ လှိုင်မြို့နယ်-ဒေါ်ချိုချိုမာ(အားမေ)၊ ဦးခင်မောင်လွင်(ဦးစီးအရာရှိ ငွေစာရင်းဌာနခွဲပြည်တွင်းအခွန်ဦးစီးဌာနရုံးချုပ်) (နေပြည်တော်)-ဒေါ်ယင်းမာလွင်၊ ဦးမြင့်ကြည် (Terrintory Sales Manager True Money Myanmar Co.,Ltd. တို့၏ညီမ/အစ်မ၊ မောင်မင်းသုခ Machine Operatr UEMC Co.,Ltd.၊ မဖူးမြတ်သွယ်၊ မောင်ရဲထက်တို့၏ ချစ်လှစွာသော အဒေါ်သည် ၇-၉-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအား ရည်စူး၍ ၁၃-၉-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည် ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### မသီတာမြင့်မောင် အသက် (၃၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ လေးထောင့်ကန် လမ်းမကြီး၊ အမှတ် (၃၃)နေ (ဦးမောင်မောင်-ဒေါ်စိန်စိန်)၊ (ဦးတင်နွဲ့-ဒေါ်အုန်းမြ)တို့၏မြေး၊ ဦးရဲထွဋ်မောင်(ငြိမ်း/မြန်မာ့လေကြောင်း) (Chief Accountant-Sun Far Travels & Tours)- ဒေါ်မြင့်မြင့်ဆွေတို့၏သမီးကြီး၊ ဗိုလ်မှူးနောင်ထွန်း-မဆုမြတ်စံ၊ မမို့မို့မြင့်မောင်(ခေတ္တ-စင်ကာပူ)တို့၏ အစ်မကြီး၊ တူ/တူမ နှစ်ယောက် တို့၏ကြီးကြီးသည် ၇-၉-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တဝါယမ
### (နိုင်ငံတော်ဩဝါဒါစရိယ)
### သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်း၊ ရွှေဘုံသာ တိုက်ကျောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ စက်ကုန်းကျေးရွာ၊ ရွာဦးဘုန်းတော်ကြီးကျောင်းတိုက်များ၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တဝါယမ မဟာထေရ်မြတ် သာသနဓဇ သိရီပဝါ ရ ဓမ္မာစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ သက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၆)ဝါရှိ ဆရာတော်ကြီးသည် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ရက်) ၈-၉-၂၀၂၀ရက်(အင်္ဂါနေ့) ညနေ ၄:၂၀နာရီတွင် ရန်ကုန်မြို့၊ Grand Hanthar Hospital ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) ၁၀-၉-၂၀၂၀ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီမှ ၃နာရီအတွင်း ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇာသဘင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဆွေမျိုး တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် တပည့်ဒါယကာဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သက်သက်ထွန်း (ခ)ဒေါ်လဲ့လဲ့(ပဲခူး)
### အသက်(၈၇)နှစ်

ပဲခူးမြို့နေ [ဦးဘထွန်း(အင်ဂျင်နီယာ)-ဒေါ်ခင်မကြီး]တို့၏သမီး၊ (ဦးပန်းရည်)(မြို့နယ်ပညာရေးမှူး)၏ဇနီး၊ ဦးသွင်ထွန်း-(ဒေါ်ခင်ခင်စိုး)၊(ဦးကျော်လင်း)-ဒေါ်မြတ်မော်(ဗိုလ်ချုပ်ဈေး)၊ ဦးအောင်အောင်(ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်မော်ချိုထွန်း၊ ဦးအောင်ခိုင်-ဒေါ်နီလာအေးတို့၏မိခင်၊ ဦးကိုကိုမောင်(ATT Co.,Ltd )-ဒေါ်ခိုင်ဆုဝေ (ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ဦးမြင့်မြတ်အောင်(Royal Flug Co.,Ltd)၊ ဦးဆန်းလင်းအောင်အောင်(အကောက်ခွန်)-ဒေါ်နှင်းယုစိုး၊ ဦးအောင်ကျော်မြင့်(အငယ်တန်းအင်/ယာ-၃၊ရေအရင်းအမြစ်)-ဒေါ်နေခြည်လင်းမော်(ဒီဇိုင်နာ)၊ မောင်ရဲလင်းအောင်၊ မောင်ကောင်းမြတ်ဟိန်း၊ မရွှေရည် ဝင်းလက်အောင်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ အဘွား၊ ရန်ကုန်မြို့၊ ၃၄လမ်း (အထက်ဘလောက်)(ပထမထပ်) တိုက်အမှတ် ၁၈၂/၂၀၂၊ အခန်း အမှတ် ၂၀ နေ ဒေါ်သက်သက်ထွန်း သည် ၈-၉-၂၀၂၀ရက်နံနက် ၂:၄၅ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဒေါ်ကပ်ဒဲလ်
### အသက်(၈၀)

ချင်းပြည်နယ်၊ ဖလမ်းမြို့နေ ဦးနီရ်ကုန်း(ကျောင်းအုပ်ကြီး-ငြိမ်း)၏ဇနီး၊ Rev ဗန်အုပ်-ဒေါ်ဆွေရီမော(CAG၊ မန္တလေးမြို့)၊ ဒေါ်ဆသင်တီလ်-ဦးသင်ကျုံး(ပြန်/ဆက်)၊ Rev ဆန်ထောင်းလွယ်-ဒေါ်ခရစ်ပန်းလှိုင်(USA)၊ ဒေါ်ကျုံးဒိမ်-ဦးကျုံးကျုံး(ဖ လမ်းမြို့)၊ ဦးမိုးဇက်ရုံထန်း-ဒေါ်ခဲခဲမူ(စက်မှုလယ်ယာ၊ ရန်ကုန်မြို့)၊ ဦးဗိုင်းနော်ရိန်း-ဆရာမထျန်းဇမွေး(လှျပ်စစ်၊ စွမ်းအင်၊ ကျောက်ထုမြို့)၊ ဒေါ်မေရီဗန်ထောင်းပါရ်-ဦးမြင့်ရွှေ(ဆည်မြောင်း၊ မန္တလေးမြို့)၊ ဦးဒေးဗစ်ဆန်ဇပုမ်-ဆရာမဒေါ်နီးယန်းဆန်တလွဲ(လယ်/စီ/အင်း၊ ရပ်စောက်မြို့)၊ဦးဗန်ရှန်းမန်-ဒေါ်ယဉ်ယဉ်(MRTV၊ ဖလမ်းမြို့)တို့၏မိခင်၊ မြေး ၂၆ယောက်၊ မြစ်၁၀ယောက်တို့၏အဘွားသည် ၆-၉-၂၀၂၀ရက် နံနက် ၁၀:၄၅နာရီတွင် ဖလမ်းမြို့နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၉-၂၀၂၀ရက်တွင် ဖလမ်းမြို့၊ ခရစ်ယာန်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဝင်း (မိုးကုတ်)
### B.Sc(ရုက္ခဗေဒ) Dip in Germany
### အသက်(၇၁)နှစ်

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (ဦးသူဒေါ်-ဒေါ်မြိုင်)တို့၏သား၊ ဆရာမ ဒေါ်မြသန်း၊ ဦးကိုကိုကြီး၊ ဦးဇော်ဝင်း-ဒေါ်ခင်သန်းမြင့်၊ ဦးအောင်မြင့်-ဒေါ်တင်တင်ခိုင်တို့၏ညီ၊မောင်၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးမြင့်ဇော်- ဒေါက်တာဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါက်တာကိုကိုဦး-ဒေါက်တာသိင်္ဂီကျော်၊ ဒေါက်တာခင်မောင်ဇော်-ဒေါက်တာချစ်ချစ်စုတို့၏ ဦးလေး၊ ဒေါ်ခင်ပြုံးမြင့်၊ ဦးသန့်ဇင်-ဒေါ်ခင်ငြိမ်းအေးသန်းတို့၏ ဖခင်၊ မမေဖြူစင်(မန္တလေးဆေးတက္ကသိုလ်)၊ မသိင်္ဂီကိုကို ( YUKI )တို့၏ အဘိုးလေး၊ ဒေါ်စန္ဒာ၊ ဒေါ်ကျော့ကျော့အေး၊ ဦးဝင်းဇော်-ဒေါ်မင်းမင်း သန်းတို့၏အစ်ကို၊ ဒေါ်စန်းစန်းခိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၉-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၇:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၂၀ ရက်(တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် NDAA (မိုင်းလား) အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် NDAA (မိုင်းလား)အဖွဲ့မှ တာဝန်ရှိသူများနှင့် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က NDAA (မိုင်းလား) အဖွဲ့အတွက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းအထောက်အကူပြု ပစ္စည်းများဖြစ်သည့် Surgical Mask ၂၀၀၀၀၊ Personal Protective Equipment (PPE) ဝတ်စုံ ၃၀၀၊ N 95 Mask ၁၀၀၀၊ Face Shield ၂၅၀၊ Sodium Hypo–chloride (15L) ခြောက်ပုံး၊ Examination Glove ၁၀၀၀၊ Hand Gel ၁၅၀၊ Hand Sanitizer ၁၅၀ နှင့် စားသောက်ဖွယ်ရာများ၊ တပ်မတော် စက်ရုံထုတ် စားသောက်ဖွယ်ရာများ၊ လူသုံးကုန် ပစ္စည်းများနှင့် မိုင်းလားဆေးရုံအတွက် ခွဲစိတ်ခန်းသုံး ဆေးနှင့် ဆေးပစ္စည်း သုံးမျိုးတို့ကို ပေးအပ်လှူဒါန်းရာ ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဒေသထွက်လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့များနှင့် မြို့မိမြို့ဖများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံ ဧည့်ခန်းမဆောင်နှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နမ့်စန်တပ်နယ် တပ်နယ်ခန်းမတို့၌ သီးခြားစီတွေ့ဆုံ၍ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေး *စာမျက်နှာ ၄ ကော်လံ ၁* ❄

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် NDAA (မိုင်းလား) အဖွဲ့အတွက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းအထောက်အကူပြုပစ္စည်းများကို ဦးစိုင်းလင်းထံ ပေးအပ်စဉ်။** ဓာတ်ပုံ–တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၈–၉ –၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၀၄၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၅၁) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ပထမအသုတ် ဓာတ်ခွဲနမူနာ (၃၆၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၇၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၃၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၆) ခုနှင့်
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၂) ခု
- စုစုပေါင်း (၂,၂၃၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၉) ဦး တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ✻

## သဃ်န်းကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်နှင့် ဇဝနရပ်ကွက်များတွင် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုအဖြစ် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား ရွေ့လျားကိုယ်အပူချိန် တိုင်းတာသည့် စက်ကြီးများ တပ်ဆင်ထားသည့် မော်တော်ယာဉ်များဖြင့် ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်ပေးသည်။ (ယာပုံ)

*စာမျက်နှာ ၆ ကော်လံ ၁* ■



## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ဖော်ပြပါရှိ

နေပြည်တော် စက်တင်ဘာ ၈

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၈

ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၉ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၀ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်



ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးတွင် တစ်ပါးအဖြစ် ပါဝင်သည့် အိန္ဒိယနိုင်ငံ၏ တပ်ဂျ်မဟာကို ပြန်လည်ဖွင့်လှစ်တော့မည် (စာ–၁၂)

လစ်ဘရယ် ခေါင်းဆောင်သစ် တရားဝင်မဲဆွယ် စည်းရုံးမှုများ စတင် (စာ–၁၃)

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ကြီးကို ကာကွယ်စောင့်ရှောက်ကြပါစို့

● တင်ဝင်းလေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကိုဗစ်ကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရေးမှာ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုအပ်လျက်ရှိနေပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောဂါကူးစက်ခံနေရသူ ၄၀၀ ရှိနေပြီဖြစ်တယ်လို့ ကြားသိလိုက်ရသလို မြို့နယ်တစ်ခုမှာ ရောဂါပိုးတွေ့ရှိသူ သုံးဦးထက်ကျော်ပါက Stay at Home လုပ်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။ အခုအခါ သုံးဦးထက်ပိုသော မြို့နယ်တွေများပြားလာနေတယ်။ ရန်ကုန်မြို့ နေရာအများအပြားမှာ Stay at Home အစီအစဉ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရန်ကုန်သူ ရန်ကုန်သားများ အနေနဲ့ အခုအချိန်မှာ မိမိတို့ရဲ့ အစွမ်းကို ပြသရမယ့် အချိန်ဖြစ်တယ်" လို့ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ ရန်ကုန် တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန်တို့ နဲ့ စက်တင်ဘာ ၂ ရက်က ပြုလုပ်တဲ့ Video Conferencing မှာ လမ်းညွှန်ပြောကြားတာကို နားထောင်လိုက်ရပါတယ်။

မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ကိုဗစ်ဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆိုရင် စဖြစ်စဉ် ပထမပိုင်းကထက် ဒီကနေ့ဖြစ်ပွားကူးစက်ပျံ့နှံ့မှုက ကျန်းမာရေးဌာနကပြောတဲ့ ဆယ်ဆမက မြန်လွန်းနေတယ်လို့ ထင်ရပါတယ်။ စက်တင်ဘာ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရဆို ပိုးတွေ့လူနာပေါင်း ၁၂၅၃ ဦး ရှိလာတာကို တွေ့ရပါတယ်။

အဲဒီစာရင်းကို ပြန်ခွဲခြားရရင် အခုနောက်ပိုင်းစဖြစ်တဲ့ ရခိုင်ပြည်နယ်မှာက ပိုးတွေ့ရှိသူ ၅၁၆ ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှာက ပိုးတွေ့ရှိသူက ၅၇၅ ဦး ဖြစ်တာကို တွေ့ရှိရတဲ့အတွက် အခုနောက်ပိုင်းစတင်ဖြစ်ပွားတဲ့ ရခိုင်ဒေသထက်တောင် ရန်ကုန်တိုင်းဒေသကြီးက ဖြစ်ပွားမှုဦးရေ ပိုမိုများပြားနေတာကို တွေ့နေရပါတယ်။

စာမျက်နှာ (ဂ) သို့









# ရန်ကုန်မြို့ပြအလှကို ဖော်ထုတ်ပြသပေးမယ့် စီမံကိန်း

● ဇင်လင်းမြင့်



ကိုဗစ်-၁၉ နဲ့ ရင်ဆိုင်နေရတဲ့ မြန်မာနိုင်ငံရဲ့ မြို့တွေထဲမှာ ရန်ကုန်မြို့လည်း ပါဝင်နေပါတယ်။ တည်ဆောက်ရေးစီမံကိန်းတွေ အများအပြားရှိနေတဲ့ ရန်ကုန်မြို့မှာတော့ ပြည်သူတွေရဲ့ နေထိုင်သွားလာမှု၊ လုပ်ငန်းဆောင်ရွက်မှု၊ စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော် တည်ဆောက်နေမှုကတော့ ကျန်းမာရေးအသိနဲ့အတူ နေ့စဉ်လှုပ်ရှား လည်ပတ်လျက်ရှိပါတယ်။ ရန်ကုန်မြို့ရဲ့ စီမံကိန်းအကောင်အထည်ဖော်မှုတွေထဲမှာ ရန်ကုန်မြို့လယ်က Y Complex Project လည်း အပါအဝင်ဖြစ်ပါတယ်။

### အချက်အချာ နေရာတစ်ခု

ဘက်စုံသုံး အဆောက်အအုံစီမံကိန်းတစ်ခုဖြစ်တဲ့ Y Complex Project စီမံကိန်းဟာ ရွှေတိဂုံဘုရားလမ်းနဲ့ ပန်တျာလမ်းထောင့်မှာရှိတဲ့ မြေဧရိယာပေါ်မှာ တည်ဆောက်နေတာဖြစ်ပါတယ်။ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရဲ့ အချက်အချာနေရာတစ်ခုဖြစ်ပြီး သွားလာရေးအဆင်ပြေတဲ့နေရာလည်း ဖြစ်ပါတယ်။ ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်ဘူတာကြီးစတဲ့ ရန်ကုန်မြို့လယ်ရဲ့ အထင်ကရနေရာတွေနဲ့ မနီးမဝေးမှာလည်း တည်ရှိနေတာဖြစ်တာမို့ မြို့လယ်ကောင် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအားဖြည့်ပေးမယ့် အဆောက်အအုံစီမံကိန်းလည်း ဖြစ်ပါတယ်။

### လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်

ဒီစီမံကိန်းဟာ ဘက်စုံသုံးအဆောက်အအုံ စီမံကိန်းဖြစ်ပြီး ကြမ်းခင်းဧရိယာ စတုရန်းမီတာ ၉၂၀၀၀ ခန့်ပေါ်မှာ အဆောက်အအုံတွေတည်ဆောက်မှာ ဖြစ်ပါတယ်။ အဲဒီအဆောက်အအုံတွေထဲမှာ အဆင့်မြင့်ဟိုတယ်တစ်လုံး၊ ဆိုင်ခန်းတွေနဲ့ အဆင့်မြင့်ရုံးခန်းတွေ ပါဝင်ပါတယ်။ ဒီလိုဖွဲ့စည်းမှုတွေကြောင့် စီးပွားရေးအချက်အချာကျတဲ့ ရန်ကုန်မြို့မှာ အဆင့်မြင့်ဟိုတယ်ခန်းတွေ လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်သလို အဆင့်အတန်းမြင့်မြင့် ဈေးရောင်းချလိုသူတွေအတွက်လည်း ဆိုင်ခန်း တွေ ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းတွေနဲ့ ကုမ္ပဏီတွေအတွက် ကျယ်ဝန်းတဲ့ ရုံးခန်းတွေကိုလည်း ဝန်ဆောင်မှုပေးနိုင်မှာ ဖြစ်ပါတယ်။

### အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေရရှိ

ဒီစီမံကိန်းကို ဂျပန်နိုင်ငံ တိုကျိုမြို့ အခြေစိုက် Fujita Corporation နဲ့ Tokyo Tatemono Co;Ltd တို့က ပြည်တွင်းစီးပွားရေး လုပ်ငန်းတစ်ခုဖြစ်တဲ့ Ayeyarhinthar Holdings Co;Ltd ရဲ့ Yangon Technical & Trading Co.,ltd. (YTTC) နဲ့အတူ ပူးတွဲတည်ဆောက်နေတာ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ အမေရိကန်ဒေါ်လာ ၃၃၂ ဒသမ ၅ သန်း ခန့် ကုန်ကျမယ်လို့ ခန့်မှန်းထားကြောင်း သိရပါတယ်။ ဒီလိုကြီးမားတဲ့ စီမံကိန်းတစ်ခုပေါ်ထွက်လာတာဟာ ရန်ကုန်မြို့လယ် တိုးတက်ဖွံ့ဖြိုးမှုအတွက်ရော၊ လူငယ်တွေအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေ ရရှိစေမှာဖြစ်ပါတယ်။

စာမျက်နှာ (ခ) သို့

ဓာတ်ပုံ - သန်းထိုက်



# လူထုအခြေပြု အိမ်ရာစီမံကိန်းများ

········· ဆွေဦးဝေ ·········

အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့ ရန်ကုန်မြို့မှာ အနယ်နယ်အရပ်ရပ်က ရွှေ့ပြောင်းအခြေချနေထိုင်သူတွေ များပြားလာပါတယ်။ ဒီလို ရွှေ့ပြောင်းလာသူတွေ များလာတာနဲ့အမျှ ကျူးကျော်နေထိုင်သူတွေလည်း များပြားလာပါတယ်။ ကျူးကျော်နေထိုင်သူတွေအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရက တန်ဖိုးနည်းအိမ်ရာတွေ တည်ဆောက်ပေးနိုင်ရေး ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုရင် လှိုင်သာယာမြို့နယ်မှာ ကျူးကျော်တွေအတွက် တန်ဖိုးနည်းအိမ်ရာတွေကို လူထုအခြေပြု အိမ်ရာစီမံကိန်းအဖြစ် ဖော်ဆောင်ပေးဖို့ စီစဉ်နေပါတယ်။

လူထုအခြေပြု အိမ်ရာစီမံကိန်းတွေကို ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွေမှာ တည်ဆောက်ပေးခဲ့ပြီး အခု လှိုင်သာယာမြို့နယ်မှာ တည်ဆောက်ပေးဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရွှေပြည်သာမြို့နယ် တိုးချဲ့(၁၉)ရပ်ကွက်မှာ အိမ်စုစုပေါင်း ၂၆၄ လုံး တည်ဆောက်ပြီးစီးခဲ့လို့ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှာ စတင်နေထိုင်ခွင့်ရရှိသူတွေ ပြောင်းရွှေ့နေထိုင်နေပြီ ဖြစ်ပါတယ်။ ရွှေပြည်သာမြို့နယ်မှာ တည်ဆောက်ပေးခဲ့တဲ့ အိမ်တွေက ကျပ်သိန်း ၃၀ တန်ဖိုးရှိပြီး အကျယ်အဝန်းကတော့ ၁၈ ပေx ၂၅ ပေ ရှိတဲ့ ပုံစံတူတွေ ဖြစ်ပါတယ်။

### လုပ်ငန်းတွေ ရပ်နားထား

အခု လှိုင်သာယာမြို့နယ်မှာ တည်ဆောက်မယ့် ကျူးကျော်တွေအတွက် နေအိမ်တွေကိုတော့ နေထိုင်ခွင့်ရရှိသူတွေနဲ့ ညှိနှိုင်းပြီး ငွေကြေး၊ အကျယ်အဝန်းတွေကို တွက်ချက်တည်ဆောက်ရေး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ကြောင့် တည်ဆောက်ရေးလုပ်ငန်းတွေ ရပ်နားထားရတယ်လို့လည်း ဒီစီမံကိန်းကို အကောင်အထည်ဖော်တည်ဆောက်နေတဲ့ တာဝန်ရှိသူတွေက ပြောထားပါတယ်။ အခြေအနေတွေ တည်ငြိမ်သွားရင်တော့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆက်လက်အကောင်အထည်ဖော်သွားမယ်လို့ ပျိုမေ့အိမ်အဖွဲ့ရဲ့ ဒါရိုက်တာ ဒေါ်ဗန်လီဇာအောင်က ပြောပါတယ်။

ဒီလို လူထုအခြေပြု အိမ်ရာတွေကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အိမ်ရာခြောက်သောင်းခန့် တည်ဆောက်ပေးဖို့ အစီအစဉ်ရှိကြောင်း ဒေါ်ဗန်လီဇာအောင်က ပြောထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကျူးကျော်အိမ်ထောင်စုပေါင်း ၁၁၀၀၀၀ ကျော်ရှိပြီး လူဦးရေကတော့ ၄၄၀၀၀၀ ကျော်ရှိတယ်လို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက တိုင်းဒေသကြီးလွှတ်တော်မှာ ပြောထားပါတယ်။ ဒီအိမ်ထောင်စုတွေအားလုံးအတွက် နေအိမ်တည်ဆောက်ပေးဖို့ဆိုတာ စိန်ခေါ်မှုတွေ အများကြီးရှိနိုင်ပေမယ့် အဲဒီအရေအတွက်ရဲ့ ထက်ဝက်ခန့်ကိုတော့ တည်ဆောက်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလို ကျူးကျော်အရေအတွက် နေအိမ်တွေ တည်ဆောက်ပေးရာမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရက မြေနေရာပေးတာဖြစ်ပြီး ပျိုမေ့အိမ်အဖွဲ့က အကောင်အထည်ဖော် တည်ဆောက်ပေးနေတာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်မှာ ကျူးကျော်တွေအတွက် အိမ်ရာ ၆၀၀၀၀ ခန့်ကို တည်ဆောက်ပေးမည်ဖြစ်ရာ အဲဒီမြို့နယ်တွေကတော့ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရွှေပြည်သာမြို့နယ်နဲ့ လှိုင်သာယာမြို့နယ်တွေပဲ ဖြစ်ပါတယ်။ ကနဦး တည်ဆောက်ခဲ့တဲ့ ရွှေပြည်သာမြို့နယ်က ကျူးကျော်အိမ်ရာစီမံကိန်းဟာ ရာနှုန်းပြည့်နီးပါး အောင်မြင်မှုရှိတယ်လို့ သိရပါတယ်။ ဒီစီမံကိန်းကို ဦးစားပေးအဖြစ် ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွေမှာ ဆောင်ရွက်နေပြီဖြစ်လို့ အခုဆိုရင် လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွေမှာ ဆက်လက်တည်ဆောက်ဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

လှိုင်သာယာမြို့နယ်မှာ ကျူးကျော်တွေအတွက် အိမ်ရာစီမံကိန်းဟာ စတင်အကောင်အထည်ဖော်နေတာဖြစ်ပေမယ့် ကိုဗစ်-၁၉ ကြောင့် ခေတ္တဆိုင်းငံ့နေရတဲ့အချိန် ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ရန်ကုန်တိုင်းဒေသကြီး အစိုးရက မြေနေရာ၊ ရေ၊ လျှပ်စစ်မီးနဲ့ လမ်းတွေကို ပံ့ပိုးပေးလျက်ရှိပြီး နေထိုင်သူတွေက မိမိတို့နေထိုင်တဲ့ အိမ်တည်ဆောက်စရိတ်ကို ကျခံရမှာ ဖြစ်ပါတယ်။ ဒီလို အိမ်တည်ဆောက်တဲ့အခါ အိမ်ထောင်စုတစ်စုကို မြေအကျယ် ၂၂ပေxပေ ၃၀ ရှိတဲ့ အဲဒီမြေပေါ်မှာ ၁၂ ပေx၁၅ပေ အကျယ်ရှိတဲ့ အိမ်ကို တည်ဆောက်ပေးမှာ ဖြစ်ပါတယ်။ တချို့ အိမ်အကျယ်အဝန်း၊ ကုန်ကျစရိတ်တွေကို နေထိုင်သူတွေရဲ့ ဆန္ဒအရ ညှိနှိုင်းဆောင်ရွက်လို့လည်းရတယ်လို့ ဆိုပါတယ်။

### ချေးငွေနဲ့ ခြောက်နှစ်အရစ်ကျပေးသွင်း

အိမ်ရာမဲ့ဘဝနဲ့ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ကြရတဲ့ ကျူးကျော်တွေအတွက် အိမ်ရာပိုင်ဆိုင်ခွင့်အိပ်မက်ကို အကောင်အထည်ဖော်နိုင်ကြပြီ ဖြစ်ပါတယ်။ ကိုယ်တတ်နိုင်တဲ့ ငွေကြေးပမာဏနဲ့ချိန်ဆပြီး လစဉ်ငွေပေးသွင်းမှုအပေါ် မူတည်ကာ အခြေတကျ အိုးအိမ်ပိုင်ဘဝကို ရရှိစေမှာဖြစ်ပါတယ်။ ဒီလိုနေအိမ်တည်ဆောက်မှုအတွက် ကုန်ကျစရိတ်ကို ကိုရီးယားအခြေစိုက် အသေးစားငွေရေးကြေးရေး လုပ်ငန်းတစ်ခုဖြစ်တဲ့ KEB Hana Microfinance Limited ရဲ့ ချေးငွေနဲ့ ခြောက်နှစ်အရစ်ကျ ပေးသွင်းရမှာ ဖြစ်ပါတယ်။

ဒီလို ချေးငွေအတွက် တစ်လအတိုးနှုန်း တစ်ကျပ်ကျော်နဲ့ ဝင်ငွေပေါ်မူတည်ပြီး တစ်လကို ၅၀၀၀၀ ကျပ်၊ ၆၂၀၀၀ ကျပ်နဲ့ ၇၉၅၀၀ ကျပ်ခန့်ကို လအလိုက် ပေးသွင်းသွားကြရမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလို အိမ်တွေမှာ နေထိုင်သူတွေအတွက် နှစ်ပေါင်း ၃၀ နေထိုင်ခွင့်ပေးမှာဖြစ်ပြီး ပြန်လည်ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း ပြုလုပ်ခွင့် မရှိဘူးလို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောထားပါတယ်။ ဒီလို စည်းကမ်းသတ်မှတ်ချက်တွေ ထားရှိတာဟာ စီးပွားရေးသမားတွေ ဝင်ရောက်မခြယ်လှယ်နိုင်ဖို့နဲ့ အိမ်ရာမဲ့ ကျူးကျော်သူတွေ ပပျောက်စေဖို့ ဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်ဖို့အတွက် နေထိုင်ခွင့်ရရှိသူတွေကလည်း တိတိကျကျ လိုက်နာဖို့လိုသလို သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း မကြာခဏ ကွင်းဆင်းကြပ်မတ်နေဖို့လည်း လိုအပ်ပါတယ်။

အခုလို ကျူးကျော်အိမ်ရာမှာ နေထိုင်ခွင့်ရရှိသူတွေအနေနဲ့ အိမ်ကိုသာ ပိုင်ဆိုင်ခွင့်ရမှာဖြစ်ပြီး မြေနေရာကိုတော့ ပိုင်ဆိုင်ခွင့်ရမှာ မဟုတ်ပါဘူး။ အစုအဖွဲ့ပိုင်အနေနဲ့ နေထိုင်ခွင့်ရတဲ့ အစိုးရမြေအဖြစ်ပဲ တည်ရှိနေမှာ ဖြစ်ပါတယ်။ အစိုးရမြေပေါ်မှာ နှစ်ပေါင်း ၃၀ အထိ အိမ်ဆောက်နေထိုင်ခွင့်ရတဲ့ သဘောပါပဲ။ ဒါဟာ အိမ်ငှားခဈေးကြီးပေးပြီး နေထိုင်ရတဲ့ဘဝ၊ ထိတ်လန့်တကြားနဲ့ နေထိုင်ရတဲ့ အတည်တကျမရှိ ကျူးကျော်ဘဝတွေကနေ လွတ်ကင်းစေမှာ ဖြစ်ပါတယ်။ နေထိုင်မှုအဆင့်အတန်းနိမ့်ကျတဲ့ ကျူးကျော်ဘဝတွေကနေပြီး အဆင့်အတန်းတစ်ခုရှိတဲ့ အတည်တကျ အိုးအိမ်ပိုင်တဲ့ဘဝတွေလည်း ရရှိစေမှာ ဖြစ်ပါတယ်။

### တတ်နိုင်သမျှ ဖော်ဆောင်ဖန်တီး

ရန်ကုန်မြို့မှာ လှိုင်သာယာမြို့နယ် အပါအဝင် အခြားမြို့နယ်အားလုံးမှာ ကျူးကျော်နေထိုင်သူ လေးသိန်းခန့် ရှိတယ်လို့ သိရပါတယ်။ ခေတ်အဆက်ဆက် အဲဒီပြဿနာတွေကို မဖြေရှင်းနိုင်ခဲ့ပေမယ့် လက်ရှိအစိုးရလက်ထက်မှာတော့ ကျူးကျော်တွေအတွက် အိမ်ရာစီမံကိန်းကို တတ်နိုင်သမျှ ဖော်ဆောင်ဖန်တီးပေးနေခြင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကျူးကျော်နေထိုင်သူတွေရဲ့ စာရင်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာလက စတင်စာရင်းကောက်ယူခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လမှာ ပြီးစီးခဲ့ပါတယ်။ အဲဒီကျူးကျော်သူတွေထဲမှ အိမ်ထောင်စု ၁၆၀၀၀၀ ကျော်ကို စမတ်ကတ်တွေ ထုတ်ပေးခဲ့ပါတယ်။ အဲဒီစမတ်ကတ်ရှိတဲ့ အိမ်ထောင်စုတွေထဲက အခုလို အိမ်ရာစီမံကိန်းမှာ သတ်မှတ်ထားတဲ့ ငွေကြေးစည်းကမ်းချက်အတိုင်း ပေးသွင်းနိုင်တဲ့ အိမ်ထောင်စုတွေကို နေထိုင်ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ ကျူးကျော်နေထိုင်သူတွေကို အရင်တုန်းက ရန်ကုန်မြို့နဲ့ ဝေးတဲ့ နေရာတွေအထိ ရှင်းလင်းရွှေ့ပြောင်းပေးခဲ့လို့ အဲဒီပြည်သူတွေ အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရပါတယ်။ အခုကျူးကျော်တွေကို နေအိမ်စီစဉ်ပေးမှုကတော့ လူနေရပ်ကွက်အတွင်းတွေမှာ ဖော်ဆောင်ပေးနေတာဖြစ်ပြီး လမ်း၊ ရေ၊ မီး စတဲ့ အခြေခံ လိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးနေတာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျူးကျော်အိမ်ရာတွေမှာ နေထိုင်သူတွေဟာ နေ့စဉ်စားဝတ်နေရေး လှုပ်ရှားသွားလာရတာတွေ အဆင်ပြေစေမှာ ဖြစ်ပါတယ်။

---

*ရန်ကုန်မြို့ပြအလှကို ဖော်ထုတ်ပြသပေးမယ့် စီမံကိန်း. . . မှ*

ဒီစီမံကိန်းကို အကောင်အထည်ဖော်တဲ့အခါ မြို့ပြအင်္ဂါရပ်ရဲ့ သတ်မှတ်ထားတဲ့ စည်းကမ်း သတ်မှတ်ချက်တွေနဲ့အညီ အကောင်အထည်ဖော် တည်ဆောက်နေတာဖြစ်လို့ တည်ဆောက်ရေးလုပ်ငန်းတွေကို ၂၀၁၇ ခုနှစ်က စတင်ခဲ့တာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မှာ ပြီးစီးမယ်လို့ ရည်မှန်းချက်ထားဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အခုလို ကိုဗစ်-၁၉ နဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ကာလမှာ တည်ဆောက်ရေးလုပ်ငန်းတွေ နှောင့်နှေးကြန့်ကြာမှုမျိုးရှိနိုင်ပေမယ့် အတတ်နိုင်ဆုံး ပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်နေကြောင်း သိရပါတယ်။ ရန်ကုန်မြို့မှာ စက်မှုဇုန်တွေ၊ စက်ရုံအလုပ်ရုံတွေ၊ စီးပွားရေးလုပ်ငန်းတွေ အားလုံးဟာ ကျန်းမာရေးဆိုင်ရာ လိုက်နာရမယ့် စည်းကမ်းသတ်မှတ်ချက်တွေအတိုင်း လုပ်ငန်းခွင်မပျက် ပုံမှန်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်နေကြရပါတယ်။

ဒီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ Fujita Corporation က ဆောက်လုပ်ရေးလုပ်ငန်းနဲ့ Planning တို့ကို တာဝန်ယူလုပ်ကိုင်ကြောင်းသိရပါတယ်။ Tatemono ကုမ္ပဏီကတော့ ရုံးခန်းတွေ၊ ဆိုင်ခန်းတွေ ဖွင့်လှစ်တဲ့အခါ တာဝန်ယူစီမံခန့်ခွဲမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ ပါဝင်တဲ့ ဟိုတယ်ကိုတော့ တိုကျိုအခြေစိုက် Hotel Okura Co;Ltd က လုပ်ကိုင်မှာ ဖြစ်ပါတယ်။ ဂျပန်ကုမ္ပဏီတွေပါဝင်တဲ့ ဒီစီမံကိန်းဟာ အတူတွဲလုပ်တဲ့ ပြည်တွင်းကုမ္ပဏီရော၊ လူငယ်တွေအတွက်ပါ လုပ်ငန်းခွင်ဆိုင်ရာ အသိပညာ၊ အတတ်ပညာတွေ လေ့လာဆည်းပူးနိုင်ခွင့်လည်း ရရှိစေမှာဖြစ်တယ်လို့ သိရပါတယ်။

### ပုံမှန်ဖြစ်ထွန်းလျက်ရှိ

ရန်ကုန်မြို့ပြရဲ့ မြို့နယ်နေရာအနှံ့အပြားမှာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေ ရှိနေပါတယ်။ ဒီတည်ဆောက်ရေး လုပ်ငန်းတွေကြောင့် အဆောက်အအုံအသစ်တွေ ဖြစ်ထွန်းထွက်ပေါ်နေတာကို တွေ့မြင်နေရတာ ဖြစ်ပါတယ်။ တည်ဆောက်ဆဲ အဆောက်အအုံတွေ၊ တည်ဆောက်ပြီး အဆောက်အအုံသစ်တွေနဲ့ အတူ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ပုံမှန်ဖြစ်ထွန်းလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့နိုင်ငံအများအပြားအပါအဝင် မြန်မာနိုင်ငံမှာလည်း ရိုက်ခတ်မှုရှိနေတာမို့ ရန်ကုန်မြို့လည်း ထိခိုက်မှုဒဏ်ကို အနည်းနဲ့အများ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒီကာလမှာ စီးပွားရေးမြို့တော်လို့ သတ်မှတ်ထားတဲ့ ရန်ကုန်မြို့မှာလည်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ လျော့နည်းနှေးကွေးခဲ့ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေအနက် Y Complex Project စီမံကိန်းဟာလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြိုးစားဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒီဘက်စုံ အဆောက်အအုံ စီမံကိန်းဟာ အများပိုင်တဲ့ ပုဂ္ဂလိကပိုင် ပေါင်းစပ်ပါဝင်နေသော Public Private Partner (PPP) အနေနဲ့ လုပ်ကိုင်နေတာဖြစ်ပါတယ်။

ဒီစီမံကိန်းဟာ ရန်ကုန်မြို့လယ်ဧရိယာအတွင်းမှာ နေရာကောင်းကောင်း၊ ဝန်ဆောင်မှုကောင်းကောင်းနဲ့ ရုံးခန်းကျယ်တွေ ပါဝင်တာမို့ ပြည်ပကုမ္ပဏီတွေအတွက် သူတို့ရဲ့ ကုမ္ပဏီရုံးခွဲတွေ လာရောက်ဖွင့်လှစ်ဖို့အတွက်လည်း အဆင်ပြေစေမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၆ ရက်က Video Conferencing စနစ်နဲ့ ပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတစ်ခုတို့ကို ခွင့်ပြုပေးခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခုတို့မှာ ဂျပန်နှင့် တရုတ်နိုင်ငံ စက်မှုလုပ်ငန်းတို့မှ လာရောက်ရင်းနှီးမြှုပ်နှံကြတာ ဖြစ်ပါတယ်။ အဓိကအနေနဲ့ကတော့ CMP စနစ်နဲ့ အိတ်၊ အဝတ်အထည်အမျိုးမျိုး၊ ခေတ်မီပရိဘောဂ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆန်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်း၊ နှမ်းဆီမွှေး၊ နှမ်းဆီနဲ့ နှမ်းကွတ်ကီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းတို့ဖြစ်ကြောင်း သိရပါတယ်။

### ရင်းနှီးမြှုပ်နှံမှုအသစ်တွေရရှိ

အဲဒီလို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အတည်ပြုပေးလိုက်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့ မတည်ငွေရင်းပမာဏ စုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၅၂ သန်းနဲ့ မြန်မာကျပ်ငွေ သန်း ၆၀၀၀ ဖြစ်ကြောင်း သိရပါတယ်။ အဲဒီလုပ်ငန်း ခြောက်ခုကြောင့် ပြည်တွင်းအလုပ်သမားဦးရေ ၁၈၀၀ ကျော်ကို အလုပ်အကိုင်ရရှိစေမှာ ဖြစ်ပါတယ်။ ဒီလို လူငယ်တွေ အလုပ်အကိုင်ရရှိဖို့အတွက် ပြည်ပက ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ရရှိဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး နှစ် ၄၀ မဟာစီမံကိန်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ ဦးစားပေးစီမံကိန်း ၇၇ ခုအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံခန့် ကုန်ကျနိုင်တယ်လို့ ခန့်မှန်းတွက်ချက်ထားကြောင်း တွေ့ရပါတယ်။ မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် လာမယ့် ၂၀၄၀ အထိ ရေ၊ မီး၊ လမ်းတံတားပိုင်း၊ ပို့ဆောင်ရေး စတဲ့ လုပ်ငန်းတွေလည်း ဟန်ချက်ညီညီ ဆောင်ရွက်ပေးဖို့လည်း လုပ်ကိုင်နေပါတယ်။ ဒီလို ဆောင်ရွက်မှုတွေနဲ့အတူ ပြည်ပက ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအသစ်တွေလည်း လိုအပ်နေပါတယ်။

### ဖြည့်ဆည်းပေးနိုင်မှာဖြစ်

ဒီလို အခြေအနေတွေရှိနေတဲ့ ရန်ကုန်မြို့မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပါဝင်တဲ့ Y Complex Project ဟာ အခုဆိုရင် ပီပီပြင်ပြင်နဲ့ ပေါ်ထွက်လာဖို့ ရှိနေပြီဖြစ်ပါတယ်။ ဂျပန်ကုမ္ပဏီတွေ ပါဝင်တည်ဆောက်နေတဲ့ ဒီစီမံကိန်းဟာ ရန်ကုန်မြို့ရဲ့ စီးပွားရေးအတွက်ရော၊ ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အကောင်းဆုံး အထောက်အကူပြုပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ။

# ရန်ကုန်မြေ ငမိုးရိပ်ချောင်း ကမ်းပြိုကာကွယ်ခြင်းစီမံချက်က မိုးတွင်းကာလရေကြီးရေလျှံမှုများ လျှော့ချနိုင်

ရွှေမြိုင်မောင်ဖုန်း

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဘေလီတံတားအနီးရှိ ပါရမီလမ်းနှင့် ရွှေပြည်ခိုင်ညာလမ်းတို့၏ ငမိုးရိပ်ချောင်းနံဘေးတစ်လျှောက် (တောင်ဥက္ကလာပဘက်ခြမ်း) တွင် ဆောင်ရွက်လျက်ရှိသော မိုးရာသီကာလ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသည်ပင် ယခုအခါ၌ ရာနှုန်းပြည့်နီးပါး ပြီးစီးလာပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၁) မှ သိရသည်။

" ဒီစီမံကိန်းက ဒီနှစ် ဘတ်ဂျက်မှာ ဆောင်ရွက်တဲ့ ငမိုးရိပ်ချောင်းရဲ့ ကွေ့(၅)ကွေ့ စီမံကိန်းထဲမှာ တစ်ခုအပါဝင် ဖြစ်တယ်။ အခု စက်တင်ဘာလ ပထမအပတ်မှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်တဲ့ကွေ့တွေလည်း စက်တင်ဘာလ ဒုတိယပတ်လောက် အပြီးဆောင်ရွက်နိုင်အောင် လုပ်ဆောင်နေပါတယ်။ ဒီလို ကမ်းပြိုတဲ့အကြောင်းက ရေနက်စီးကြောင်းရှိတဲ့အတွက် ကမ်းတစ်ဖက်တစ်ချက်မှာ တိုက်စားခံရတာဖြစ်ပါတယ်။ မြစ်ကွေးရဲ့အပြင်ဘက်မှာ ကမ်းတွေရှိနေတာကြောင့် တိုက်စားခံရတာ ဖြစ်တယ်။ မြေသားညံ့တဲ့နေရာတွေမှာလည်း တိုက်စားခံရပါတယ်။ ဒီနေရာတွေကို ကွန်ကရစ် အသုံးပြုပြီး ကမ်းပြိုကာကွယ်ရေး လုပ်နေပါတယ်။ ဒါတွေကို ရေရှည်တည်တံ့ဖို့က ကမ်းပါးတွေကို ထိန်းနိုင်မယ့် ဒီရေတောအပင်တွေ စိုက်ပျိုးသွားဖို့လည်း ရှိတယ်။ ပြည်သူတွေအနေနဲ့ကလည်း ဒီလိုကမ်းပါးထိန်း ဆောင်ရွက်ထားတဲ့နေရာတွေမှာ အမှိုက်တွေမပစ်ဖို့ သတိပေးလိုပါတယ်။ စွန့်ပစ်ပစ္စည်းတွေကြောင့် ကြွက်တွေလာအောင်းမယ်၊ ကြွက်တွင်းတွေဖြစ်ပြီး ကြာလာရင်တော့ ကမ်းပြိုမှုကို အားပေးရာရောက်ပါတယ် " ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၁) မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းလှိုင်က ပြောသည်။



ငမိုးရိပ်ချောင်း (တောင်ဥက္ကလာပဘက်ခြမ်း) ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို တွေ့ရစဉ်။

ငမိုးရိပ်ချောင်း (တောင်ဥက္ကလာပဘက်ခြမ်း) ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သော စံညွှန်းသစ် ကုမ္ပဏီက တာဝန်ယူကာ ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်ကစတင်ပြီး ဆောင်ရွက်ခြင်းဖြစ်ကာ ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ တောင်ဥက္ကလာပမြို့နယ် (၁၅) ရပ်ကွက် ဘေလီတံတား ရွှေပြည်ခိုင်ညာလမ်းအနီးမှ အလျား ၁၂၇၅ ပေ အရှည်ကို ကုန်ကျငွေကျပ် ၁၂၀၅ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကမ်းပြိုကာကွယ်ရေးစီမံကိန်းကွေ့ ငါးကွေ့ ပြီးစီးပါက ယခုနှစ်အတွင်း ကွေ့ပေါင်း ၁၅ ကွေ့ ပြီးစီးမည်ဖြစ်ပြီး ထပ်မံကျန်ရှိနေသည့် ကွေ့ ၁၀ ကွေ့ကို လာမည့်နှစ် ဘတ်ဂျက်ငွေ ရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ။

*ရန်ကုန်မြို့ကြီးကို ကာကွယ်စောင့်ရှောက်ကြပါစို့ . . . မှ*

မှန်ပါတယ် ရန်ကုန်တိုင်းဒေသကြီးကတော့ အခြား အခြားသော တိုင်းဒေသကြီးတွေထက် လူဦးရေပိုမိုများပြားတာကိုးလို့ဆိုရင် လက်ခံရမှာပေါ့။ အခြားသောဒေသကသူတွေကိုလည်း အကန့်အသတ်မရှိဝင်ထွက်ခွင့်ပေးနေရတာလည်း ပါပါတယ်။ နေပြည်တော်တို့လို၊ မန္တလေးတို့လို ကန့်သတ်လိုက်ရင်တော့ နည်းသွားလိမ့်မယ်ထင်ပါတယ်။

မတ်လအတွင်း ကိုဗစ် ဖြစ်စမှာတော့ ရန်ကုန်သူ ရန်ကုန်သားတွေ အတော့်ကို ချောက်ချောက်ချားချား ဖြစ်ခဲ့ကြပါတယ်။ ဆန်တွေ၊ ဆီတွေ၊ ကုန်ခြောက်တွေ ပြေးဝယ်စုဆောင်းတဲ့အထိကို ဖြစ်ခဲ့တာပါ။ လမ်းတွေပေါ်မှာဆို လူနဲ့ကားအလျှင်းကို ရှင်းသွားခဲ့ပါတယ်။ သွားလာမှုတွေ အတော်ရပ်ဆိုင်းသွားခဲ့ပါတယ်။ ဒါပေမယ့် အဲဒီကြောက်စိတ်က ကြာကြာမခံပါဘူး။

ဖြစ်စဉ်အနေအထားပေါ် ကြည့်ပြီး ဖြေလျှော့မှုတွေအပေါ် ပေးတာထက်ပိုပြီး အသုံးချမှုတွေ ပြုလာတာကို တွေ့ရပါတယ်။ တာဝန်ရှိသူတွေရဲ့ ထိန်းသိမ်းမှုအပေါ် အရဲကိုးလာကြတယ်။ ဈေးတွေပြန်ဖွင့်ပေးလိုက်တော့ ဈေးတွေမှာ တိုးတိုးဝှေ့ဝှေ့ စည်ကားလာကြတယ်။ စည်ကားတာ မကောင်းဘူးလားလို့ ပြန်မေးစရာရှိလာပါတယ်။ စည်ကားခြင်းက ကောင်းသော အပေါင်းလက္ခဏာပါ။ ဒါပေမယ့် အကင်းမသေသေးတဲ့လူနာ အရဲကိုးလို့ ရောဂါပြန်ဖြစ်လာရင် ပထမတစ်ကြိမ်ကထက် ပိုခံရနိုင်တာမို့ အနုတ်လက္ခဏာဖြစ်လာနိုင်တယ်ဆိုတာက အားလုံးသိပြီးသား သီအိုရီတစ်ခုပါ။

နောက်ပြီး စားသောက်ဆိုင်တွေ ပြန်ဖွင့်ခွင့်ရစဉ်ကတော့ ဂရုတစိုက်နဲ့ သက်ဆိုင်ရာဌာနတွေရဲ့ ညွှန်ကြားချက်အတိုင်း ဆိုင်ရှေ့မှာ ဝင်လာသူတိုင်းကို အပူချိန်တိုင်းဖို့၊ လက်ဆေးဖို့ ဝန်ထမ်းတွေကို တာဝန်ချထားကြပေမယ့် အချို့ဆိုင်အတော်တော်များများက ကြာကြာမခံပါဘူး။ အခုပြန်ဖြစ်လာတဲ့အချိန်မတိုင်မီအထိ ပျက်ယွင်းမှုတွေရှိလာတာကို တွေ့မြင်နေရပါတယ်။

**အခုလို ကြောက်စရာကောင်းတဲ့ ကိုဗစ်ကို ပေါ့ပေါ့ဆဆ သဘောထားနေတဲ့အပြင် သက်ဆိုင်ရာဌာနတွေက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို အလေးမထားကြသူတွေ ရှိနေပါသေးတယ်။ အဲဒီမှာ ည ၁၂ နာရီကနေ နံနက် ၄ နာရီအထိ မထွက်ရဆိုတဲ့ ကန့်သတ်ချက်ကို ပေါ့ပေါ့ဆဆထင်နေကြသူတွေပါ . . .**

နောက် ဆိုင်ပြန်ဖွင့်ဖို့ အစစ်အဆေးခံစဉ်က စားပွဲခုံတွေအပေါ်က အကာအရံလေးများကိုလည်း ဆိုင်ရှေ့ပိုင်းလောက်သာ ဟန်ပြထားကြပြီး ဆိုင်အတွင်းပိုင်းကခုံတွေပေါ်မှာ လုံးဝမရှိတော့ပါဘူး။ အခုပြန်ဖြစ်တော့ အရေးပေါ် ပြန်ထားနေကြတာကိုတော့ တွေ့နေရပါတယ်။ ဒါက ဆိုင်ကလုပ်ဆောင်ရမယ့် တာဝန်တွေ ပျက်ကွက်ရုံတင်မဟုတ်ပါဘူး။ စားသုံးသူတွေကိုယ်တိုင်က ရှုပ်တယ်ထင်လို့ ဘေးကိုကပ်ထားပြီး မျက်နှာချင်းဆိုင်နီးကပ်စွာ ပြောဆိုနေကြတာကိုလည်း တွေ့နေရပါတယ်။

အခုတော့ သတင်းတစ်ခုကို ကြားနေရပါပြီ။ စက်တင်ဘာ ၈ ရက်ကစပြီး ရန်ကုန်စားသောက်ဆိုင်တွေမှာ ဆိုင်ထိုင်စားသောက်တာတွေကိုပိတ်ပြီး ပါဆယ်ကိုပဲပြန်ရောင်းခွင့်ပြုတော့မယ်ဆိုတဲ့ သတင်းပါ။ အခုတော့ အစက ပြန်စကြရပြီပေါ့။

နိုင်ငံတော်က တာဝန်ရှိသူတွေရဲ့ ထိန်းသိမ်းမှုကောင်းလာတာကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လကတည်းကစဖြစ်လာတဲ့ ကိုဗစ်က ဩဂုတ်လလယ်လောက်မှာ မီးစာကုန်လို့ ငြိမ်းခါနီးအလင်းတိုင်လို လင်းအားလျော့သွားခဲ့ပါပြီ။ အားလုံးက ဝမ်းသာမှုတွေနဲ့ပြောနေကြတဲ့ စကားမဆုံးခင် ရခိုင်ပြည်နယ် စစ်တွေက အစပြုလို့ ကိုဗစ်က အခုဆို တစ်နိုင်ငံလုံးကို ပျံ့နှံ့မှုဖြစ်လာခဲ့ပါပြီ။

အဲဒီဒဏ်ကို အခံရဆုံးက ရန်ကုန်တိုင်းဒေသကြီးပါ။ နေ့စဉ် ရခိုင်လေကြောင်းလိုင်းက ခရီးသည်တွေ ရန်ကုန်ကို အများကြီးဝင်လာခဲ့ခြင်းပါ။ (အခုတော့ ရပ်သွားပါပြီ) သက်ဆိုင်ရာရဲ့ စာရင်းဇယားအရဆိုရင် ဩဂုတ် ၁၀ ရက်ကနေ ၂၁ ရက်အထိဆို ၅၄၀၉ ဦးတောင်ရှိတယ်လို့ သိရပါတယ်။

ဒါက တရားဝင်လေကြောင်းလိုင်းကနေ ဝင်လာကြတာပါ။ ကားလမ်းကဝင်လာတဲ့ ခရီးသည်တွေလည်း အများကြီးရှိနေဦးမှာပါ။

တရားဝင် လေကြောင်းလိုင်းကလာသူတွေကိုတော့ ပေးထားတဲ့ဖုန်းတွေနဲ့ ဆက်သွယ်ခဲ့ကြပေမယ့် တစ်ဝက်ကျော်လောက်က ဖုန်းချသွားမှုတွေ၊ ဖြေကြားမှုငြင်းဆန်တာတွေ၊ သိသိကြီးနဲ့ ဖုန်းနံပါတ်မှားနေပါတယ်လို့ တမင်ပြောကြားလာသူတွေနဲ့ ကြုံတွေ့နေရတယ်လို့ သိလိုက်ရပါတယ်။

အဲဒီ တစ်ဝက်ကျော်ကျော်လောက်က ရန်ကုန်တစ်မြို့လုံးအနှံ့များ ခြေဆန့်ပြီးနေပြီလားဆိုတာကလည်း ထည့်စဉ်းစားရတော့မှာပါ။ ကြောက်စရာကောင်းလှပါတယ်။ အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်မှာ လေးပုံ သုံးပုံလောက်မှာက ပိုးတွေ့လူနာတွေ ရှိလာခဲ့ပါပြီ။ အသွားအလာကန့်သတ်စောင့်ကြည့်ရေး လုပ်ထားရတဲ့ မြို့နယ်က ခုနစ်မြို့နယ် ရှိသွားပါပြီ။

ပထမတစ်ကြိမ်က ဖြစ်စဉ်မှာ ရန်ကုန်မြို့က သေဆုံးသူ ငါးယောက်နဲ့ ရပ်တန့်နေပေမယ့် အခုပြန်ဖြစ်ချိန်မှာ သန်လျင်မြို့နယ်က အမျိုးသမီးတစ်ဦး (ပိုးတွေ့လူနာ ၁၀၂၃)က အခြားသော ရောဂါအခြေခံများနဲ့ဆက်နွှယ်ပြီး သေဆုံးသူစာရင်းမှာ ပါလာခဲ့ပါပြီ။ ဒါ့ကြောင့် ရန်ကုန်က သေဆုံးသူ ခြောက်ဦးစာရင်းဝင်သွားခဲ့ပါပြီ။

အခုတော့ မြို့နယ် ကိုဗစ်ကော်မတီအပြင် ရပ်ကွက်က တာဝန်ရှိသူတွေကပါ စစ်ဆေးနေကြပါပြီ။ ရခိုင်ပြည်နယ်ဘက်က ဧည့်သည်နဲ့ ထိုခရီးက ပြန်လာသူတွေကို အသေအချာ စစ်ဆေးနေကြပါပြီ။

အခုလို ကြောက်စရာကောင်းတဲ့ ကိုဗစ်ကို ပေါ့ပေါ့ဆဆ သဘောထားနေတဲ့အပြင် သက်ဆိုင်ရာဌာနတွေက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို အလေးမထားကြသူတွေ ရှိနေပါသေးတယ်။ အဲဒီမှာ ည ၁၂ နာရီကနေ နံနက် ၄ နာရီအထိ မထွက်ရဆိုတဲ့ ကန့်သတ်ချက်ကို ပေါ့ပေါ့ဆဆထင်နေကြသူတွေပါ။

စက်တင်ဘာ ၃ ရက်နဲ့ ၄ ရက်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ညမထွက်ရအမိန့်ကို ဖောက်ဖျက်ကျူးလွန်သူများကို ဖမ်းဆီးမိတာက အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၉၇၁ ဦး၊ မော်တော်ယာဉ် ၁၁၁ စီး၊ ဆိုင်ကယ် ၁၈ စီး ဆိုတဲ့အားက မနည်းလှပါဘူး။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာက အချို့သော နိုက်ကလပ်တွေ၊ ကာရာအိုကေဆိုင်တွေက တိုးတိုးတိတ်တိတ် ရှိနေခဲ့တာကလည်း ကိုဗစ်ကို လက်ယပ်ခေါ်နေသလိုပါပဲ။ ဒါကိုလည်း တစ်ဦးချင်း တစ်ယောက်ချင်းစီက ထိန်းသိမ်းသွားကြရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "တစ်ဦးချင်း တာဝန်သိသိနဲ့ လုပ်ဆောင်မှသာ ရောဂါကိုထိန်းချုပ်နိုင်မှာဖြစ်ပြီး ရခိုင်ပြည်နယ်မှာ ရောဂါကူးစက်မှုကို ထိန်းချုပ်လို့ရနိုင်ပေမယ့် ရန်ကုန်မြို့ကဲ့သို့ နေရာမျိုးမှာက ထိန်းချုပ်ဖို့ခက်ခဲကြောင်း" ပြောကြားမှုက ရန်ကုန်သူ ရန်ကုန်သားတွေအဖို့ အလေးထားဂရုစိုက်ရမယ့် အချက်ပါ။

နောက်တစ်ချက်က ရန်ကုန်နေ မိသားစုဝင်အများအပြားက နေအိမ်ကျဉ်းကျဉ်း၊ အခန်းကျဉ်းကျဉ်းလေးများနဲ့ နေထိုင်ကြရသူများဖြစ်လို့ တစ်ဦးနဲ့တစ်ဦး ရှောင်လွှဲလို့မရနိုင်တာကြောင့် တစ်ဦးဖြစ်လာရင် ကျန်မိသားစုများပါ မလွဲမသွေ ကူးစက်ခံရမှာကို စိုးရိမ်ရတဲ့အချက်ပါ။

ဒါ့ကြောင့် ရန်ကုန်သူ ရန်ကုန်သားများအားလုံး အခုအချိန်မှာ ကိုဗစ်နဲ့ပတ်သက်တဲ့ သတ်မှတ်ညွှန်ကြားချက်တွေ၊ လိုက်နာရမယ့် စည်းကမ်းတွေကို အရင်ကထက် ပိုမိုပြီး လိုက်နာထိန်းသိမ်းရင်းဖြင့် ရန်ကုန်မြို့ကြီးကို ကာကွယ်စောင့်ရှောက်ကြပါစို့။ ။



ဓာတ်ပုံ -ထင်ပေါ်ဝင်း

# ကိုရိုနာ၏ တစ်ကျော့ပြန်သက်ရောက်မှုနှင့် ရန်ကုန်

ရှင်နော်

**ဤရက်ပိုင်းများအတွင်း ကောင်းကင်ယံမှ နေမင်း၏ အပူရှိန်က ရန်ကုန်မြို့အနှံ့ ဖြန့်ကြက်ထားသည်။ မြန်မာလရာသီအားဖြင့် ဝါတွင်း သုံးလ၏ အလယ်လဖြစ်သော ဝါခေါင်လအတွင်း ကျရောက်နေသော်လည်း ယခုနှစ်တွင် တစ်မူထူးခြားစွာ နေအပူရှိန်က မြင့်တက်နေသည်။ သဲသဲမဲမဲ ရွာချတတ်သော ရန်ကုန်မိုးနှင့် ချစ်ချစ်တောက်ပူပြင်းသော နေရောင်ခြည်တို့အကြားတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဟူသော ဘေးအန္တရာယ်က ထပ်ပိုးထားပြန်သည်။ တစ်ကျော့ပြန် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုက ရက်ပိုင်းများအတွင်း ရန်ကုန်မြို့တော်အနှံ့ ပျံ့နှံ့လာနေသည်။**

ဩဂုတ်လ၏ နောက်ဆုံးသီတင်းပတ်များမှစတင်ကာ ကိုဗစ်၏ ဒုတိယမြောက်ခရီးစဉ်သည် ရန်ကုန်မြို့တော်အတွင်း တစ်ဖန်ပြန်လည်ဝင်ရောက်လာသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်မှုကဖြစ်ပေါ်နေသော အခြေအနေပေါ်မူတည်ကာ ပြောင်းလဲလာသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူနာတွေ့ရှိမှုပေါ်မူတည်ကာ မြို့နယ်များအလိုက် သီးခြားခွဲကာ ဖော်ပြလာသည်။ ကိုဗစ်လူနာတင်ကားများ စုဖွဲ့သွားလာမှုကို ကြားသိပြီး ရက်ပိုင်းအတွင်း အတည်ပြုလူနာပေါင်းများစွာ တွေ့ရှိမှုသတင်းက အတည်ဖြစ်လာခဲ့သည်။

ဇွန်၊ ဇူလိုင်၊ ဩဂုတ်လဆန်းပိုင်းများတွင် တစ်စတစ်စ ပြန်လည်မြင့်တက်လာသော ရန်ကုန်မြို့၏ အများပြည်သူသွားလာမှုက ယခုရက်ပိုင်းများအတွင်း သိသိသာသာ လျော့ကျသွားသည်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ လုပ်ငန်းခွင်ဝင်ရန် ရောက်ရှိနေသော လူတန်းစားအသီးသီးမှာ စိုးရိမ်ကြောင့်ကြစိတ်ကြီးမားလာသည်။ အခြေခံပညာ ကျောင်းသားကျောင်းသူလေးများ ပညာရေးအဆက်မပြတ်စေလိုသော ရည်ရွယ်ချက်ဖြင့် အတန်းအလိုက် ပြန်လည်ဖွင့်လှစ်ပေးနေသော ကျောင်းများအား ယာယီပြန်လည်ပိတ်လိုက်ရသည်။ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် အချို့သောမြို့နယ်များကို အိမ်တွင်နေထိုင်ရေးအစီအစဉ် ပြန်လည်စတင်သည်။

စုံစမ်းမိသမျှ သတင်းများအရ မြို့တော်ရန်ကုန်တွင် အသွားအလာကန့်သတ်စောင့်ကြည့်စခန်းများ ထပ်မံလိုအပ်လာမည်ဖြစ်ကြောင်း သိရသည်။ နေရပ်ပြန်များအား ကန့်သတ်ထိန်းချုပ်စောင့်ကြည့်ပေးနေသော လက်ခံရေးစခန်းများတွင် အသစ်ရောက်ရှိသည့် လူဦးရေက တစ်နေ့ထက်တစ်နေ့ များပြားလာနေသည်။ နေရပ်ပြန်များထဲတွင် အလုပ်အကိုင်ကြောင့် ပြန်လည်ဝင်ရောက်လာသူများရှိသလို သက်ကြီးမိဘဘိုးဘွားများ၏ စိတ်ခံစားခွင့်အား အခြေအနေပေါ်မူတည်ကာ ပြန်လည်ဝင်ရောက်လာသူများလည်း ရှိသည်။

" ဒီအချိန်မှာ အေးဂျင့်အနေနဲ့ သွားရေးလာရေးစီစဉ်ပေးဖို့က လွယ်တာမဟုတ်ဘူး။ အိမ်မှာက အဖေရော အမေရောက အသက် ၇၀ ကျော်တွေ။ သူတို့အတွက် စိတ်ပူလို့ပြန်လာတာလည်းပါတယ်" ဟု ကော့သောင်းတွင် အသွားအလာကန့်သတ် စောင့်ကြည့်ရေးဝင်နေသူ ရန်ကုန်မြို့ခံတစ်ဦးက ပြောသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့အချက်တွေကို နားထောင်ဖို့လိုတယ်။ ပြည်သူက ပြောစကားနားမထောင်ရင် ဘာမှလုပ်လို့မရဘူး။ အခုက ဆက်စပ်၊ ထိတွေ့တွေကို လိုက်နေရတာပေါ့။ အထူးသဖြင့် ရခိုင်ပြည်နယ်က ပြန်လာသူတွေဆိုရင် သူတို့နည်း သူတို့ဟန်နဲ့ ပုန်းတာပေါ့။ ပုန်းတယ်ဆိုတာက ရောဂါကို ကြောက်လို့ပုန်းတာပါ။ ဒါတောင် သူတို့က ရောဂါသံသယအဆင့်ပဲ ရှိသေးတာ။ ဘယ်မှမသွား မလာရတော့ဘူး ဆိုတဲ့အသိနဲ့ ကြောက်လန့်ပြီး ပုန်းတာ။ ဘာမှ သတင်းမပို့တာ။ သူ့အနားက ဖွတာတွေအပေါ် အကြောက်လွန်သွားတာတွေပါတယ်"**

ရန်ကုန်မြို့တော်အတွင်း ကူးစက်ရောဂါပိုးတွေ့ရှိမှုက ခပ်စိတ်စိတ်ဖြစ်လာသောကြောင့် လာမည့်သီတင်းနှစ်ပတ်ခန့်အတွင်း ပိုးတွေ့လူနာ များပြားလာမည်ကို စိုးရိမ်နေကြသည်။ အသွားအလာ ကန့်သတ်စောင့်ကြည့်မှုခံယူရန် ပျက်ကွက်သူအချို့မှာ ပတ်ဝန်းကျင်၏ စိတ်ခံစားပျက်ပြားစေရန် လှုံ့ဆော်မှုများကြောင့်ဖြစ်သည်ဟု ကိုဗစ်ထိန်းချုပ်ရေးအတွက် မေတ္တာဖြင့် ဆောင်ရွက်ပေးနေသူတစ်ဦးက ဆိုသည်။

"အဓိကက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့အချက်တွေကို နားထောင်ဖို့လိုတယ်။ ပြည်သူက ပြောစကားနားမထောင်ရင် ဘာမှလုပ်လို့မရဘူး။ အခုက ဆက်စပ်၊ ထိတွေ့တွေကို လိုက်နေရတာပေါ့။ အထူးသဖြင့် ရခိုင်ပြည်နယ်က ပြန်လာသူတွေဆိုရင် သူတို့နည်း သူတို့ဟန်နဲ့ ပုန်းတာပေါ့။ ပုန်းတယ်ဆိုတာက ရောဂါကို ကြောက်လို့ပုန်းတာပါ။ ဒါတောင် သူတို့က ရောဂါသံသယအဆင့်ပဲရှိသေးတာ။ ဘယ်မှမသွား မလာရတော့ဘူးဆိုတဲ့အသိနဲ့ ကြောက်လန့်ပြီး ပုန်းတာ။ ဘာမှ သတင်းမပို့ တာ။ သူ့အနားက ဖွတာတွေအပေါ် အကြောက်လွန်သွားတာတွေပါတယ်" ဟု ရန်ကုန်မြို့ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ တာဝန်ခံတစ်ဦးက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအား ထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များက မှော်ဘီ၊ ကမာရွတ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ တာမွေ၊ ဇဟန်းတို့၌ ဖွင့်လှစ်ထားသော ကေတီဗွီ၊ ညကလပ်၊ ဘားနှင့် အနှိပ်ခန်းများအား ဝင်ရောက်စစ်ဆေးပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အမှုဖွင့်အရေးယူခဲ့ရသည့်အပြင် ညမထွက်ရအမိန့် ဖောက်ဖျက်ကျူးလွန်သူ၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရာဇသတ်ကြီးဥပဒေပုဒ်မဖြင့် အရေးယူခဲ့ရသည်။

ရပ်တန့်နေသော ရန်ကုန်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြန်လည်အားယူရန် အစပျိုးနေချိန်၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရန် ပြင်ဆင်နေချိန်၊ အဓိကလမ်းမကြီးများ လူစည်ကားစပြုနေချိန်တွင် ကူးစက်ရောဂါဆိုး ကိုဗစ်-၁၉ က ရန်ကုန်မြို့အနှံ့ ခြေဆန့်ခရီးနှင်ပြီးဖြစ်သည်။ ထို့ကြောင့်ပင် ရန်ကုန်မြို့ရှိ နှစ်ဖက်သော အင်းလျားကန်ပေါင်တို့တွင် လူသွားလူလာ ပြန်လည်ကင်းမဲ့ခဲ့ရသည်။ ပြည်သူ့ရင်ပြင်တွင် အပန်းဖြေအနားယူသူတို့ ဆိတ်သုဉ်းခဲ့ရပြန်ချေသည်။ ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံသည် လူသွားလူလာ ခြောက်သွေ့ခဲ့ရပြန်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိတ်ဖိစီးမှုဒဏ်၊ စီးပွားရေးထိခိုက်မှုဒဏ်တို့ကို ရန်ကုန်လူထုက ကြံ့ကြံ့ခံရင်ဆိုင်နေကြသည်။ တစ်ဖန်ပြန်လည်ဦးမော့လာသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပိုးကြောင့် အလှည့်ကျ အနားယူရန်ပြင်ဆင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ အများပြည်သူကျန်းမာရေးအတွက် စေတနာ၊ မေတ္တာဖြင့် ဆောင်ရွက်နေသူများမှာ ဝတ်ချင်စိတ်မရှိသော ရောဂါကာကွယ်ရေးဝတ်စုံများ ဆီသို့ လက်လှမ်းကြရပေဦးတော့မည်။ ။